
www.burmeseclassic.com

# ဝကာအောင်
# ကာ

## ကြေးစားနှင့်မိန်းမလှ

ဝပ်အင်း၏ဖုရယောင်းချီဆက်

ဒုတိယပိုင်း
ဇာတ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com

# ဝဏ္ဏအောင်

# ကြေးစားနှင့်မိန်းမလှ

(ဒုတိယပိုင်း–ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၂၃၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၆၅၀၁၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်ထွန်းမြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



## ထိပ်တိုက်တိုးမိခြင်း

လရောင်အောက်တွင် လူနှစ်ယောက် မြင်းနှစ်ကောင်နှင့် ခရီးနှင်လျက်ရှိသည်။

မြင်းပေါ်မှလူနှစ်ယောက်ကား ....

မုံလူနှင့် ကျင်းလျှံတို့ပင်ဖြစ်ကြပေသည်။

သူတို့သည် အတွေးကိုယ်စီဖြင့် တိတ်ဆိတ်စွာ ခရီးနှင်ခဲ့ကြရာ တောအုပ်လေးတစ်ခုသို့အရောက်တွင် မြင်းစီးသမားအုပ်စုတစ်စုနှင့် မမျှော်လင့်ဘဲ ပက်ပင်းတိုးမိလေတော့၏။

ထိုအုပ်စုအား အသေအချာရေတွက်ကြည့်လိုက်သည့်အခါ စုစုပေါင်း ဆယ့်တစ်ယောက်တိတိရှိသည်ကိုတွေ့ရလေသည်။

ရှေ့ဆုံး၌ မားမားမတ်မတ်ရပ်နေသူကို ကျင်းလျှံ ကောင်းစွာ မှတ်မိလိုက်သည်။

ထို့ကြောင့် မုံလူနားသို့ကပ်ကာ အသံတိုးတိုးဖြင့် သတိပေးစကားပြောလိုက်လေသည်။

"ရှေ့ဆုံးကလူဟာ ကျောင်းဝိဖန်ဆိုတဲ့လူပဲ၊ သူက တာ[illegible]နီး

www.burmeseclassic.com

www.burmeseclassic.com



အိဂိုဏ်း၏ အမှတ်စဉ်(၅)အဆင့်မှာရှိတယ်"

မုံလှုကနားလည်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်၏။

ထိုအချိန်တွင် ထိုလူစုသည် မြင်းများပေါ်မှဆင်းကာ မုံလှုတို့ရှိရာသို့ စက်ဝိုင်းသဏ္ဌာန်ဝိုင်းပတ်၍တိုးကပ်လာကြသည်။

ရှေ့ဆုံးမှဦးဆောင်လာသည့်ကျောင်းဝိဖန်သည် ကျင်းလျှံ၏မြင်းအနီးသို့လျှောက်လာပြီး အရိုအသေပေးလိုက်သည်။

"ကျင်းလျှံ အင်မတန်သနားစရာကောင်းတဲ့ဝေါ်စွတ်ဆွေဆီ ကို အသာတကြည်နဲ့ပြန်လိုက်ခဲ့ပါလို့ ကျုပ်တောင်းပန်ပါတယ်ဗျာ"

ထိုစကားကြောင့် ကျင်းလျှံသာမက မုံလှုပါ အံ့ဩသွားမိသေးသည်။ သို့သော် ချက်ချင်းဆိုသလိုပင် ကျင်းလျှံသည် တစ်ချက်ရယ်ပြီး မြင်းပေါ်မှခုန်ဆင်းလိုက်လေ၏။

မုံလှုလည်း မြင်းပေါ်မှဆင်းကာ ကျင်းလျှံအနားတွင် ယှဉ်၍ ရပ်လိုက်သည်။

"နေစမ်းပါဦး ဝေါ်စွတ်ဆွေက သနားစရာကောင်းရအောင် ကျိုးကန်းနေလို့လား"

ကျင်းလျှံ၏စိမ်းစိမ်းကားကားစကားကြောင့် ကျောင်းဝိဖန်၏ မျက်နှာ မသာမယာဖြစ်သွားလေသည်။

"ခင်ဗျား ဒီလိုမပြောသင့်ပါဘူးဗျာ၊ သူဟာ ခင်ဗျားကြောင့် အမျိုးမျိုးစိတ်ဆင်းရဲနေရရှာတယ်၊ ဂိုဏ်းတစ်ခုလုံး ဖရိုဖရဲဖြစ်သွား ရတာတောင် သူ ခင်ဗျားကို စိတ်မဆိုးခဲ့ဘူး၊ ကောင်းကောင်းမွန်မွန် ပြန်ခေါ်လာရမယ်လို့ ကျုပ်တို့ကိုအမိန့်ပေးလိုက်တယ်၊ ဒါကြောင့်



ခင်ဗျား ကျုပ်တို့နောက်ကိုအသာတကြည်ပြန်လိုက်သင့်ပါတယ်ဗျာ"

ကျင်းလျှံ မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မကိစ္စ ကျွန်မပဲသိတယ်၊ ရှင်တို့ အနှောင့်အယှက်မပေးပါနဲ့ ကျွန်မတို့သွားပါရစေ"

ကျောင်းဝိဖန်ကစိတ်ရှည်စွာဖြင့်ပင် ....

"ခင်ဗျားလုပ်ခဲ့တဲ့ကိစ္စတွေအပေါ်မှာ ဆရာကြီးကဘာယ်လိုမှ သဘောမထားပါဘူး၊ ခင်ဗျားစိတ်ချလက်ချသာပြန်လိုက်ခဲ့ပါဗျာ"

သူသည် ထိုသို့ပြောရင်း သူ့လူများကိုအချက်ပြလိုက်ရာ အဆက်ရောင်ဝတ်ထားသောသိုင်းသမားသုံးယောက်သည် သူတို့နားသို့ ရောက်ရှိလာလေသည်။

"မင်းတို့သုံးယောက် ကျင်းလျှံကိုစောင့်ရှောက်ထားပါ"

ကျောင်းဝိဖန်သည် ထိုသို့ပြောပြီးသည်နှင့် မုံလှုဘက်သို့ လှည့်လိုက်သည်။

"မင်းက တို့ဂိုဏ်းကို အတော်လေးဒုက္ခပေးနေပါလားကွာ"

မုံလှုကတစ်ချက်မဲ့လိုက်ပြီး ....

"ခင်ဗျားစိတ်ထင်လို့ပါ"

မုံလှုထံမှထွက်ပေါ်လာသည့်ပမာမခန့်စကားသံကြောင့် ကျောင်းဝိဖန်ဒေါပွသွားသည်။

"ဘာကွ၊ ဘာပြောတယ်"

မုံလှုကတစ်ချက်မဲ့လိုက်ပြီး ....

"ရှင်းပါတယ်ဗျာ .... ကျုပ် ခင်ဗျားတို့ဂိုဏ်းကလူတွေကို

www.burmeseclassic.com



တစ်ယောက်မှလိုက်ပြီးဒုက္ခမပေးတာမဟုတ်ဘူး၊ ခင်ဗျားတို့တွေသာ ကျုပ်နောက်ကိုလိုက်ပြီးဒုက္ခပေးနေကြတာ"

ကျောင်းဝိဖန်က ကျင်းလျှံကိုလက်ညှိုးထိုးပြလိုက်ပြီး ——

"သူ့ကို မင်းကအကူအညီပေးနေတာကိုး"

မုံ့လူ ဆတ်ခနဲခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ ကျုပ်အလုပ်ကကူညီတဲ့အလုပ်ပဲ၊ ခင်ဗျား ကျုပ်ကိုပိုက်ဆံပေးရင် ခင်ဗျားကိုလဲကျုပ်ကူညီမှာပေါ့"

ကျောင်းဝိဖန်ခေါင်းညိတ်လိုက်ပြီး ....

"ကောင်းပြီ .... ဒါဆို မင်းကိုငါငွေတွေအများကြီးပေးမယ် ဘယ့်နယ်လဲ"

"ခင်ဗျားဒုက္ခရောက်နေလို့လား"

ကျောင်းဝိဖန်မှာ ထိုစကားကြောင့် ဒေါသအကြီးအကျယ်ထွက်သွားလေသည်။ သူသည် ကျင်းလျှံအားမေးငေါ့ပြကာ ....

"ဒါဆို သူက ဒုက္ခရောက်နေတဲ့လူတစ်ယောက်လို့ မင်းထင်နေတာပေါ့ ဟုတ်လား"

မုံ့လူကခပ်ချဉ်ချဉ်ဖြင့် ....

"သူ ကျုပ်ကိုငွေပေးပြီး ပျော်ပွဲစားထွက်တာတော့မဟုတ်နိုင်လောက်ပါဘူး"

ကျောင်းဝိဖန်သည် ဒေါသကိုမထိန်းနိုင်တော့ပါ။

"အခု မင်းက သူ့ကိုကူညီရုံတင်မကတော့ဘူး၊ တို့ဂိုဏ်းတစ်ခုလုံးကိုပါအံတုပြီးဖျက်နေတာနဲ့တူနေပြီ"



မုံ့လူကတည်ကြည်စွာဖြင့် ....

"အဲဒါ ခင်ဗျားမှားတာပဲ၊ အခု ခင်ဗျားတို့က ကျုပ်ကိုမတိုက်ပဲသွားခွင့်ပြုလိုက်ရင် ကျုပ်ကကော ခင်ဗျားတို့ကို ပြန်ပြီးတိုက်နေစရာလိုဦးမှာလား"

ကျောင်းဝိဖန်မှာ မည်သို့ပြုလုပ်ရမည်ကို စဉ်းစား၍မရနိုင်အောင် ဖြစ်သွားတော့သည်။ သူ့အား ပေးလိုက်သောအမိန့်မှာ ကျင်းလျှံအား ကောင်းမွန်စွာပြန်ခေါ်လာ၍ မုံ့လူအား ဖမ်းဆီး၍ရလျှင်ရ မရပါက သတ်ခဲ့ရမည်ဟုအမိန့်ချမှတ်ပေးလိုက်သည်မဟုတ်ပါလား။

ကျောင်းဝိဖန်သည် တစ်စုံတစ်ခုအားစဉ်းစားမိကာ ....

"မင်း ငါ့ကိုယုံကြည်ပြိုင်ရဲသလား"

ဟုမေးလိုက်သည်။

မုံ့လူကမဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကြောက်ရမယ့်သူ လောကမှာမမွေးသေးဘူးဗျ"

ကျောင်းဝိဖန်သည် ကျင်းလျှံကိုကြည့်လိုက်ပြန်သည်။

"ဒီမှာကျင်းလျှံ၊ ကျုပ်သူနဲ့ တစ်ယောက်ချင်းတိုက်ခိုက်မယ်၊ တကယ်လို့ ကျုပ်နိုင်ခဲ့ရင် ခင်ဗျားကျုပ်တို့နောက်ကိုအသာတကြည်လိုက်ခဲ့မှာလား"

ကျင်းလျှံက မုံ့လူအားလှည့်ကြည့်လိုက်သည်။ မုံ့လူက အတန်ကြာစဉ်းစားလိုက်ပြီး ....

"ကျုပ်ရှုံးတဲ့နောက်တော့ ခင်ဗျားတစ်ယောက်ထဲဆက်သွားလဲ အန္တရာယ်များနေမှာပဲ၊ ခင်ဗျားဆုံးဖြတ်ပြီး ကတိပေးလိုက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလျှံသည် အတန်ကြာကြာပင် စဉ်းစားနေသည်။ သူမသည် မုံ့လုံ၏သိုင်းပညာကိုယုံကြည်သည်။

သို့သော် မုံ့လုံပြောသည်ကမှန်ကန်သည်။

သူသည် မုံ့လုံကိုအားကိုး၍ခရီးသွားနေခြင်းဖြစ်သည်။

အကယ်၍ မုံ့လုံမရှိပါက သူမတစ်ယောက်တည်း ခရီးသွားရန်မဖြစ်နိုင်တော့ပါ။ အကြောင်းမူ ကြုံတွေ့ ရင်ဆိုင်ရမည့်အန္တရာယ်များကို သူမအနေဖြင့် ကာကွယ်နိုင်စွမ်းရှိမည်မဟုတ်သောကြောင့်ပင်။

ထိုသို့ဆိုလျှင် သူမသည် ကျောင်းဝိဖန်တို့နှင့်ပြန်လိုက်သွားရပေတော့မည်။ ပြန်လိုက်သွားရမည့်အတူတူ ဘာထူးတော့မည်နည်း။ ကျေကျေနပ်နပ်ပင် ကတိပေးလိုက်လေသည်။

"တကယ်လို့ ... မုံ့လုံရှုံးခဲ့ရင် ရှင်ပြောတဲ့အတိုင်း ကျွန်မပြန်လိုက်ပါ့မယ်"

✷



ကျင်းလျှံထံမှ ကတိရလိုက်သဖြင့် ကျောင်းဝိဖန်ကျေနပ်သွားသည်။ သူသည် မုံ့လုံဘက်လှည့်လိုက်ပြီး ....

"မင်းကို သိုင်းကွက်(၂၀)အတွင်းမှာမနိုင်ရင် ကျုပ်လူ့ပြည်မှာမနေတော့ဘူး"

မုံ့လုံကတစ်ချက်ပြုံးလိုက်သည်။

"ရပါတယ်၊ ကဲ .... ခင်ဗျား စတိုက်နိုင်ပါပြီ"

ကျောင်းဝိဖန်သည် မုံ့လုံအား စူးစိုက်စွာကြည့်၍ သူ၏ယာဘက်လက်ဖြင့် ကျောတွင်ပိုးထားသောဓားရှည်ကို လျှပ်တစ်ပြက်ဆွဲထုတ်လိုက်သည်။ တစ်ဆက်တည်းမှာပင် ....

"ယား ...."

တစ်ချက်မာန်သွင်းအော်ဟစ်ပြီး မုံ့လုံထံခုန်ပျံရောက်ရှိသွားကာ သူ၏ဝဲဘက်ခြေဖျားနှင့် မုံ့လုံ၏မျက်နှာအား ခတ်ထည့်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် ....

လက်ထဲမှဓားရှည်ကိုလည်း ဝှေ့ယမ်းလိုက်လေ၏။

အားမာန်အပြည့်နှင့် တစ်ဆက်တည်း သိုင်းကွက်နှစ်ကွက်ဆုတ်၍တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

မုံ့လုံသည် ကျောင်းဝိဖန်၏တိုက်ခိုက်မှုကို သတိကြီးစွာဖြင့်ရှောင်တိမ်းလိုက်နေရလေသည်။

ကျောင်းဝိဖန်သည် သူ၏တိုက်ကွက်နှစ်ကွက်အား မုံ့လုံကညီသည့်လက်နက်မျှထုတ်၍မကာကွယ်ဘဲ ....

www.burmeseclassic.com

www.burmeseclassic.com



ရှောင်တိမ်းလိုက်နိုင်သည်ကိုမြင်ရသည့်အခါ မှုံလှအား စိတ်ထဲမှကြိတ်၍ ချီးကျူးမိလိုက်လေသည်။

ကျောင်းဝိဖန်သည် သိုင်းကွက်ထုတ်၍ထပ်မံတိုက်ခိုက်လိုက်ပြန်၏။ သူသည် ညာခြေကိုဆန့်ထုတ်ပြီး မှုံလှ၏မျက်နှာဆီသို့ ဝှေ့ယမ်းလိုက်သည်။

မှုံလှကယိမ်း၍ရှောင်လိုက်သည်။

ထိုအခါ ကျောင်းဝိဖန်သည် မှုံလှ ဟန်ချက်ပျက်သွားသည်ကို အခွင့်ကောင်းယူကာ မှုံလှ၏ရင်ဘတ်ဆီသို့ ဓားဖြင့်ထိုးသွင်းလိုက်ပြန်လေသည်။

မှုံလှထိတ်ခနဲဖြစ်ကာ မျက်လုံးမျက်ဆန်ပြူးသွားလေ၏။

သို့သော် အန္တရာယ်ကြားလှုပ်ရှားလာခဲ့သူပီပီ ကျောင်းဝိဖန်၏ ဓားချက်ကို လက်မတင်လေးရှောင်ထွက်နိုင်လိုက်လေသည်။

အကယ်၍ သူသာ ဝါးတစ်ပြန်ခန့်မြောက်သွားအောင် ခုန်၍မရှောင်လိုက်နိုင်ပါက လျှင်မြန်စွာလှုပ်ရှားလိုက်သော ကျောင်းဝိဖန်၏တိုက်ကွက်အောက်၌ အသက်ပျောက်နေလောက်ပြီဖြစ်ပေသည်။

မှုံလှသည် ကျောင်းဝိဖန်နှင့်ရှစ်ပေခန့်အကွာတွင်မတ်တတ်ရပ်လျက်ပြန်ကျလာသည်။

သူ၏လက်ထဲတွင်လည်း ကျာပွတ်က အဆင်သင့်ရောက်ရှိနေပေသည်။

ကျောင်းဝိဖန်သည် မှုံလှအား မယုံကြည်နိုင်လောက်အောင် ဖြစ်သွား၏။



တိုက်ခိုက်နေရင်းမှပင် စိတ်ထဲမှစဉ်းစားမိလိုက်သည်။

"အင်း ... စွေစွန်းနဲ့လောင်ထိုက်တို့ကို အတော်ညံ့တယ်လို့ ပြောခဲ့မိတာ ငါ့အမှားပါပဲလား"

သူကိုယ်သူ ပြန်၍အပြစ်တင်လိုက်မိသည်။

သူသည် မှုံလှအား အထင်မသေးဝံ့တော့ပါ။

စိတ်ထဲ၌လည်း ....

"ဒါကြောင့်လဲ သူဟာ ဒီအလုပ်မျိုးကို သူတစ်ယောက်ထဲ ရဲရဲဝံ့ဝံ့လုပ်ကိုင်နေရဲတာပဲ"

သူသည် သိုင်းကွက်(၁၀)ကွက်ပြည့်သည့်တိုင်အောင် တိုက်ခိုက်နေသော်လည်း မှုံလှအား ဒဏ်ရာတစ်ချက်ရအောင်ပင် တိုက်ခိုက်နိုင်ခြင်းမရှိသေးသည့်အပြင် ....

မှုံလှက ပြန်လည်မတိုက်ခိုက်ဘဲ သူ၏တိုက်ကွက်များကို အေးအေးဆေးဆေးရှောင်တိမ်းနေသည့်အတွက် ဒေါသထွက်နေမိလေသည်။

ယင်းသို့ဒေါသထွက်နေခြင်းကြောင့် သူ၏တိုက်ကွက်မှာပို၍ ပြင်းထန်လာတော့မည်ကိုလည်း မှုံလှကသိထားသည်။

ထို့ကြောင့် .... မှုံလှသည် သူ့အား အနားကပ်မခံတော့ဘဲ ကျာပွတ်ကိုဝလုံးသဏ္ဌာန် ဝှေ့ယမ်း၍ ကျောင်းဝိဖန်အား လှမ်းရိုက်လိုက်လေသည်။

ကျောင်းဝိဖန်သည် မှုံလှ၏ကျာပွတ်ကို လှပစွာရှောင်တိမ်းပြီး နဂါးအမြီးဆန့်သိုင်းကွက်ဖြင့် မှုံလှထံခုန်ဝင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသိုင်းကွက်သည် ခြေထောက်နှစ်ချောင်းကို ကား၍လာရာမှ ရန်သူ၏ဦးခေါင်းအား ထိုခြေနှစ်ချောင်းဖြင့် ရုတ်တရက်ညှပ်ပြီး ခန္ဓာကိုယ်အား လှည့်လိုက်ခြင်းဖြစ်သည်။

ထိုသိုင်းကွက်ဖြင့် တိုက်ခိုက်ခံရပါက တစ်ဘက်လူမှာ လည်ပင်းပင်ပြုတ်ထွက်သွားနိုင်ပေသည်။

မှုံလူသည် ရုတ်တရက်ထိတ်လန့်သွားပြီး သူ၏ကိုယ်ခန္ဓာအား မြေပေါ်သို့ ကမန်းကတန်းပက်လက်လှန်လှဲချလိုက်ရ၏။

တစ်ဆက်တည်းပင် .... သူ၏ကျာပွတ်နှင့် ကျောင်းဝိဖန်၏ ခြေနှစ်ချောင်းအားလှမ်းရိုက်ပြီး ကျာပွတ်ကိုဆောင့်ဆွဲလိုက်သည်။

ကျောင်းဝိဖန်မှာ ခြေနှစ်ချောင်း ကျာပွတ်နှင့်ရစ်ပတ်မိပြီး ဆောင့်ဆွဲခံရကာ မှုံလူနှင့်မလှမ်းမကမ်းတွင် ဘိုင်းခနဲလဲကျသွားလေသည်။

သို့သော် ....

နှစ်ယောက်စလုံး ပြိုင်တူပင် ကပျာကယာ မတ်တတ်ရပ်ပြီး တစ်ယောက်ကိုတစ်ယောက်စိုက်ကြည့်လိုက်ကြလေ၏။

ကျောင်းဝိဖန်၏ကိုယ်ပေါ်တွင် ပင်ပန်းမှုကြောင့် ချွေးသီးချွေးပေါက်များဖြင့်စို့ရွှဲနေ၏။ မှုံလူကမူ ချွေးလည်းမစို့ ပင်ပန်းမှုလည်းမရှိဘဲ ဟန်မပျက်တိုက်ခိုက်နိုင်သည်ကိုတွေ့ရ၏။

ထို့ကြောင့် ....

မှုံလူအား စိတ်ထဲမှချီးကျူးနေမိလေသည်။

ထိုစဉ် မှုံလူကရယ်မောလျက်ပြောလိုက်သည်။



“ခင်ဗျား ကျုပ်ကိုတိုက်တာ သိုင်းကွက်ပေါင်း (၁၈)ကွက် ရှိသွားပြီ၊ ခင်ဗျား သတိထားမိရဲ့လား”

ကျောင်းဝိဖန်က မျက်နှာရှုံ့မဲ့ကာ ....

“ကျုပ်သိတယ်”

ကျောင်းဝိဖန်သည် ထိုသို့ပြောပြီးသည်နှင့် ဓားတိုတစ်လက်ကိုပါ ဝဲဘက်လက်မှကိုင်ဆောင်ကာ သူ၏အထက်မြက်ဆုံးသိုင်းကွက်ဖြစ်သော ‘ကျွဲရိုင်းချိုယမ်း’ သိုင်းကွက်ဖြင့် မှုံလူထံသို့ တရကြမ်းဝင်ရောက်တိုက်ခိုက်လေတော့၏။

သူ၏ဓားကိုင်ထားသောလက်နှစ်ဖက်သည် စကြာရဟတ်ကဲ့သို့ဝှေ့ယမ်းလည်ပတ်နေသည်။

ဓားရိပ်များဖြာထွက်နေသဖြင့် မည်သို့ခုခံကာကွယ်ရမည်ကို တွေးဆရန်ခက်ခဲလှပေသည်။

သို့သော် မှုံလူ မည်ကဲ့သို့တုံ့ပြန်လိုက်သည်မသိ။

ဓားကိုကိုင်လျက်ဝှေ့ယမ်းနေသော သူ၏လက်နှစ်ဖက်သည် ကျာပွတ်ဖြင့်ရစ်ပတ်ထားခြင်းခံနေရသည်ကို တွေ့ရလေသည်။

မှုံလူက ကျာပွတ်အား ခပ်ဆတ်ဆတ်လေးဆောင့်ဆွဲလိုက်ရာ လက်မှဓားများသည် လွင့်စဉ်သွားပြီး လက်နှစ်ဖက်စလုံးမှသွေးများ ဒီးဆင်းကျလာလေတော့သည်။

သိုင်းကွက်လည်း အကွက်(၂၀)ပြည့်သွားလေပြီ။

ကျောင်းဝိဖန်သည် မှုံလူကိုမယုံကြည်နိုင်စွာကြည့်လိုက်မိ၏။ ကြည့်နေရင်းမှပင် ....

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခါးကြားရှိ ဓားပါးလေးတစ်လက်ကိုထုတ်၍ ရုတ်ခြည်းဆိုသလို ကိုယ့်ရင်ဘတ်ပေါ် ကိုယ်ပြန်ထိုးစိုက်ချလိုက်တော့သည်။

သို့သော် ယင်းတဒဂ်အချိန်လေးမှာပင် ....

"ရှမ်း...."

မှုံ့လူ၏ကျားပွတ်သည် မြွေတစ်ကောင်ပမာ လူးလွန့်ဝေ့ယမ်းလာကာ ဓားပါးလေးအားရိုက်ခတ်သွားလေ၏။

ကျောင်းဝိဖန်၏ရင်ဘတ်သို့ ထိုးစိုက်ကာနီးဆဲဆဲ ဓားပါးလေးသည် ကျားပွတ်ရိုက်ချက်ကြောင့်လွင့်စဉ်ထွက်သွားလေတော့၏။

မှုံ့လူကောကျင်းလျှံပါ ကျောင်းဝိဖန်နားသို့အပြေးအလွှားရောက်ရှိလာကြသည်။

မှုံ့လူကစိတ်မကောင်းစွာဖြင့် ....

"ကျုပ်တို့ စိတ်မကောင်းအောင်မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားရဲ့သိုင်းပညာဟာအတော့်ကိုအဆင့်မြင့်ပါတယ်၊ ခင်ဗျား အခုလိုစိတ်ဓာတ်ကျဖို့ မသင့်ပါဘူး"

ကျောင်းဝိဖန်သည် မှုံ့လူအားတစ်ချက်စိုက်ကြည့်ကာ ....

"ကျုပ် ခင်ဗျားရဲ့ပညာကိုကော ခင်ဗျားရဲ့စိတ်ဓာတ်ကိုပါ လေးစားပါတယ်၊ ငေါ်စွတ်စွေပေးတဲ့အပြစ်ကို ကျုပ်ခံမယ်၊ ခင်ဗျားကိုတော့ ကျုပ်မနိုင်ပါဘူး၊ ဒါကြောင့် ခင်ဗျားတို့ သွားလိုရာသွားနိုင်ပါပြီဗျာ"

ကျောင်းဝိဖန်သည် မြတ်လုမတတ်ဖြစ်သွားသော သူ၏လက်နှစ်ဖက်ကိုငုံ့ကြည့်နေသည်။



ကျင်းလျှံက အိတ်ထဲမှသွေးတိတ်ဆေးကိုထုတ်ကာ ကျောင်းဝိဖန်လက်မှဒဏ်ရာအပေါ် ဖြူးပေးလိုက်သည်။

ကျောင်းဝိဖန်က ကျင်းလျှံအား ကျေးဇူးတင်စွာကြည့်ရင်း ....

"ကျင်းလျှံ ခင်ဗျားကိုတော့ ကျုပ်စေတနာနဲ့ပြောပါရစေ၊ ကျုပ်တို့ဆရာငေါ်စွတ်စွေက ခင်ဗျားအပေါ် အကုန်ခွင့်လွှတ်ထားပါတယ်၊ သူ့ဆီ ခင်ဗျားပြန်သွားခဲ့ရင် သူကဝမ်းပန်းတသာကြိုဆိုမှာပါ၊ ဒါပေမယ့် ခင်ဗျားသွားချင်တဲ့ခရီးကိုတော့ ကျုပ်မတားပါဘူး"

"ကျေးဇူးတင်ပါတယ်ရှင် .... ကျွန်မတို့ကို ခရီးဆက်ဖို့ ခွင့်ပြုပါဦး"

ပြောပြောဆိုဆိုပင် ကျင်းလျှံသည် မြင်းပေါ်ပြန်တက်လိုက်၏။ ထိုအခါ မှုံ့လူလည်း မြင်းပေါ်ပြန်တက်လိုက်သည်။

ထို့နောက် .... နှစ်ယောက်သား မြင်းကို ဒုန်းစိုင်းမောင်း၍ ထွက်ခွာသွားလေတော့၏။

✵

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်တောင်တန်းကြီး ....

ထိုခြသေ့်တောင်တန်းကြီး၏ခြေရင်းတွင် ရွာလေးတစ်ရွာ တည်ရှိနေလေသည်။ ထိုရွာသည် သိပ်ပြီးမစည်ကားလှသော်လည်း အိမ်ခြေကမူ အတော်ပင်များပြားလှပေသည်။

ထိုရွာလေးမှာ ကျားချောင်းရွာဟူ၍အမည်တွင်၏။

ထိုသို့ အမည်တွင်နေခြင်းမှာ ရှေးယခင်က ခြသေ့်တောင် ပေါ်မှကျားများသည် မကြာခဏဆိုသလိုပင် တောင်အောက်သို့ဆင်း၍ ထိုရွာလေးအား အန္တရာယ်ပြုနေသဖြင့် ရွာမှလူများသည် စုပေါင်း၍ ကျားကို ချောင်း၍ဖမ်းဆီးခဲ့ကြရ၏။

ထို့ကြောင့် .... ကျားချောင်းရွာဟူ၍အမည် တွင်ခဲ့ခြင်းဖြစ် ကြောင်း ရှေးလူကြီးများ၏အဆိုအရ သိရှိရလေသည်။

ယခုအခါတွင်မူ ထိုတောင်ပေါ်၌ ကျားကောခြသေ့်ပါ မရှိ လောက်ဖြစ်နေလေပြီ။ ထို့ကြောင့်လည်း များစွာသော သိုင်းသမား ကောင်းတို့သည် ထိုတောင်ပေါ်သို့လာရောက်၍ သိုင်းပညာများ သင် ယူလေ့ကျင့်ကြသည်ဟုအဆိုရှိလေသည်။

သို့ဖြစ်ရာ ဤခြသေ့်တောင်သည် ထိပ်တန်းသိုင်းဆရာကြီး များစုဝေးရာနေရာဌာနတစ်ခုဖြစ်သည်ဟုမှတ်ယူနိုင်ပေသည်။

✷



ကောင်းကင်ပြင် လမင်းကြီးထိန်ထိန်သာနေသည်။

ကျားချောင်းရွာရှိတည်းခိုခန်းတစ်ခုသည် လရောင်အောက် တွင်ငြိမ်သက်တိတ်ဆိတ်လျက်ရှိနေ၏။

တစ်ခါတစ်ရံတွင် ....

ပန်းရနံ့များ သယ်ဆောင်လာသည့်လေပြည်လေညှင်းများ ဝေ့ယမ်းတိုက်ခတ်သွားသဖြင့် သစ်ကိုင်းသစ်ရွက်များအချင်းချင်း ထိခိုက်မိကာ ရှဲခနဲမြည်သံများထွက်ပေါ်လာတတ်သည်။

ထိုမှအပ တိတ်ဆိတ်မြဲ ပြန်လည်တိတ်ဆိတ်သွားလေ၏။

ထိုတည်းခိုခန်း၏ဥယျာဉ်ခြံဝင်းအတွင်းတွင် လူနှစ်ယောက် သည် ပခုံးချင်းယှဉ်လျက် အေးဆေးစွာဖြင့်ထိုင်နေကြသည်ကို တွေ့ မြင်နိုင်ပေသည်။

ထိုသူနှစ်ယောက်ကား မှုံလူနှင့်ကျင်းလျှံတို့ဖြစ်ကြသည်။

သူတို့နှစ်ယောက်သည် တစ်လမ်းလုံးပင်ပန်းခဲ့သမျှ တည်းခို ခန်းသို့ရောက်မှပင် ရေမိုးချိုးစားသောက်ပြီး ယခုကဲ့သို့ ဥယျာဉ်ထဲဆင်း ကာ ဆေးဆေးစွာအပန်းဖြေအနားယူနိုင်ခြင်းဖြစ်လေသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်နေ၏။ လရောင်ဆမ်းသောညလေးသည် သာယာကြည်နူးဖွယ်ကောင်းနေပေ၏။

မုံ့လှူနှင့်ကျင်းလျှံတို့ ပန်းချုံတစ်ခုအနီးရှိ ခုံတန်းလျားလေးတွင်ထိုင်ကာ ပင်ပန်းခဲ့သမျှ အနားယူလျက်ရှိနေကြသည်။

ခဏအကြာတွင် ....

မုံ့လှူက တိတ်ဆိတ်ခြင်းကိုစတင်ဖြိုခွင်းလိုက်သည်။

"ကျင်းလျှံ ...."

မုံ့လှူ၏ခေါ်သံကြောင့် ကျင်းလျှံကမုံ့လှူဘက်သို့လှည့်ကြည့်လိုက်၏။

"ရှင် ဘာပြောချင်လို့လဲအစ်ကို"

မုံ့လှူက စဉ်းစဉ်းစားစားဖြင့် ....

"ကျောင်းဝိဖန်ဟာ လူတော်လူကောင်းတစ်ယောက်ပါ ...ကို ဝေါ်စွတ်စွေကဘယ်လိုအပြစ်ပေးမလဲမသိဘူးနော်"

ကျင်းလျှံက မုံ့လှူကိုဆတ်ခနဲလှည့်ကြည့်ကာ ....

"ကျွန်မ ပိုပြီးအံ့ဩနေတာက ကျောင်းဝိဖန်လိုလူကိုတော...မှ အစ်ကိုက ချွေးမထွက်ဘဲ အနိုင်ယူနိုင်တာကို ကျွန်မပိုပြီး အံ့ဩနေတယ်"

မုံ့လှူက ရယ်မောလိုက်ပြီး အမှန်အတိုင်းဝန်ခံလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်အမှန်အတိုင်းပြောရမှာဖြင့် ...."

မုံ့လှူက သူ့စကားကိုဆက်မပြောဘဲ ....



ရပ်ထားလိုက်သဖြင့် ကျင်းလျှံက ....

"ပြောလေအစ်ကို .... ဘာဖြစ်သလဲ"

မုံ့လှူက ကျင်းလျှံကိုစူးစိုက်ကြည့်လိုက်သည်။

"ကျုပ်ဟာ တာဝန်ဝတ္တရားအရမဟုတ်တော့ဘဲ ညီမနဲ့ပတ်သက်လာရင် အသက်နဲ့လဲပြီး ကာကွယ်ချင်တဲ့စိတ် ပေါ်ပေါက်လာတော့ အနိုင်ရအောင်တိုက်ရတာပေါ့"

ကျင်းလျှံ၏ခန္ဓာကိုယ်သည် ဆတ်ခနဲတုန်ခါသွားသည်။

သူမ၏နီရဲသွားသောမျက်နှာကို မုံ့လှူကလရောင်အောက်မှာ...မြင်လိုက်ရ၏။ ကျင်းလျှံသည် မုံ့လှူ၏ယောက်ျားပီသပြီး ချောမောခန့်...ညားလှသည့်မျက်နှာကိုမသိမသာကြည့်မိရင်း သက်ပြင်းတစ်ချက်...လိုက်မိလေသည်။

"ကျွန်မ ဘဝဟာ အစ်ကိုနဲ့အရင်စတွေ့ရရင် ဘယ်လောက်...ကောင်းမလဲကွယ်"

ဟု စိတ်ထဲမှညည်းညူမိလိုက်လေသည်။

မုံ့လှူက သူမ၏မျက်နှာအား တစ်ချက် စူးစိုက်ကြည့်လိုက်...နေသည်။

"ဝေါ်စွတ်စွေဟာ ညီမကို ဒုက္ခပေးမယ့်လူတစ်ယောက်မ...ဟုတ်ဘူးဆိုတာကိုတော့ ကျုပ်ပြောရဲတယ်"

ကျင်းလျှံမျက်မှောင်ကုပ်သွားသည်။

"အစ်ကိုက ဘာသိလို့လဲ"

မုံ့လှူကစဉ်းစဉ်းစားစားဖြင့် ....

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဝိဖန်ဟာ ရိုးရိုးသားသားစကားကို ပြောသွားတယ်လို့ပဲ ကျုပ်ထင်တယ်"

ကျင်းလျှံက သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ကျွန်မရဲ့ဘဝအမှန်ကိုသိရင် အစ်ကိုဝေဖန်လို့ရမှာပါ"

"ညီမက လိုလိုလားလားပြောပြရင်တော့ကောင်းတာပေါ့"

ကျင်းလျှံသည်တစ်ချက်စဉ်းစားလိုက်ပြီး ....

"အစ်ကို ဘာတွေသိချင်လဲ ပြောပါ၊ ကျွန်မ အမှန်အတိုင်း အစ်ကိုကိုပြောပြပါမယ်"

✵



မှုံလူသည် သူမေးမည့်စကားကို မေးသင့်မမေးသင့် အတန်ကြာအောင်ပင် စဉ်းစားနေသည်။

"ဟိုနေ့က ညီမပြောပြတဲ့အထဲမှာ ပိဆင်းရိက အဘိုးအို လင်မယားကိုလွှတ်လိုက်ပြီး ညီမကိုသတ်မယ်လို့ပြောတယ်မဟုတ်လား"

ကျင်းလျှံက သတိရသွားဟန်ဖြင့်ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ အစ်ကိုကို ကျွန်မ တိုတိုနဲ့လိုရင်းကိုပဲပြောပြမယ်၊ ပိဆင်းရိဟာ အဘိုးအိုလင်မယားကိုလွှတ်ပြီးတဲ့နောက် ကျွန်မကိုမသတ်ပါဘူး၊ သူ့ရဲ့ဇနီးအဖြစ် အတင်းအဓမ္မသိမ်းပိုက်လိုက်ပါတယ်၊ ညီမဟာ သူနဲ့တစ်နှစ်နီးပါးလောက်နေခဲ့ရပြီး တစ်နေ့ သူ့အလစ်မှာ ကျွန်မ သူ့ဆီကနေထွက်ပြေးတော့တာပါပဲ"

မှုံလူကခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

ကျင်းလျှံကဆက်ပြောသည်။

"အဲဒီလို မြင်းတစ်ကောင်နဲ့ထွက်ပြေးနေရာက လေးရက်လောက်ကြာတဲ့အခါ ခိုင်ဖုန်းမြို့နဲ့ မနီးမဝေးတောကြီးထဲမှာ လူတစ်ယောက်အပြင်းအထန်ဖျားပြီး လဲနေတာကိုတွေ့ရတာနဲ့ အဲဒီလူကို ကျွန်မက ပါသမျှဆေးဝါးတွေနဲ့အစွမ်းကုန်ပြုစုပေးခဲ့မိတယ်၊ အဲဒီလူဟာ သုံးရက်လောက်အကြာမှာပြန်ကောင်းသွားပြီး ကျွန်မကိုကျေးဇူးဆပ်လွန်းလို့ သူ့ဆီကိုလိုက်ခဲ့ပါ၊ ကျေးဇူးဆပ်ပါရစေဆိုတာနဲ့ ကျွန်မ သူ့နောက်ကိုလိုက်သွားခဲ့ပါတယ်"

မှုံလူခေါင်းညိတ်လိုက်ပြန်သည်။

"အဲဒီလူကြီးကဘယ်သူလဲ သိလား"

www.burmeseclassic.com

www.burmeseclassic.com



မုံလူ ခေါင်းခါယမ်းပြလိုက်သည်။

"ညီမ ဆက်ပြောမှသိမှာပေါ့"

ဒေါသဖြစ်လာဟန်ဖြင့် ကျင်းလျှံ၏မျက်နှာနီရဲလာပြီး ....

"အဲဒီလူဟာဝေါ့စွတ်စွေပဲပေါ့"

မုံလူ၏မျက်လုံးနှစ်ဖက် အပေါ်သို့မြင့်တက်သွားလေသည်။

"ဪ .... ညီမကူညီခဲ့တဲ့လူက သူဖြစ်နေတာကိုး၊ အင်း ဆက်ပြောပါဦး"

ကျင်းလျှံက သက်ပြင်းတစ်ချက်ချပြီးစကားဆက်လိုက်၏။

"ကျွန်မ သူ့ရဲ့ခမ်းနားလှတဲ့အိမ်ကိုတွေ့ရတဲ့အခါ အတော့်ကို အံ့ဩသွားမိတယ်၊ သူက ကျွန်မအကြောင်းကိုမေးတဲ့အခါ ကျွန်မက ဒုက္ခသည်တစ်ယောက်ဆိုတာလောက်ပဲဖြေခဲ့တယ်၊ သူကလဲ ကျွန်မကိုသူ့ရဲ့ကျေးဇူးရှင်ဆိုပြီး အတင်းပဲလက်ထပ်ခွင့်တောင်းတော့ ကျွန်မလဲ ဘာမှမစဉ်းစားတော့ဘဲ လက်ခံသဘောတူလိုက်မိတယ်"

ထိုအခါ မုံလူကစဉ်းစဉ်းစားစားဖြင့် ....

"သူမှာ ပထမမိန်းမရှိသလား"

ကျင်းလျှံခေါင်းညိတ်လိုက်သည်။

"ရှိတယ်၊ ကျွန်မ မြသနာဟာ သူနဲ့စတာပါပဲ၊ သူ့မိန်းမက လူမမာသည်တစ်ယောက်ပါ။ ဒါကြောင့် ကျွန်မကို ဝေါ့စွတ်စွေက အရမ်းကိုအရေးပေးခဲ့တယ်လေ၊ ဒီလိုနဲ့ တစ်နှစ်ကျော်ကျော်ကြာလာတဲ့အချိန်မှာ သူ့မိန်းမဟာ မခံမရပ်နိုင်အောင်ဖြစ်လာပြီး ကျွန်မနေတဲ့ အိမ်ပေါ်မှာ ကျွန်မကို လာလုပ်ကြံတော့တာပါပဲ၊ ကျွန်မ ပြန်ခုခံရင်း



လက်လွန်သွားတယ်၊ သူဟာ ကျွန်မထိုးလိုက်တဲ့ဓားတန်းလန်းနဲ့ ဝေါ့စွတ်စွေဆီရောက်အောင်သွားခဲ့တယ်"

ကျင်းလျှံသည် ပြောနေရာမှဝမ်းနည်းလာပုံရသည်။

အသံပင်တုန်ယင်လာသည်။

ခဏကြာမှ သူမကဆက်ပြောသည်။

"ကျွန်မလဲ ဝေါ့စွတ်စွေကို အဖြစ်မှန်ပြောပြဖို့လိုက်သွားခဲ့တယ်၊ အဲဒီအခါမှာ သူဟာဝေါ့စွတ်စွေရဲ့ရင်ခွင်ထဲရောက်နေပြီ၊ အသက်မပျောက်သေးဘူး၊ သူ ဘာပြောလိုက်သလဲတော့မသိဘူး၊ ဝေါ့စွတ်စွေက မျက်ထောင့်နီကြီးနဲ့ ကြိမ်းဝါးလိုက်တယ်၊ အဲဒီအသံ ကျွန်မနားထဲမှာ အခုထိကြားယောင်နေတုန်းပဲ"

မုံလူ မျက်မှောင်ကုပ်သွားသည်။

"သူက ဘယ်လိုကြိမ်းဝါးလိုက်တာလဲ"

ကျင်းလျှံက ပြောပြလိုက်သည်။

"မင်းသေသလို သူလဲသေရအောင် ငါသတ်ပြပါ့မယ်၊ မင်း စိတ်ကျေနပ်ပါကွာတဲ့၊ ကျွန်မလဲ အသည်းတွေရင်တွေတုန်ပြီး အိမ်ထဲ ဆောင် မဝင်ရဲတော့ဘဲ ချက်ချင်းထွက်ပြေးခဲ့ရတော့တာပဲ"

ဝန်းကျင်တစ်ခုလုံးသည် အတန်ကြာအောင်ပင် တိတ်ဆိတ်သွားတော့သည်။

လရောက်အောက်ဝယ် လူသားနှစ်ယောက်သည် အတွေးကိုယ်စီဖြင့် ရှိနေကြလေသည်။

အတန်ကြာမှ ကျင်းလျှံကသတိပြန်ဝင်လာပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အစ်ကိုစဉ်းစားပေါ့၊ ကျွန်မကိုခွင့်လွှတ်ဖို့ပြန်ခေါ်တာလား၊ သတ်ချင်လို့ပြန်ခေါ်တာလားဆိုတာ"

မုံ့လှက စဉ်းစဉ်းစားစားဖြင့် ....

"တကယ်လို့ ညီမကိုသတ်ချင့်ရင် သူလူတွေကို ဖြစ်တဲ့နည်းနဲ့တိုက်ခိုက်သတ်ဖြတ်ဖို့အမိန့်ပေးလိုက်ရင်လဲ ရတာပဲ၊ အခုတော့"

ကျင်းလျှံက စကားကိုဖြတ်ပြောလိုက်သည်။

"အစ်ကို့ကိုပြောရဦးမယ်၊ ဝေါစွတ်စွေဟာ သူမုန်းတီးတဲ့ရန်သူဆိုရင် သူကိုယ်တိုင်အေးအေးဆေးဆေးသတ်ရမှ ကျေနပ်မှာတယ်ဆိုတာ တာ့စန်းအိဂိုဏ်းမှာရှိတဲ့လူအားလုံးက သိထားကြတယ်၊ အဲဒါကိုကော အစ်ကိုသိသလား"

မုံ့လှက ကျင်းလျှံအားကြည့်ကာ ခေါင်းတွင်တွင်ခါယမ်းလိုက်လေသည်။

"အဲဒါတော့ အစ်ကိုလဲမသိဘူးညီမရယ်"

✱



ခိုင်ဖုန်းမြို့ရှိ တာ့စန်းအိဂိုဏ်းကြီးတည်ရှိရာ အဆောက်အအုံကြီးသည် မီးများဖြင့်ထိန်ထိန်လင်းနေသည်။ ဂိုဏ်းချုပ်ကြီးဝေါစွတ်စွေသည် လက်နှစ်ဖက်နောက်ပစ်လျက် ပြတင်းပေါက်နှင့်စားပွဲရှည်ကြီးအကြား ခေါက်တုံ့ခေါက်ပြန်လျှောက်နေလေသည်။

သူ၏အစ်ကိုဖြစ်သူ ဝေါစွတ်ကျန်သည် စားပွဲရှည်ကြီးထိပ်ရှိကုလားထိုင်တစ်လုံးတွင်ထိုင်နေ၏။

သူ၏မျက်နှာတွင် ဒေါသရောင်များလွှမ်းမိုးနေသည်။

စားပွဲရှေ့တစ်နေရာတွင် လူတစ်ယောက်ခေါင်းငုံ့ပြီး မတ်တတ်ရပ်နေသည်။

ထိုသူကား အမှတ်စဉ်(၅) သိုင်းသမားကျောင်းဝိဖန်ပင်ဖြစ်လေသည်။ ဝေါစွတ်စွေသည် ခေါက်တုံ့ခေါက်ပြန်လျှောက်နေရာမှရပ်တန့်ပြီး ကျောင်းဝိဖန်အားကြည့်လိုက်လေသည်။

ထို့နောက် မခံချိမခံသာလေသံဖြင့် ....

"မင်းက တစ်ယောက်ချင်းယှဉ်ပြိုင်တာ မနိုင်လို့ အရှုံးပေးခဲ့ရတယ်ဆိုပါတော့"

ကျောင်းဝိဖန်က မျက်နှာမသာမယာဖြင့် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဆရာကြီး"

ဝေါစွတ်စွေသည် ဒေါသတကြီးဖြစ်ကာ ....

"ဒါတောင် မင်းရဲ့မျက်နှာကို ငါ့ရှေ့လာပြဖို့သေးသလား၊ မင်းအပြစ် မင်းဟာမင်း စီရင်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုသို့ပြောပြီးသည်နှင့် တစ်ဘက်သို့လျှောက်သွားကာ ပြတင်းပေါက်မှတဆင့် အပြင်သို့ ငေးမောကြည့်နေလိုက်သည်။ ကျောင်းဝိဖန်သည် ရုတ်တရက် ဓားတစ်လက်ကိုဆွဲထုတ်ပြီး ဝမ်းဗိုက်သို့ ထိုးစိုက်ချလိုက်လေတော့သည်။

ထိုအခြင်းအရာကိုသိနေသောဒေါ်စွတ်ကျန်က အချိန်မီ ဓားကိုလုယူပြီး ကျောင်းဝိဖန်အား အခန်းအပြင်သို့ထွက်သွားစေလိုက်သည်။ ကျောင်းဝိဖန်သည် မျက်ရည်များကျဆင်းလျက် အပြင်သို့ထွက်သွား၏။

ထိုအခါ ဒေါ်စွတ်ကျန်က .....

"မင်းဟာ မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်လက်အောက်ငယ်သားတွေကို အခုလိုတစ်ယောက်မှမကျန်အောင် သတ်နေတော့မှာလား"

ဒေါ်စွတ်စွေအား ဒေါသတကြီးပြောလိုက်၏။

ဒေါ်စွတ်စွေကလည်း ဒေါ်စွတ်ကျန်အား ဒေါသဖြင့်လှည့်ကြည့်ကာ ....

"တကယ်တော့ ကျင်းလျှံမှာ ဘာအပြစ်မှမရှိပါဘူး၊ ကျုပ်ရဲ့ပထမ မယားကျင်ချင်းက် သူကိုသွားပြီးရန်မူလို့သာ သူကပြန်ခုခံလိုက်တာဖြစ်ရမယ်၊ နောက်ပြီး ကျင်းလျှံဟာ ကျုပ်အသက်ကို ကယ်ခဲ့ဖူးတယ်ဆိုတာ ခင်ဗျားသိထားပါ"

ဒေါ်စွတ်ကျန်က မဲ့ပြုံးပြုံးလိုက်သည်။

"အေးလေ၊ ဘာပဲဖြစ်ဖြစ် အခု ကျင်းလျှံက မင်းကိုမခင်တွယ်လို့ထွက်သွားပြီပဲ၊ မင်းက ဘာများစွဲလန်းနေရဦးမှာလဲ"



ဒေါ်စွတ်စွေက ဒေါ်စွတ်ကျန်အား စူးစိုက်ကြည့်လိုက်ပြီး

"အမှန်တော့ ကျင်းလျှံက ကျုပ်တို့ သူ့ကိုသတ်မယ်ထင်ပြီး ကြောက်လန့်တကြားနဲ့ပြေးနေတာဖြစ်မယ်၊ သူဟာ အင်မတန်သနားစရာကောင်းတဲ့မိန်းကလေးပါဗျာ"

ဒေါ်စွတ်ကျန်က မျက်နှာကိုမဲ့လိုက်ပြီး ....

"ဒါဆိုရင် ... ကျင်းလျှံကို မင်းကိုယ်တိုင်လိုက်ခေါ်ဖို့ကောင်းတယ်၊ အခုတော့ တို့မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြဿနာတွေတစ်ခုပြီးတစ်ခုတက်နေရပြီ"

ဒေါ်စွတ်စွေသည် တစ်ချက်တွေ၍စဉ်းစားလိုက်ပြီး ....

"လိုက်မယ် .... ကျုပ်ကိုယ်တိုင် မှုလူကိုသတ်ပြီး ကျင်းလျှံကိုပြန်ခေါ်ခဲ့မယ်"

ထိုအချိန်မှာပင် ....

တံခါးမှူးသည် အခန်းတွင်းသို့ဝင်ရောက်လာပြီး ....

"အပြင်မှာ ဧည့်သည်ရောက်နေပါတယ်"

ဟုပြောလိုက်လေသည်။ ဒေါ်စွတ်စွေ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ချက်ချင်းပင် အမိန့်ပေးလိုက်၏။

"အေး ... ငါတွေ့ချင်တယ်၊ ဒီထဲကိုလွှတ်လိုက်"

✱

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂူးသည် လူဆိုးဓားပြအဖွဲ့တစ်ခု၏ခေါင်းဆောင်ဖြစ်၏။

ဝေါ့စွတ်စွေအားကိုးရသော လူဆိုးဓားပြခေါင်းဆောင်တစ်ယောက်ဟုလည်းဆိုနိုင်ပေသည်။

ပေ့ဂူးသည် သူ၏နှမအား လီရောင်လုံက စော်ကားသည်ဟု အထင်မှားပြီး လီရောင်လုံ၏ဇနီးထိုက်စန်းလျှောင်အား တောထဲတွင် ဖမ်းဆီးကာ ကလဲ့စားချေရန်ကြံစည်နေစဉ်မှာပင် ....

မုံ့လူနှင့်ကျင်းလျှံတို့ကတွေ့ရှိကယ်တင်သွားသဖြင့် အကြံမအောင်ဘဲ ပျက်ပြယ်သွားခဲ့ရသည်။

ထို့ကြောင့် ... သူသည် မကျေမနပ်ဖြစ်ကာ ဝေါ့စွတ်စွေထံလာရောက်တွေ့ဆုံခြင်းဖြစ်သည်။

သူသည် မုံ့လူနှင့်ကျင်းလျှံတို့အား သူ၏အဖွဲ့နှင့်ဝိုင်းဝန်းဖမ်းဆီးပေးမည့်အကြောင်းနှင့် လီရောင်လုံတို့လင်မယားသည် ဝေါ့စွတ်စွေအလိုရှိသောမုံ့လူနှင့်ကျင်းလျှံတို့အား အကူအညီပေးနေသည့်အကြောင်းများကိုပြောဆိုရန် ရောက်ရှိလာခြင်းဖြစ်လေသည်။

ပေ့ဂူးသည် အခန်းထဲရောက်သည့်အခါ ဝေါ့စွတ်စွေအား အရိုအသေပေးလိုက်သည်။

ထို့နောက် .... သူသည် မုံ့လူနှင့်ကျင်းလျှံအား လီရောင်လုံတို့လင်မယားက အကာအကွယ်ပေးခဲ့ပုံကို သူစုံစမ်း၍သိရသလောက် ပြန်လည်ပြောပြလိုက်လေသည်။

ထိုမျှမက ဆောင်းလောင်နှင့် ယင်းဆိုင်တို့သည်လည်း မုံ့လူအား ဝိုင်းဝန်းကူညီခဲ့ကြကြောင်း .....



အကုန်အစင်ပြောပြလိုက်လေသည်။

ပေ့ဂူး၏စကားကြောင့် ဝေါ့စွတ်ကျန်မှာ မျက်နှာကြီးမည်းမှောင်သွားလေသည်။ သူသည် ဝေါ့စွတ်စွေအား လှည့်ကြည့်လိုက်၏။

ထို့နောက် ဒေါသတကြီးလေသံဖြင့် ....

"ကဲ .... ကြည့်စမ်း၊ တို့မှာ နေရင်းထိုင်ရင်း ရန်သူတွေ များလာပြီ၊ ဒါကို မင်းဘယ်လိုဖြေရှင်းဖို့စဉ်းစားထားသလဲ"

ဝေါ့စွတ်စွေကမူ အေးတိအေးစက်ပင်ဖြစ်၏။

သူ့အစ်ကိုအား ဘာမှပြန်မပြောဘဲ ပေ့ဂူးကိုလှမ်းကြည့်လိုက်သည်။

"သူတို့ အခုဘယ်ကိုရောက်နေကြပြီလဲ၊ မင်းသိသလား"

ပေ့ဂူးသည် အနည်းငယ်စဉ်းစားလိုက်၏။

ပြီးမှ ချင့်ချိန်စဉ်းစားသောလေသံဖြင့် ....

"လောလောဆယ်တော့ .... သူတို့ ခြင်္သေ့တောင်ပေါ်ကို မရောက်သေးဘူးလို့သိရပါတယ်၊ အဲဒီမှာ ကျွန်တော့်အဖွဲ့တွေရှိနေတယ်၊ မုံ့လူတို့ကိုတွေ့ရင် တိုက်ခိုက်ဖမ်းဆီးထားဖို့ ကျွန်တော့်လူတွေကို ကျွန်တော်အမိန့်ပေးထားပါတယ်"

"အေး .... ကောင်းတယ်"

ဝေါ့စွတ်စွေက ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ်လိုက် သည်။

တစ်ဆက်တည်းပင် ....

"မင်းအမြန်ပြန်သွား၊ သူတို့ကိုတွေ့ရင် မလွတ်စေနဲ့၊ ဖြစ်သလို နည်းနဲ့တိုက်ခိုက်ပြီး ရအောင်ဖမ်းထား၊ မုံ့လူ သေချင်သေပါစေ၊ အဲ

www.burmeseclassic.com



ကျင်းလျှံတော့ ဘာမှမဖြစ်စေနဲ့၊ ငါ မင်းတို့ဆီလိုက်လာမယ်"

ဖေထူးလည်းဦးညွှတ်အရိုအသေပြုကာ အခန်းထဲမှ ခပ်သုတ်သုတ်ထွက်ခွာသွားလေတော့၏။

ဝေါ်စွတ်ကျန်က မျက်မှောင်ကုပ်၍ ညီဖြစ်သူဝေါ်စွတ်စွေအား မကျေမနပ်လှမ်းကြည့်သည်။

"ဘာလဲ .... မင်းကိုယ်တိုင်သွားခေါ်တော့မယ်ပေါ့"

"ဟုတ်တယ်၊ ကျုပ်ကိုယ်တိုင်လိုက်ခေါ်မှဖြစ်တော့မယ်"

ပြောပြောဆိုဆိုပင် ဝေါ်စွတ်စွေလည်း အခန်းထဲမှထွက်ခွာသွားလေတော့၏။

✲



## ရင်တွင်းစကား

မုံလှနှင့်ကျင်းလျှံတို့ ကျားချောင်းရွာသို့ရောက်ရှိနေခဲ့ကြသည်မှာ သုံးရက်မျှရှိနေပြီဖြစ်သည်။

လောလောဆယ်တွင် ရန်သူများကို မျက်ခြည်ပြတ်ထားနိုင်ခဲ့ပြီဖြစ်၍ သူတို့သည် ထိုရွာရှိ တည်းခိုဆောင်တွင်ပင် အေးအေးလူလူ အနားယူရင်း အားမွေးနေခဲ့ကြလေသည်။

သုံးရက်မျှအနားယူလိုက်ရသဖြင့် သူတို့သည် ယခုအချိန်၌ အတော်ပင် အားအင်ပြည့်ဖြိုးလန်းဆန်းလာခဲ့ပြီဖြစ်သည်။

ထို့ကြောင့် .... နောက်တစ်နေ့နံနက်စောစောခရီးဆက်ရန် ဆုံးဖြတ်ပြီး အထုပ်အပိုးများပြင်ဆင်ကြသည်။ မြင်းများကိုလည်း အသင့်ပြင်ထားလိုက်ကြ၏။ တည်းခိုခန်းခကိုလည်း ညဦးပိုင်းကတည်းကပင် ကြိုတင်ရှင်းလင်းထားလိုက်၏။

ယင်းသို့ဖြင့် ....

နောက်တစ်နေ့ ဝေလီဝေလင်းအချိန်မှာပင် .... မုံလှတို့သည် ကျားချောင်းရွာမှ သက်တောင့်သက်သာထွက်ခွာခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းလေပြေတိုးတိုက်မှုကြောင့် ကျင်းလျှံ၏ဆံနွယ်များသည် တလူလူလွင့်လျက်ရှိသည်။ ကျင်းလျှံ၏ချစ်စဖွယ်မျက်နှာလေးသည်လည်း ခါတိုင်းနှင့်မတူ။

ယနေ့ ပို၍တက်ကြွရွှင်လန်းနေသည်ကိုတွေ့ရလေ၏။

မုံ့လူသည် ကျင်းလျှံအား စောင်းငဲ့ကြည့်ကာ ....

"တစ်နေ့ထက်တစ်နေ့ ကိုယ်သွားချင်တဲ့နေရာနဲ့ နီးလာပြီဆိုတော့ ညီမ ပျော်နေမှာပေါ့နော်"

ကျင်းလျှံက အသာငဲ့စောင်းကြည့်ကာ ....

"အစ်ကိုက ဘာကိုကြည့်ပြီးဒီလိုမေးရတာလဲ"

မုံ့လူကပြုံးရင်း ....

"ညီမမျက်နှာ ပြုံးရွှင်နေတာကိုမြင်လို့လေ"

ရယ်ရယ်ပြုံးပြုံးပြောနေရာမှ မုံ့လူ၏မျက်နှာ တစ်ချက်ညှိုးငယ်သွားသည်ကို ကျင်းလျှံ အမှတ်မထင်သတိပြုလိုက်မိသည်။

သူမ၏စိတ်ထဲ အမှန်ပင် စိတ်မကောင်းဖြစ်သွားမိလေသည်။

"အစ်ကို့စိတ်ထဲကထင်နေလို့ပါ၊ တကယ်လို့ ဒီခရီးကို အစ်ကိုနဲ့မဟုတ်ဘဲ တခြားတစ်ယောက်နဲ့သာဆိုရင် ညီမ အခုလိုပျော်နေမှာမဟုတ်ပါဘူး"

ထိုစကားကြောင့် မုံ့လူရင်ထဲ တစ်ချက်လှုပ်ရှားသွားသည်။

ကျင်းလျှံအား မျက်မှောင်ကုပ်၍ကြည့်ကာ ....

"ညီမ ဘာကိုလိုတာလဲ"

ကျင်းလျှံက ခပ်ပေါ့ပေါ့ပြုံးပြလိုက်ပြီး ....



"အစ်ကိုနဲ့ခရီးအတူသွားရတာ ပျော်တယ်လို့ပြောတာ၊ သိပြီလား"

မုံ့လူကိုယ်တိုင်လည်း ကျင်းလျှံနှင့်အတူ ခရီးသွားရသည်ကို အလွန်ပင် ပျော်နေမိသည်သာ။ သို့သော် သူ၏ဘဝပေးအခြေအနေက ပျော်ရွှင်မှုနှင့် ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်နေချေသည်။

ကျင်းလျှံသည် သူမ ပျော်ရွှင်သလို မုံ့လူလည်းပျော်ရွှင်နေလိမ့်မည်ဟုမျှော်လင့်ထား၏။

သို့ရာတွင် မုံ့လူသည် ထင်သလောက် ပျော်ရွှင်မှုမရှိသည်ကို အံ့ဩဖွယ်ရာတွေ့မြင်ရလေသည်။

ကျင်းလျှံ သည် မုံ့လူအား အတန်ကြာအောင် အကဲခတ်ကြည့်ပြီးနောက် သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

"ဒါနဲ့ အစ်ကို ဒီတစ်သက် အိမ်ထောင်ပြုဖို့ စိတ်မကူးတော့ဘူးလား"

မုံ့လူ ငိုင်သွားသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ ....

"အင်း .... ကျုပ်အတွက်တော့ အိမ်ထောင်ပြုဖို့ဆိုတာ အတော်ကြီးကိုခက်ခဲတဲ့အလုပ်တစ်ခုပဲဗျာ"

"ဟင် ဘာဖြစ်လို့လဲ"

"ကျုပ်မှာ အိမ်ထောင်ပြုလို့မဖြစ်နိုင်တဲ့ အချက်နှစ်ချက်ရှိနေတယ်လေ"

ကျင်းလျှံစိတ်ဝင်စားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအချက်တွေမို့လဲ၊ ညီမကိုပြောပြပါလား"

မှုံလှ၏မျက်နှာ လေးနက်တည်ကြည်သွားသည်။

သူသည် သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်ပြီး ....

"အင်း .... အဓိကအချက်ကတော့ ကျုပ်ဟာ ဓားသွားပေါ်မှာလမ်းလျှောက်နေရတဲ့လူမို့ပါ။ ကျုပ်ကြောင့် ကျုပ်အိမ်ထောင်ဖက်မိန်းကလေးကို ဒုက္ခမရောက်စေချင်ဘူးလေ"

ကျင်းလျှံ ခေါင်းညိတ်လိုက်သည်။

"နောက်တစ်ချက်ကကော"

"အင်း နောက်တစ်ချက်က ကျုပ်သဘောကျတဲ့မိန်းကလေးအနေနဲ့လဲ ကျုပ်ကို ဘယ်နည်းနဲ့မှပြန်ပြီးသဘောမကျနိုင်လို့ပါ"

ထိုစကားကြောင့် ကျင်းလျှံမျက်မှောင်ကုပ်သွားသည်။

"နေပါဦး .... ဘယ်လိုမိန်းကလေးမျိုးကိုများ စိတ်ဝင်စားနေမိလို့လဲ"

မှုံလှ နှုတ်ဆိတ်သွားသည်။

ကျင်းလျှံအား မချင့်မရဲတစ်ချက်လှမ်းကြည့်ပြီး သက်ပြင်းကြီးတစ်ချက်ချလိုက်မိလေသည်။

ကျင်းလျှံက သူ့ထံမှထွက်ပေါ်လာမည့်စကားကို စောင့်မျှော်နေသည်။ သို့သော် ... မှုံလှထံမှထွက်ပေါ်လာသည့်စကားသည် သူမျှော်လင့်နေသည့်စကားမဟုတ်ချေ။

မှုံလှက ပြောလက်စ စကားကိုဖြတ်ပြီး စကားလမ်းကြောင်းပြောင်းလိုက်သောကြောင့်ဖြစ်သည်။



"အင်း .... ဘာပဲဖြစ်ဖြစ် ဆင်တူးမြို့ကိုရောက်ပြီဆိုတာနဲ့ ညီမအတွက် အစစအရာရာ အားလုံးအဆင်ပြေသွားပါပြီ"

ကျင်းလျှံ မချိုပြုံးပြုံးလိုက်သည်။

"ညီမကအဆင်ပြေသွားပြီဆိုတော့ အစ်ကိုဘဝက ...."

စကားမဆုံးမီမှာပင် ... ထူးထူးခြားခြားအသံတစ်သံ ကြားလိုက်ရသဖြင့် ကျင်းလျှံမှာ စကားတစ်ကိုင်းတစ်စနှင့်ရပ်သွားသည်။

သေချာဂရုစိုက်၍နားထောင်လိုက်သည့်အခါ ထိုအသံသည် ချိုမှုတ်သံဖြစ်ကြောင်းသိလိုက်ရသည်။

မှုံလှလည်း ထိုအသံကြားသည်နှင့် ကွက်ခနဲမျက်နှာပျက်သွားရသည်။

မကြာမီ ... အန္တရာယ်တစ်ခုခုနှင့်ရင်ဆိုင်တွေ့ရတော့မည်ဖြစ်ကြောင်း ကျင်းလျှံနားလည်လိုက်သည်။

ထိုအချိန်မှာပင် .... လူအယောက်များများသည် ဟိုမှသည်မှ အလျှိုလျှိုထွက်ပေါ်လာကြလေတော့သည်။

အချို့သည် ချုံဖုတ်များကြားမှလည်းကောင်း ....

အချို့မှာ သစ်ပင်များပေါ်မှခုန်ချလာ၍လည်းကောင်း ....

အချို့ကား မျက်နှာချင်းဆိုင်မှလည်းကောင်း ....

သူတို့အား ဝိုင်းပတ်ရောက်ရှိလာကြခြင်းဖြစ်လေသည်။

မှုံလှ သေချာကြည့်လိုက်သည့်အခါ မိမိတို့အား လူနှစ်ဆယ်ခန့်က ဝိုင်းပတ်ပိတ်ဆို့ထားပြီးဖြစ်ကြောင်းတွေ့မြင်လိုက်ရလေသည်။

လှ စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ၄င်းတို့အား ဝိုင်းရံပိတ်ဆို့ထားကြသူများသည် လွန်စွာ ရက်စက်ကြမ်းကြုတ်သောဓားပြများဖြစ်ကြောင်း အကဲခတ်မိလိုက်သောကြောင့်ဖြစ်သည်။

မုံ့လူကဲ့သို့ပင် ကျင်းလှုံ့သည်း စိတ်ပျက်လက်ပျက်ဖြစ်သွားရလေတော့သည်။

✵



မုံ့လူမှာ စဉ်းစား၍မရအောင်ဖြစ်သွားသည်။

ထိုဓားပြများသည် အဘယ်အကြောင်းကြောင့် သူတို့အား ဝိုင်းရံပိတ်ဆို့ထားကြရပါသနည်း။

သူ ထိုသို့စဉ်းစားနေစဉ်မှာပင် လူနှစ်ယောက် တောအုပ်ထဲမှထွက်လာသည်ကိုတွေ့လိုက်ရလေသည်။ ထိုလူနှစ်ယောက်အား မြင်လိုက်သည်နှင့် မုံ့လူနှင့်ကျင်းလှုံ့တို့မှာ အံ့ဩထိတ်လန့်သွားကြရတော့သည်။ အကြောင်းမှာ ....

ထိုလူနှစ်ယောက်အနက် တစ်ယောက်သည် ပိဆင်းရီဖြစ်ပြီး ကျန်တစ်ယောက်မှာ လီရှောင်လုံ၏ဇနီးအား မတရား အနိုင်ကျင့်ခဲ့သည့် ပေ့ဝူးပင်ဖြစ်ပေတော့သည်။

ပေ့ဝူးသည် မုံ့လူအား စူးစိုက်စွာတစ်ချက်ကြည့်လျက် တဟားဟားရယ်ရင်း မုံ့လူ အနားသို့လျှောက်လှမ်းလာသည်။

သူ၏နောက်မှ ပိဆင်းရီက ကပ်လျက်လိုက်ပါလာ၏။

ပေ့ဝူးသည် တဟားဟားရယ်နေရာမှ ....

"ဘယ့်နှယ်လဲ လူစွမ်းကောင်းကြီး၊ မင်း အခု တို့လက်ချက်နဲ့သေရတော့မယ်ဆိုတာသိရဲ့လား၊ မကြောက်ဘူးလား"

မုံ့လူက မဲ့ပြုံးပြုံးရင်း ပြန်လည်ရယ်မောလိုက်လေသည်။

"မင်းတို့က ဘာကောင်တွေမို့ ငါ့ကိုလာပြီးခြိမ်းခြောက်နေရတာလဲ"

ပိဆင်းရီသည် ရှေ့သို့တိုးထွက်လာပြီး မုံ့လူအား စူးစိုက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှုတ်ခမ်းမဲ့ကာ ....

"မင်း ငါ့ကို ဒဏ်ရာရအောင်လုပ်နိုင်ခဲ့ပေမယ့် အခုငါ့အဖွဲ့ တွေတော့ မင်းဘာတတ်နိုင်သေးသလဲ"

မုံလူကမြင်းပေါ်မှခုန်ဆင်းလိုက်ပြီး သူ့အား ဝိုင်းပတ်ပိတ်ဆို့ ထားသူအားလုံးကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။

ပြီးနောက် ကျင်းလျှံကို မြင်းပေါ်မှဆင်းစေပြီး သူ့အနားသို့ ခေါ်ထားလိုက်လေသည်။

ကျင်းလျှံသည် ရက်စက်ကြမ်းကြုတ်သောဓားပြအုပ်စုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း အကဲခတ်မိသည်။

ထို့ကြောင့် သူမသည် ဓားရှည်တစ်လက်ကို အဆင်သင့်ကိုင် ဆောင်ထားလိုက်လေသည်။ ထိုအခြင်းအရာကိုမြင်လိုက်ရသော ပိဆင်းရီက အံတင်းတင်းတစ်ချက်ကြိတ်ပြီး ....

"မင်းက မုံလူကိုသိပ်ပြီး အားကိုးနေတယ်ပေါ့ ဟုတ်လား ဒီတစ်ခါတော့ ညာနေမှာမဟုတ်တော့ဘူး၊ မင်းကိုပါ သတ်ရလိမ့်မယ်"

ထိုစကားကြားလိုက်ရသောအခါ ပေ့ဝူးသည် ပိဆင်းရီအား လှမ်းကြည့်လိုက်ပြီး အသံတိုးတိုးဖြင့် ....

"ပိဆင်းရီ ... သတိလဲထားဦး၊ ငါတို့ရဲ့အဓိကတာဝန်က မုံလူ ကိုအသေရရအရှင်ရရတိုက်ဖို့ပဲ၊ ကျင်းလျှံကိုတော့ဒဏ်ရာလေးတောင် မရစေရဘူးလို့ ဆရာကြီးကမှာထားတယ်မဟုတ်လား"

ပိဆင်းရီသည် မကျေမနပ်ဖြင့် ကျင်းလျှံအား ကြည့်နေလေ သည်။ မုံလူက ပေ့ဝူးအား လှမ်းမေးလိုက်၏။



"ခင်ဗျား ဘာလိုချင်လို့ ကျုပ်တို့ကိုရန်ရှာရတာလဲ"

ပေ့ဝူးက ဟက်ဟက်ပက်ပက်ရယ်လိုက်သည်။

"တို့လိုချင်တာကတော့ မင်းရဲ့အသက်ရယ်၊ နောက်ပြီး ကျင်းလျှံကိုချောချောမောမောပြန်ခေါ်သွားဖို့ရယ်၊ ဒါပဲ ..."

ပေ့ဝူး၏စကားကြောင့် မုံလူအံ့သြသွားသည်။

"ကျင်းလျှံကို မင်းတို့က ဘာကိစ္စနဲ့ခေါ်ရမှာလဲ"

ပေ့ဝူးက ....

"ဝေါ်စွတ်ဇွေဟာ တို့ရဲ့ဆရာကြီးပဲ၊ သူခိုင်းတာကို တို့ လုပ် ပေးရမှာပေါ့"

မုံလူသည် ပို၍ထိတ်လန့်အံ့သြသွားရတော့၏။ သူသည် မယုံကြည်နိုင်စွာဖြင့် ပေ့ဝူးအားလှမ်းကြည့်ကာ ....

"ဒီလိုဆို မင်းတို့ဆရာကြီး ဝေါ်စွတ်ဇွေက လူဆိုးဓားပြတွေ ရဲ့ခေါင်းဆောင်ပေါ့ ဟုတ်လား"

"ဒါ မင်းထင်ချင်သလိုထင်နိုင်တယ်"

ပေ့ဝူးမှာ သိပ်စိတ်ရှည်ချင်ပုံမရတော့ပါ။

ပိဆင်းရီကကြားဖြတ်၍ ....

"ကျင်းလျှံ မင်း ဒီလောက်ဒုက္ခတွေများတဲ့နေရာမှာ မနေပါ နဲ့တော့ကွာ၊ ငါနဲ့သာ အေးအေးဆေးဆေး ပြန်လိုက်ခဲ့စမ်းပါ၊ မင်း အတွက် ငါအားလုံးတာဝန်ယူပါတယ်"

ထိုစကားကြောင့် ပေ့ဝူးမျက်လုံးပြူးသွား၏။ နားမလည် ခြင်းဟန်ဖြင့် ပိဆင်းရီအား လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစားပွဲအဖွဲ့တွင် ပေ့ဝူးက ပထမခေါင်းဆောင်ဖြစ်ပြီး ပိဆင်းရီမှာ ဒုတိယခေါင်းဆောင်ဖြစ်သည်။ ပေ့ဝူးသည် ပိဆင်းရီအား တစ်ချက်စိုက်ကြည့်လိုက်ပြီး ....

"မင်း ဘာဖြစ်လို့ ဒီစကားကိုဝင်ပြောနေရတာလဲ"

ပိဆင်းရီနှင့်ကျင်းလျှံတို့ တစ်ချိန်က မည်သို့ပတ်သက်ခဲ့ကြသည်ကို ပေ့ဝူးမသိရှိပါ။ ထို့ကြောင့် ပိဆင်းရီ၏စကားကို နားမလည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပိဆင်းရီကမျက်နှာမချိုမချဉ်နှင့် ....

"သူဟာ တစ်ချိန်တုန်းက ကျွန်တော့်မိန်းမပါ"

"ဘာ...."

ပေ့ဝူးမှာ အတော်ပင်အံ့သြသွားရလေတော့သည်။

"ဒါနဲ့ ဒီကိစ္စကို ဆရာကြီးဝေါ်စွတ်စွေသိသလား"

ပေ့ဝူးက ချင့်ချင့်ချိန်ချိန်ဖြင့်မေးလိုက်သည်။

ပိဆင်းရီက ကျင်းလျှံအား မေးငေါ့ပြလိုက်၏။

"သူပြောပြထားရင်တော့ သိမှာပေါ့"

ပေ့ဝူးက သက်ပြင်းချရင်း ....

"ဘာပဲဖြစ်ဖြစ် လောလောဆယ် ငါ့တာဝန်က ကျင်းလျှံကို ဆရာကြီးဝေါ်စွတ်စွေဆီကို အရောက်ပို့ပေးဖို့ပဲ၊ မင်းတို့ကိစ္စ မင်းတို့ဘာသာ နောက်မှရှင်း"

ပေ့ဝူးသည် ထိုသို့ပြောပြီးနောက် ကျောတွင်မိုးထားသော ဓားကိုဆွဲထုတ်ကာ မုံ့လူ၏အနီးသို့လျှောက်သွားလေသည်။



ထို့နောက် မုံ့လူ၏မျက်နှာအားစေ့စေ့ကြည့်ကာ ....

"မင်းစိတ်ကူးမလွဲပါနဲ့၊ ခုချိန်မှာ မင်းတို့နှစ်ယောက် ပေါ့ဘီတောင်ပေါ်က ပြေးလို့လွတ်မှာမဟုတ်တော့ဘူး၊ ဝေါ်စွတ်စွေရဲ့အဖွဲ့သားတွေလဲ အများကြီးရောက်နေကြပြီ"

မုံ့လူသည် ထိုစကားကြောင့် ရင်ထဲတစ်ချက်လှုပ်ရှားသွားမိသော်လည်း ဣန္ဒြေမပျက်ပင် ရယ်မောလိုက်လေသည်။

"ဘာမှရှည်ရှည်ဝေးဝေးပြောမနေစမ်းပါနဲ့၊ ခင်ဗျား အခု ကျုပ်ကိုဘာလုပ်ချင်သလဲ၊ ပြော ...."

ပေ့ဝူးက အဖွဲ့သားများအား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး ....

"ဒီမှာကြည့်စမ်း၊ ဒီလူတွေအားလုံးဟာ ငါ့ရဲ့ထိပ်သီးသိုင်းသမားတွေချည်းပဲ၊ အဲဒီတော့ မင်း ကျင်းလျှံကို အေးအေးဆေးဆေးနဲ့ ငါ့လက်ထဲအပ်ပါ၊ မင်းအတွက် သက်သက်သာသာဖြစ်အောင် ငါစဉ်းစားပေးမယ်"

မုံ့လူသည် ထိုစကားကြောင့် ဟက်ဟက်ပက်ပက် ရယ်မောမိလိုက်လေတော့သည်။ မုံ့လူ ကောင်းစွာ နားလည်သဘောပေါက်ထားသည်။

ထိုလူများသည် ကျင်းလျှံကိုတော့ မည်သည့်နည်းနှင့်မျှ ထိခိုက်အနာတရဖြစ်အောင် လုပ်ဝံ့ကြမည်မဟုတ်။

မိမိအား တိုက်ခိုက်သုတ်သင်ပြီးမှသာ ကျင်းလျှံအားဖမ်းဆီးခေါ်ဆောင်သွားကြမည့်သူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မုံ့လူအနေဖြင့် လောလောဆယ်တွင် ကျင်းလျှံအတွက် စိတ်ပူပန်ရန်မလိုချေ။ မိမိကိုယ်ကိုလုံခြုံအောင် ကာကွယ်ရန်သာလိုအပ်ကြောင်း နားလည်လိုက်၏။

သူသည် ထိုလူများအား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။ စုစုပေါင်း အယောက်နှစ်ဆယ်ခန့်ရှိ၏။ ထိုလူအားလုံး သူ့အားတစ်ပြိုင်နက်ဝင်ရောက်တိုက်ခိုက်လျှင်တော့ သူ့အတွက် အတော်ပင်အန္တရာယ်များလှသည်။

သက်စွန့်ဆံဖျား ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်သည့်တိုင် ရေရှည်တောင့်ခံနိုင်မည်မဟုတ်ချေ။

ထိုသူများကလည်း အားလုံးစုပေါင်း၍တိုက်မည့်ပုံသဏ္ဍာန်မျိုးပေါ်နေသည်။ မုံ့လူအနေဖြင့် ဘာများတတ်နိုင်ပါမည်နည်း။

ဖြစ်သည့်နည်းနှင့်ပြန်လည်တိုက်ခိုက်ရန်မှအပ အခြားမရှိတော့ပြီ။ ထိုစဉ် ကျင်းလျှံက တိုးညင်းသောလေသံဖြင့် မုံ့လူကိုပြောလိုက်သည်။

"အစ်ကို ဒီလူစုနဲ့တိုက်ရမယ်ဆိုရင် မလွယ်ဘူး။ ကျွန်မဘာဝန်ကျွန်မရှိပါစေတော့၊ အစ်ကိုအလျှော့ပေးပြီး ဒီနေရာကလွတ်အောင်သာပြေးပါတော့"

ထိုစကားသံတွင် မိမိအပေါ်ထားရှိသည့် သူမ၏စေတနာမေတ္တာများလွှမ်းခြုံနေသည်ကို မုံ့လူခံစားနားလည်လိုက်မိသည်။

ထိုစကားသည် သူ့အား ပို၍အားတက်စေသွားသည့်ကားအမှန်ပင်ဖြစ်၏။



သူသည် ကျင်းလျှံအား နှစ်သိမ့်အားပေးသောအကြည့်ဖြင့်ကြည့်၍ပြုံးပြလိုက်လေသည်။

"အစ်ကို မသေမချင်း ညီမကိုစောင့်ရှောက်သွားမှာပါ၊ ညီမကို တစ်ယောက်ထဲ ဘယ်တော့မှမထားရစ်ခဲ့ဘူး၊ ကဲ .... ညီမခဏရှောင်နေပါ"

ကျင်းလျှံက နှုတ်ခမ်းတစ်ချက်စူလိုက်ပြီး ....

"သူတို့ညီမကိုမသတ်ရဲပါဘူး၊ ညီမလဲ အစ်ကို့ဘက်က တတ်အားသရွေ့ ဝိုင်းတိုက်ပေးမယ်"

ဘေးမှနားထောင်နေသောမေ့ဂူးမှာ မျက်လုံးမျက်ဆန်ပြူးသွားပြီး ကျင်းလျှံအနားသို့တိုးသွားကာ အရိုအသေပေးလိုက်သည်။

"ဆရာကတော် .... ဆရာက အသေအချာမှာလိုက်ပါတယ်၊ ကျွန်တော်တို့ကို မခုခံဘဲ အသာတကြည်သာလိုက်ခဲ့ပါ၊ ဆရာကတော်ဘာမှမဖြစ်စေရပါဘူးဆိုတာ ကျွန်တော်တတိပေးပါတယ်"

ကျင်းလျှံကမဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မကို ဆရာကတော်လို့မခေါ်ပါနဲ့၊ ရှင်တို့ဂိုဏ်းချုပ်ကြီးဆိုလဲ ကျွန်မယောကျ်ားအဖြစ် လက်မခံနိုင်ပါဘူး"

မေ့ဂူးကလက်မလျှော့ဘဲ ....

"ဘာပဲဖြစ်နေဖြစ်နေ ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးက ဆရာကတော်အပေါ်မှာတော့ အတော့်ကိုမြတ်နိုးပါတယ်ခင်ဗျာ"

ထိုစကားကြောင့် ကျင်းလျှံတစ်ချက်ငိုင်သွားသည်။

သို့သော် စိတ်ကိုတစ်ချက်ပြန်ထိန်းလိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့တော့ ကျွန်မ သူ့မျက်နှာကို မကြည့်ချင်တော့ သူ့ဆီကနေ ထွက်ပြေးလာခဲ့ပြီပဲ၊ ပြန်လိုက်စရာအကြောင်းမရှိဘူး"

ထိုစကားကိုကြားလိုက်ရသောပိဆင်းရီက ကြားမှဖြတ်ပြော လိုက်ပြန်သည်။

"သူ့မျက်နှာမကြည့်ချင်လဲ ငါတစ်ယောက်လုံးရှိနေပါသေး တယ်ဟာ၊ စိတ်ကူးမလွဲစမ်းပါနဲ့"

မုံ့လူက ပိဆင်းရီအားလှမ်းကြည့်လိုက်မိသည်။ ထို့အ မေ့ဝူးကလည်း ပိဆင်းရီကိုမကျေမနပ်လှမ်းကြည့်ကာ ...

"မင်းဒုက္ခကလဲ တစ်မျိုးပါလား၊ ဘာလဲ မုံ့လူနဲ့အတူ နေ ချင်နေပြီလား"

မေ့ဝူးသည် ထိုသို့ပြောနေရာမှ သူ၏ဒေါသကိုမထိန်းနိုင်တော့ ဘဲ သူ့လူများကိုမျက်ရိပ်ပြလိုက်ပြီး ....

"ကဲ .... မုံ့လူ၊ မင်း ဒီလောက်တောင် ခေါင်းမာနေမှတော့ တို့ကလဲ တိုက်ရတော့မှာပေါ့"

ပြောပြောဆိုဆိုပင် မုံ့လူအား ဓားနှင့်ဝှေ့ယမ်းတိုက်ခိုက်လိုက် လေသည်။ သူ၏ငယ်သားများသည်လည်း ဝိုင်းဝန်းတိုက်ခိုက်ရန် မုံ့လူ အနီးရောက်ရှိလာကြသည်။

မုံ့လူ၏တစ်ဖက်တစ်ချက်တွင် အနီးကပ်ဆုံးရှိနေသူများမှာ ပိဆင်းရီနှင့်မေ့ဝူးတို့ဖြစ်ကြသည်။ မုံ့လူအနေဖြင့် အခက်ကြုံသွား သည်။ သူ၏ကျာပွတ်သည် အနီးကပ်ရှိနေသောရန်သူများအား တိုက် ခိုက်ရန်မဖြစ်နိုင်ချေ။



ထို့ကြောင့် သူသည် ရန်သူများ၏အလယ်မှ အတွင်းအား သုံး၍လျှပ်တစ်ပြက်ခုန်ထွက်လိုက်ရတော့၏။ မေ့ဝူးတို့ကလည်း အ လွတ်မပေးဘဲ ထက်ကြပ်ပါမကွာ သူ့နောက်သို့လိုက်ကြသည်။

မုံ့လူအကြံ့ကျက်ဖြစ်သွားသည်။

သူသည် ကျာပွတ်ကိုတရွှမ်းရွှမ်း မြည်အောင်ဝှေ့ယမ်းပြီး ရှေ့ ဆုံးမှပြေးလာသူသုံးဦးအားမညှာမတာဖြတ်ရိုက်ပြီး ကျာပွတ်ကိုဆောင့် ဆွဲလိုက်၏။

"ရှမ်း ...."

"အား ...."

ထိုလူသုံးဦးစလုံး သွေးများဖြာဆင်းသွားလေတော့သည်။ မုံ့လူ ကျေနပ်သွား၏။

ရန်သူအား ထိုသို့နည်းနည်းချင်း ခြေပြီးတိုက်ခိုက်ပါက ဘာမှ မှုစရာမလိုတော့ကြောင်း တွေးမိသောကြောင့်ဖြစ်သည်။

သို့သော် ရန်သူများ၏အခြေအနေသည် သူထင်သကဲ့သို့ ဖြစ် မလာပါ။ လူသုံးယောက်လဲကျသွားသည်နှင့် ကျန်လူများသည် ရပ်တန့် သွားပြီး သူတို့၏တိုက်ခိုက်ပုံနည်းဗျူဟာကို ပြောင်းလိုက်ခြင်းကြောင့် ဖြစ်သည်။

မေ့ဝူးသည် လက်နှစ်ဖက်စလုံး၌ ဓားရှည်ကိုကိုင်ထားပြီး သူ့ လူများအားလည်း ယခင်ပုံစံယောင်ယောင်ပင် ပြန်၍ဝိုင်းနိုင်းလိုက်ပြန် သည်။ ထိုသို့တိုက်ခိုက်နေစဉ် မုံ့လူသည် ဝန်းကျင်အား မျက်လုံးခတ် ချက်ဖြေကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပိဆင်းရီကို မတွေ့ရတော့ပေ။

ကျင်းလျှံအား သွားရောက်အန္တရာယ်ပေးမည်ကိုစိုးရိမ်သွား သည်။ သို့သော် စောစောပိုင်းက ပိဆင်းရီ၏တိုက်ခိုက်ပုံမှာ ကျင်းလျှံအားသေစေလို၍မဟုတ်ဘဲ ဖမ်းဆီးချုပ်နှောင်နိုင်ရန်အတွက်သာ တိုက်ခိုက်နေခြင်း ဖြစ်ကြောင်းသတိရမိလိုက်သဖြင့် သူ အနည်းငယ် စိတ်သက်သာရာရသွားလေသည်။

ထိုစဉ် ....

"ဗိုး ...."

"ဝှစ် ...."

လက်နက်မျိုးစုံကိုင်ထားသူတစ်စု၏တိုက်ခိုက်မှုက နေရာပေါင်းစုံမှ သူ့ထံတိုးဝင်လာလေတော့၏။

သူ အကျပ်ရိုက်သွားရတော့သည်။

သူ့အားဝိုင်းလာသူများအနက် အချို့သည် ပုဆိန်ကိုကိုင်၍ လည်းကောင်း ....

အချို့မှာ လေးနှင့်မြားကိုအသင့်ပြင်၍လည်းကောင်း — သူ့အား မလှုပ်သာအောင် ဝိုင်းပတ်တိုက်ခိုက်ကြလေသည်။ သူသည် ရန်သူများအား ပြန်လည်ခုခံတိုက်ခိုက်နေရင်းမှ ပစ်လွှင့်လာသည့်မြားတံများကိုလည်း ရှောင်တိမ်းနေရပေသည်။

သို့သော် အများနှင့်တစ်ယောက်ဖြစ်ရာ မုံ့လူမှာမည်သို့မျှ မတတ်နိုင်အောင်ဖြစ်လာလေတော့၏။ ရန်သူသည် မြားနှင့်တရစပ်ပစ်ခတ်နေသဖြင့် ထိုမြားကို သူ၏ကျာပွတ်နှင့်ဝှေ့ယမ်းဖယ်ရှားနေချိန်တွင်



ပေ့ဝူးက ဓားနှစ်လက် နှင့်အတင်းဝင်ရောက်တိုက်ခိုက်လာလေသည်။

မုံ့လူမှာ အခက်ကြုံသွားရသည်။ ပေ့ဝူးအား လှည့်၍ခုခံလိုက်လျှင် မြားက သူ့ဆီဝင်လာပေတော့မည်။

မြားကိုရှောင်တိမ်းနေပြန်ပါကလည်း ပေ့ဝူးက ဓားဖြင့်ဝင်ခုတ်တော့မည်။ မုံ့လူအတွက် တကယ့်အကျဉ်းအကျပ်ပင် ဖြစ်ပေသည်။ ထိုစဉ် ....

ပုဆိန်သမားသည် ပုဆိန်ကြီးကိုဝှေ့ယမ်းလျက် ဝင်ရောက်လာပြန်သဖြင့် မုံ့လူသည် ရှည်ရှည်ဝေးဝေး တွေးမနေနိုင်တော့ဘဲ ဘေးဘက်သို့ လျင်မြန်စွာတိမ်းရှောင်လိုက်ရလေသည်။

ထိုသို့တိမ်းရှောင်လိုက်သည်နှင့် ပေ့ဝူး၏ဓားနှစ်လက်က သူ့အားမိုး၍ တအားခုတ်လိုက်တော့၏။

မုံ့လူမှာ မျက်လုံးများ ပြာဝေသွားတော့သည်။

သည်တစ်ကြိမ်တော့ သူလုံးဝမတတ်နိုင်တော့ဟုမှတ်ယူကာ အားငယ်သွားမိ၏။

ထိုစဉ်မှာပင် ပေ့ဝူးနှင့်ပုဆိန်ကိုင်ထားသူတို့၏နဖူးတည့်တည့် အရာဝတ္ထုတစ်ခုစီ လာရောက်စိုက်ဝင်ကာ သွေးများပန်းထွက်လာည်ကိုတွေ့လိုက်ရလေတော့သည်။

မုံ့လူ သေချာကြည့်လိုက်သောအခါ အပ်အကြီးစားကဲ့သို့ အချောင်းများသည် သူတို့၏နဖူးသို့စိုက်ဝင်သွားကြခြင်းဖြစ်ပြီး ယောက်စလုံး မြေပေါ်လဲကျသွားလေသည်။

မုံ့လူက သူ့အားဝင်ရောက်ကူညီသူကို ရှာဖွေကြည့်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်စုံနှင့် မျက်နှာဖုံးတပ်ထားသောလူတစ်ယောက် [illegible] တွေ့ရသည်။

ထိုသူသည် လက်ကိုလျှင်မြန်စွာလှုပ်ရှားလျက် ရန်သူ [illegible] ကိုတိုက်ခိုက်လျက်ရှိနေလေသည်။

✱

အဖြူရောင်ဝတ်စုံနှင့်လူသည် လက်ကိုဝှေ့ယမ်းလှုပ် [illegible] လိုက်ရာ ငွေရောင်အပ်ကလေးများသည် ပျားပိတုန်းများပမာ [illegible] လေးမျက်နှာသို့ တစ်ရှိန်ထိုးလွင့်ပျံ့သွားလေသည်။

ရန်သူများသည် တစ်ရှိန်ထိုးလွင့်ပျံ့လာသည့်အပ်က [illegible] များကို မည်သို့မျှရှောင်တိမ်းနိုင်စွမ်းမရှိကြပေ။

ထို့ကြောင့် အပ်ကလေးများထိမှန်ခံရကာ တဝုန်းဝုန်း [illegible] ကုန်တော့၏။ မှုံလှမှာ တအံ့တဩဖြင့် ပါးစပ်အဟောင်းသားဖြ [illegible] ရလေသည်။

အဖြူရောင်ဝတ်စုံနှင့်လူသည် အဆိပ်အပ်လက်နက် [illegible] များပစ်ခတ်ရာ၌ လွန်စွာကျွမ်းကျင်သူဖြစ်ကြောင်း မှုံလှ နားလည်လို [illegible] သည်။

သူ၏လက်နက်မှန်းပစ်ခတ်မှုကြောင့် တဒင်္ဂအချိန်တွင် [illegible] ပင် ရန်သူများ အတုံးအရုံးလဲကျကုန်သည်မဟုတ်ပါလား။

မှုံလှသည် ကျေးဇူးတင်လွန်းသဖြင့် အဖြူရောင်ဝတ် [illegible]



မျက်နှာဖုံးတပ်ထားသူအား သွားရောက်နှုတ်ဆက်ရန် စိတ်ကူးလိုက်သည်။

ထိုအချိန်မှာပင် ထိုသူသည် အသံကျယ်လောင်စွာဖြင့် ရယ်မောရင်း အိတ်ထဲမှတစ်စုံတစ်ခုကိုနှိုက်ယူကာ မှုံလှထံသို့ပစ်လွှင့်ပေးလိုက်သည်။

မှုံလှကလည်း ထိုလူပစ်လွှင့်ပေးလိုက်သော အရာဝတ္ထုကို ဖမ်းယူ၍ကြည့်လိုက်သည်။ ထိုအရာဝတ္ထုအားသေချာမြင်တွေ့လိုက်သည့်အခါ မှုံလှ၏တစ်ကိုယ်လုံး ထိတ်လန့်အံ့ဩမှုကြောင့် တုန်ခါသွားရလေတော့သည်။

မှုံလှသည် မယုံကြည်နိုင်စွာဖြင့် ထိုလူအားလှမ်းကြည့်လိုက်ရာ အရိပ်အရောင်ကိုမျှပင် မတွေ့ရတော့ချေ။

မှုံလှသည် လက်ထဲရောက်နေသောထိုအရာဝတ္ထုကို သေချာအောင်ထပ်မံ၍ကြည့်လိုက်သည်။

သူမျက်စိအမြင် မှားခြင်းမဟုတ်ကြောင်း နားလည်လိုက်သည်။ ထိုသူပစ်လွှင့်ပေးလိုက်သည့်အရာကား ဖြူဖွေးသောပုလဲလုံးလေး တစ်လုံးပင်ဖြစ်နေပေသည်။

ထိုပုလဲလုံးကိုတွေ့မြင်လိုက်ရသည်နှင့် မှုံလှသည် အဘယ်ကြောင့် ထိတ်လန့်အံ့ဩသွားရပါသနည်း။

✱

www.burmeseclassic.com

www.burmeseclassic.com



## ပြောမယုံကြုံမှသိ

မုံလှသည် ဖြူဖွေးနေသောပုလဲလုံးလေးကို မြင်လိုက်ရသည်နှင့် တစ်စုံတစ်ခုကိုသတိရမိသွားပြီး ကမန်းကတန်းပင် အိတ်ထဲသို့ လက်နှိုက်စမ်းကြည့်မိလိုက်သည်။

သူ့အိတ်ထဲတွင်လည်း ပုလဲလုံးလေးတစ်လုံးရှိနေသည်မ ဟုတ်ပါလား။

သူသည် အိတ်ထဲမှပုလဲလုံးလေးကိုထုတ်ယူပြီး ထိုပုလဲလုံးနှင့်နှိုင်းယှဉ်ကြည့်လိုက်လေသည်။ အရည်အသွေးတူ အရွယ်တူ ပုလဲလုံးလေးနှစ်လုံးဖြစ်နေသည်ကို အံ့သြစွာတွေ့မြင်လိုက်ရလေသည်။

မုံလှသည် ထိုပုလဲနှစ်လုံးအား အိတ်ထဲသို့ လျင်မြန်စွာပြန် ထည့်ပြီး ဝန်းကျင်သို့ တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ ဤတွင် သူ၏မျက်လုံးအစုံသည် တစ်ဖန်ပြန်၍ပြူးကျယ်သွားရပြန်၏။

အကြောင်းမှာ ကျင်းလျှို၏အရိပ်အရောင်ကို လုံးဝမတွေ့ရတော့ခြင်းကြောင့်ဖြစ်သည်။ သူသည် လဲကျနေသူများကိုလိုက်လံကြည့်ရှုလိုက်ပြန်၏။



ပိဆင်းရီကိုလည်းမတွေ့ရပေ။

ကျင်းလျှို၏မြင်းကို လိုက်လံကြည့်ရှုမိပြန်၏။

ကျင်းလျှို၏မြင်းလည်းပျောက်နေသဖြင့် မုံလှသည် ကြာရှည်စွာတော့မနေတော့ဘဲ မြင်းပေါ် ကပျာကယာတက်ကာ ပိဆင်းရီနှင့်ကျင်းလျှိုထွက်သွားမည့်ထင်ရာဘက်သို့ မှန်းဆ၍လိုက်သွားလေတော့သည်။

✱

မုံလှသည် မြင်းကိုဒုန်းစိုင်း၍ သူတို့လာခဲ့သောလမ်းခရီးအတိုင်းပြန်လည်မောင်းနှင်လာခဲ့သည်။

ခရီးအတော်ဝေးဝေးရောက်အောင် နောက်ကြောင်းပြန်လှည့်ခဲ့သော်လည်း ကျင်းလျှိုတို့နှင့်တူသည့်အရိပ်အရောင်ကိုမျှပင် မတွေ့မြင်ရသဖြင့် စိတ်ဓာတ်ကျဆင်းသွားမိလေသည်။

ပိဆင်းရီသည် ကျင်းလျှိုအား အတင်းအဓမ္မခေါ်ဆောင်သွားခြင်းသာဖြစ်ပေလိမ့်မည်။

သို့သော် ဓေါ်ရွတ်စွေထံ သို့မူ ခေါ်ဆောင်သွားရန်မဖြစ်နိုင်ပေ။ တခြားတစ်နေရာသို့သာ ခေါ်ဆောင်သွားခြင်းဖြစ်ပေလိမ့်မည်။

ဤခြေသို့တောင်သည် တောတောင်ထူထပ်ပြီး လမ်းဘေးကြားသွယ်များလည်း လွန်စွာပေါများလှသဖြင့် ကျင်းလျှိုအား မည်သည့်နေရာသို့ခေါ်ဆောင်သွားမည်ကို ခန့်မှန်း၍မရနိုင်ဘဲဖြစ်နေ

www.burmeseclassic.com



လေသည်။ မုံလှသည် တွေ့မြင်သမျှသောလမ်းကြိုလမ်းကြားများသို့ ဝင်ရောက်ရှာဖွေသည်။

အချိန်သာကုန်လွန်သွားပြီး ကျွင်းလှုံအား မတွေ့ရသဖြင့် မုံလှမှာ အလိုလိုနေရင်း ဒေါသထွက်နေမိတော့၏။

မကြာမီမှာပင် နေလုံးကြီးပျောက်ကွယ်ပြီး အမှောင်ထုက ကြီးစိုးလာတော့မည်ဖြစ်သည်။

ယခုလောလောဆယ် ကျွင်းလှုံအား ရှာ၍မတွေ့လျှင် ည အမှောင်ဖုံးလာပါက ပို၍ပင်ဆိုးတော့မည်ကိုတွေးတောကာ မုံလှမှာ စိုးရိမ်စိတ်နှင့် ဇောချွေးများပင်ပြန်လာရလေတော့၏။

သူသည် စိတ်မောလူမောဖြင့် ရှေ့ဆက်လာခဲ့ရာ မကြာမီ အချိန်တွင် လမ်းဆုံတစ်ခုသို့ရောက်လာလေသည်။

ထိုလမ်းဆုံသို့အရောက်တွင် သူသည် ခဏမျှရပ်၍စဉ်းစား လိုက်သည်။

မည်သည့် လမ်းသို့လိုက်ရလျှင်ကောင်းမည်နည်း။

ထိုအချိန်မှာပင် ....

သူသည် ညာဘက်သို့ကွေ့သွားသော လမ်းကလေးဆီ အရာဝတ္ထုတစ်ခုကို အမှတ်မထင်တွေ့မြင်လိုက်၏။

သူသည် ဆက်လက်စဉ်းစားမနေတော့ဘဲ ထိုအရာဝတ္ထုတွေ့ မြင်ရာလမ်းထဲသို့ဝင်လိုက်လေ၏။

အနီးသို့ရောက်သည့်အခါ ထိုအရာဝတ္ထုအား လှမ်းယူ၍ သေချာစွာကြည့်လိုက်သည်။



ထိုအရာမှာ အပြာရောင်ပဝါလေးတစ်ထည်ဖြစ်၏။

ပဝါသည်လမ်းဘေးချုံပေါ်တွင်တည်ရှိနေသဖြင့် တစ်ဦးတစ် ယောက်က တမင်သက်သက်ချသွားခြင်းဖြစ်ကြောင်း သိသာပေသည်။

မုံလှသည် သူ၏မြင်းအား ထိုလမ်းအတိုင်း အားကုန်မောင်း နှင်လိုက်တော့သည်။

အကြောင်းမှာ .... ထိုပဝါသည် ကျွင်းလှုံ အမြဲကိုင်ဆောင် သော ပဝါအပြာစလေးဖြစ်နေသောကြောင့်တည်း။

✱

ကျွင်းလှုံသည် ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားသည်။

အကြောင်းမှာ ....

သူမသည် ပိဆင်းရီအပါအဝင် လူသုံးဦးနှင့် ယှဉ်ပြိုင်တိုက် ခိုက်နေရာမှ မုံလှအား တစ်ချက်လှမ်းကြည့်လိုက်မိစဉ် ....

ပုဆိန်သမားနှင့် လေးမြားကိုကိုင်ဆောင်ထားသူများက မုံလှ အား မညှာမတာတိုက်ခိုက်နေသည်ကိုတွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ် သည်။

ထိုအချိန်မှာပင် ....

အငိုက်ကိုစောင့်နေသော ပိဆင်းရီသည် ကျွင်းလှုံအား ရုတ် ချည်းချုပ်ကိုင်ပြီး လက်နှစ်ဖက်ကိုကြိုးနှင့်ရစ်ပတ်ကာ မြင်းပေါ်သို့ ဆွဲတင်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျင်းလျှံမှာ မြင်းပေါ်သို့ရောက်ရှိသည်နှင့် အောက်သို့ပြန်ခုန်ဆင်းရန်ကြိုးစားလိုက်သေးသည်။

သို့သော် သူမ နောက်ကျသွားသည်။

ပိဆင်းရီသည် မြင်းပေါ်လှစ်ခနဲခုန်တက်ကာ တရကြမ်းဒုန်းစိုင်းမောင်းနှင်ထွက်ခွာသွားခြင်းကြောင့်ဖြစ်သည်။ ကျင်းလျှံမှာ မြင်းပေါ်၌ ကန့်လန့်ကန့်လန့်နှင့်ပါသွားရလေတော့၏။

ထိုအချိန်မှာပင် သူတို့စားပြအဖွဲ့မှလူတစ်ဦးက ပိဆင်းရီအားကျင်းလျှံကိုခေါ်မသွားရန် လှမ်းဟန့်တားလိုက်၏။ သို့သော် ပိဆင်းရီက ထိုလူကိုဂရုမစိုက်ဘဲ မြင်းပေါ်ကိုဆက်လက်၍တရကြမ်းမောင်းနှင်ထွက်ခွာသွား၏။

ယင်းသို့ မောင်းနှင်ထွက်ခွာစဉ် သူ၏နှုတ်မှ ....

"အင့် ...."

ဟူသောညည်းသံတစ်သံထွက်ပေါ်လာ၏။

သို့သော် ပိဆင်းရီသည် ဘာမှမဖြစ်သကဲ့သို့မြင်းကိုတရကြမ်းဆက်လက်မောင်းနှင်ထွက်ခွာသွားလေသည်။

ကျင်းလျှံမှာလည်း လက်နှစ်ဖက်အားကြိုးနှင့် တုပ်ထားခြင်းခံရသဖြင့် ဘာမှပြန်မလုပ်နိုင်ဘဲ ပိဆင်းရီ၏နောက်သို့သာ လိုက်ပါခဲ့ရလေသည်။

သူမသည် ထိုသို့မြင်းပေါ်ပါလာရာမှ တစ်စုံတစ်ခုကိုတွေးမိပြီး ရင်ဘတ်ကြားတွင်ထိုးထည့်ထားသော အပြာရောင် ပဝါစလေးအားပါးစပ်ဖြင့်ငုံ၍ကိုက်ယူလိုက်သည်။



ခေါက်လျက်သားပါလာသော ပဝါစလေးအား လမ်းချိုးတစ်ခုအရောက်တွင် ချုံပုတ်တစ်ခုပေါ်သို့မှုတ်ထုတ်လိုက်၏။ ပဝါစလေးသည် ချုံပုတ်ပေါ်တွင်တင်၍ကျန်ခဲ့လေသည်။

အကယ်၍ မုံ့လူသာ သူမနောက်သို့လိုက်လာနိုင်ခဲ့လျှင် ထိုပဝါစအားတွေ့ရှိပြီး ခြေရာခံနိုင်စေရန်ဖြစ်သည်။

သို့သော် မုံ့လူအား ရန်သူများကဝိုင်းတိုက်နေသည့်အဖြစ်ကိုပြန်လည်မြင်ယောင်မိသည့်အခါ မုံ့လူအနေဖြင့် ထိုရန်သူများအား မည်ကဲ့သို့ရင်ဆိုင်ကျော်လွှားနိုင်ပါမည်နည်းဟုတွေးကာ စိတ်အားငယ်သွားမိရပြန်လေသည်။

ပိဆင်းရီသည် လက်တစ်ဖက်က မြင်း၏ကြိုးကိုကိုင်ထားပြီး ကျန်လက်တစ်ဖက်က ကျင်းလျှံ၏ကြိုးတုပ်ခံရသောလက်နှစ်ဖက်ကိုဆုပ်ကိုင်ကာ မြင်းကိုမှန်မှန်ပင်မောင်းနှင်နေ၏။

သူ့ထံမှ တစ်ချက်တစ်ချက် ညည်းညူသံထွက်ပေါ်နေသည်ကိုကြားနေရ၏။

ကျင်းလျှံအား ဘာစကားတစ်ခွန်းမှမပြောချေ။

တစ်နေရာသို့အရောက်တွင် ကျင်းလျှံသည် မြင်းပေါ်မှခုန်ချန်ကြံစည်လိုက်၏။ ပိဆင်းရီမှာဒေါသထွက်သွားပြီး ....

"ကျင်းလျှံ .... မင်း ငါ့ကို ကလန်ကဆန်မလုပ်နဲ့နော်၊ မင်းကိုင်ထားတဲ့ငါ့လက်ထဲမှာ ဓားပါအဆင်သင့်ရှိနေတယ်"

ပိဆင်းရီအကြောင်းကိုသိထားသည့် ကျင်းလျှံသည် ဘာမျှဆက်မလုပ်ရဲတော့ဘဲငြိမ်၍နေလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မှုန်ဝါးဝါးလရောင်ကြောင့် ခရီးမှာသိပ်မတွင်လှပေ၊ မြင်းသည် လူတစ်ယောက်သွားသကဲ့သို့ပင် မှန်မှန်လေးသွားနေပေ၏။

တစ်ခါတွင်စ်ရံ ပိဆင်းရီထံမှ ....

"အင်း .... ကျွတ် .... ကျွတ် ...."

ညည်းညူသံကိုကြားနေရ၏။ ကျင်းလျှံကသိလို၍ ....

"ရှင်ဒဏ်ရာရလာတာလား"

ဟုမေးလိုက်၏။ ပိဆင်းရီကရှုံ့မဲ့စွာဖြင့် ....

"ဟုတ်တယ်၊ ကျုပ်ကျောမှာဓားတစ်လက်စိုက်နေတယ်"

ကျင်းလျှံမှာ ပိဆင်းရီ၏စကားကြောင့် ရုတ်တရက်ထိတ်လန့်သွားမိသည်။

သို့သော် .... သူမအတွက် လွတ်မြောက်နိုင်သည့်အခွင့်အရေးဖြစ်ကြောင်းတွေးမိပြီး အနည်းငယ်စိတ်သက်သာရာရသွားလေသည်။ သူမသည် ပါးစပ်ပိတ်ကာ ငြိမ်သက်တိတ်ဆိတ်စွာပင် ဆက်၍လိုက်ပါသွားလေ၏။

မြင်းသည် လမ်းဖွေးဖွေးကလေးအတိုင်း မှန်မှန်သွားနေသည်။ ကျင်းလျှံသည် မြင်းပေါ်လိုက်ပါလာရင်း သူမ၏ဘဝအကြောင်းနှင့် မွဲလူ၏ဘဝအကြောင်းများကိုတွေးတောနေမိသည်။

အချိန်မည်မျှကြာသွားသည်မသိ။

အရှေ့ဘက်ဆီမှ ရောင်နီသမ်းလာသည်ကိုတွေ့ရမှ မိုးစင်စင်လင်းတော့မည်ကိုသိရတော့၏။

ထိုအချိန်တွင် ....



ကျင်းလျှံသည် ထူးခြားမှုတစ်ခုကိုသတိထားမိလိုက်၏။

သူမ၏ကျောပေါ်တွင် လေးလံသောအရာဝတ္ထုတစ်ခု ဖိစီးနေသလို ခံစားလိုက်ရခြင်းဖြစ်လေသည်။

ပိဆင်းရီသည် အိပ်ငိုက်ပြီး မိမိ၏ကျောပေါ်မှီထားခြင်းဖြစ်သည်ဟု ကျင်းလျှံစဉ်းစားမိလိုက်သည်။ ထို့ကြောင့် သူမ၏ကျောကို ရှေ့သို့အနည်းငယ်ရွှေ့လိုက်သည်။

သို့တိုင်အောင် လေးလံလှသော ထိုအရာဝတ္ထုသည် သူမနှင့်အတူလိုက်၍ပါလာသဖြင့် ထိုအရာအား နောက်ပြန်လှည့်ကြည့်လိုက်မိသည်။

ထိုအခါ ကျောပေါ်ဖိစီးနေသည့် အရာဝတ္ထုသည် အခြားမဟုတ်ဘဲ မျက်လုံးများပြူးကျယ်လျက် အသက်မရှိတော့သည့် ပိဆင်းရီဖြစ်နေကြောင်း သိရှိလိုက်ရလေတော့သည်။

✻

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလျှံမှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် မြင်းပေါ်မှ ကမန်းကတန်းခုန်ဆင်းလိုက်လေသည်။ ယင်းသို့ မြင်းပေါ်မှခုန်ဆင်းလိုက်သည်နှင့်တစ်ပြိုင်နက် အသက်မရှိတော့သော ပိဆင်းရီသည်လည်း မြင်းပေါ်မှအလိုအလျောက် ဘုန်းခနဲပြုတ်ကျသွားလေတော့၏။

သူမသည် ပြုတ်ကျသွားသောပိဆင်းရီကိုသေချာကြည့်လိုက်သည်။ ပိဆင်းရီမှာမှောက်လျက်သားဖြစ်နေသဖြင့် သူ၏နောက်ကျောတွင်စိုက်ဝင်နေသောဓားကို ထင်ရှားစွာတွေ့မြင်လိုက်ရသည်။

ပိဆင်းရီသည် ထိုဓားဒဏ်ရာကြောင့် တစ်ညလုံး သွေးထွက်လွန်ပြီး ယခုကဲ့သို့သေဆုံးသွားရခြင်းဖြစ်ကြောင်း နားလည်လိုက်လေသည်။

သူမသည် ပိဆင်းရီ၏အလောင်းအား ငုံ့ကြည့်နေစဉ်မှာပင် လူရိပ်တစ်ရိပ်သည် သူမအနီးသို့လျင်မြန်စွာရောက်ရှိလာ၏။

ထိုလူအရိပ်ကား ဆံပင်များဖြူဖွေးနေသောအဘွားအိုတစ်ယောက်ပင်ဖြစ်သည်။

ထိုအဘွားအိုသည် ကျင်းလျှံအားတစ်လှည့်၊ မှောက်လျက်သေဆုံးနေသောပိဆင်းရီအားတစ်လှည့်ကြည့်ပြီး အံ့သြနေပုံရသည်။ အဘွားအိုက ပိဆင်းရီ၏အလောင်းအား လက်ညှိုးညွှန်၍ ....

“သူဘယ်သူလဲ၊ ညည်း သူ့ကိုသတ်လိုက်တာလား”

ကျင်းလျှံမှာ အဘွားအို၏အမေးကို မည်သို့ပြန်ဖြေရမှန်းမသိဖြစ်သွားသည်။ အဘွားအိုသည် ကိုယ်ဖော့ပညာလွန်စွာထက်မြက်ပြီး သိုင်းပညာလည်းအတော်အဆင့်မြင့်ပုံရသည်။



မည်သည့်အသံမျှ မထွက်ဘဲ ကျင်းလျှံအနီးသို့ရောက်ရှိလာခြင်းက အဘွားအို၏ကိုယ်ဖော့ပညာ မည်မျှထက်မြက်ကြောင်း ဖော်ပြနေသည်မဟုတ်ပါလား။

ကျင်းလျှံသည် ထိုအဘွားအို၏သိုင်းပညာကိုခန့်မှန်းမိပြီးဖြစ်သဖြင့် လေးစားစွာပင်ပြန်ပြောလိုက်လေသည်။

“ကျွန်မက ဒုက္ခရောက်လာတဲ့လူတစ်ယောက်ပါအမေ၊ သူကလူဆိုးပါ။ ကျွန်မကိုအတင်းအဓမ္မဖမ်းခေါ်လာလို့ နောက်က လူတစ်ယောက်က သူ့ကိုဓားနဲ့လှမ်းပစ်လိုက်တာပါ၊ ဓားထိသွားတာတောင် သူကလက်မလျှော့ဘဲ ကျွန်မကိုအဓမ္မဆက်ပြီးခေါ်ခဲ့တာမို့ သွေးထွက်လွန်ပြီး အခုလိုသေသွားရတာပါ”

ဆံပင်ဖြူနှင့်အဘွားအိုသည် လူသေအလောင်းအားတစ်ချက်ကြည့်လိုက်၏။ ပြီးမှ ....

“ဒါဆိုရင် .... သူ့ကိုဓားနဲ့ပစ်လိုက်တဲ့လူဟာ မိန်းကလေးရဲ့မိတ်ဆွေပဲဖြစ်မှာပေါ့၊ သူကကော ဘာဖြစ်လို့ မိန်းကလေးနောက်ကိုလိုက်မလာတာလဲ”

ကျင်းလျှံမှာ ဘာကစ၍ ဘယ်လိုပြောရမှန်းမသိအောင်ဖြစ်သွားရပြန်သည်။ သို့သော် ချက်ချင်းပင် အလိုက်အထိုက် အဖြေပေးလိုက်လေသည်။

“ကျွန်မမိတ်ဆွေကိုလဲ သူတို့ဓားပြအဖွဲ့က ဝိုင်းတိုက်နေလို့ လိုက်မလာနိုင်တာထင်ပါတယ်”

အဘွားအို မျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိဆင်းရှိ၏အလောင်းအား လက်ညှိုးညွှန်ကာ ....

"ဘာ ... သူတို့ကစားပြဲတွေဟုတ်လား"

ကျင်းလျှံက မျက်နှာညှိုးငယ်စွာဖြင့်ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်အမေရယ်"

အဘွားအိုသည် ကျင်းလျှံ၏မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်၏။ ပြီးနောက် ပိဆင်းရှိအလောင်းနားသို့သွားကာ အလောင်းအား ပက်လက်ဆွဲလှန်လိုက်သည်။

ထိုအခါ ....

မျက်လုံးပြူးလျက် သေဆုံးနေသော ပိဆင်းရှိ၏မျက်နှာထိတ်လန့်ကြောက်မက်ဖွယ်တွေ့မြင်လိုက်ရလေတော့၏။

အဘွားအိုသည် ပိဆင်းရှိ၏မျက်နှာအား သေချာစူးစိုက်ကြည့်လိုက်၏။ ထို့နောက် ပိဆင်းရှိ၏အလောင်းနားတွင် ဒူးထောက်ထိုင်ကာ သူမ၏လက်နှစ်ဖက်ဖြင့် ပိဆင်းရှိ၏မျက်နှာကို ပွတ်သပ်လိုက်ရင်း ....

"လူဆိုးစားပွဲကြီးသိပ်လုပ်ချင်တဲ့သား၊ ခုတော့ အသေဆိုးနဲ့သေရပါရောလား"

အဘွားအိုသည် မချိတင်ကဲပြောရင်း ဝမ်းနည်းပက်လက်ငိုကြွေးလိုက်လေတော့၏။

ကျင်းလျှံမှာ မျက်လုံးပြူးသွားသည်။ ထိတ်လန့်မှုကြောင့်တစ်ကိုယ်လုံးလည်းတုန်ခါသွားလေတော့၏။

"အမေ ... ဒါ ... ဒါ အမေ့သားဟုတ်လား"



အဘွားအိုသည် ကျင်းလျှံအား တစ်ချက်မော့ကြည့်ပြီး အရွယ်နှင့်မမျှအောင် ထခုန်လိုက်လေသည်။ သူမ၏မျက်နှာသည် အလွန်ပင်ခက်ထန်မာကျောလျက်ရှိနေ၏။

"နင် .... နင်တို့ ငါ့သားကိုသတ်လိုက်တယ်ဟုတ်လား၊ နင်လဲ ငါ့သားလိုသေရစေမယ်"

အဘွားအိုသည် ဒေါသကြီးစွာဖြင့် ကျင်းလျှံအနားသို့ လျှပ်တစ်ပြက်အတွင်းရောက်ရှိသွားပြီး လက်နှစ်ဖက်ကိုမြှောက်လိုက်သည်။ ကျင်းလျှံမှာ အဘွားအို၏ ထက်မြက်လှသောသိုင်းပညာကို အကဲခတ်မိထားပြီးဖြစ်ရာ ပြန်လည်ခုခံတိုက်ခိုက်ခြင်း မပြုတော့ဘဲ မျက်လုံးကိုသာ စုံမှိတ်ထားလိုက်လေတော့၏။

ထိုစဉ်မှာပင် ....

"ရပ်လိုက်"

ကြည်လင်ပြတ်သားသည့်ဟန့်တားသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။ ထိုအသံကိုကြားသည်နှင့် ကျင်းလျှံမှာ ဝမ်းသာအားရဖြစ်ကာ မျက်လုံးများကိုဖွင့်ကြည့်လိုက်လေသည်။

ကျူပွတ်ကို အသင့်ကိုင်၍ တစ်လှမ်းချင်း လျှောက်လာနေသောမှုံလူကိုတွေ့မြင်လိုက်ရလေသည်။

အဘွားအိုသည် ကျင်းလျှံအား တိုက်ခိုက်တော့မည့်ဆဲဆဲ၌ ဟန့်တားသံ ရုတ်တရက်ထွက်ပေါ်လာခြင်းကြောင့် ဖျတ်ခနဲ နောက်လှည့်ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားဖွတ်ကိုင်၍လျှောက်လာနေသူကို မြင်လိုက်ရသည့်အခါ အံ့အားသင့်သွားပြီး ....

"မင်း ဘယ်သူလဲ၊ ငါ့သားကိုသတ်တာမင်းလား"

မှုံလှသည် အဘွားအို၏အမေးကိုအဖြေမပေးဘဲ ကျင်းလျှံ့ အနားတွင် ရပ်လိုက်သည်။

ဤတွင် လဲကျသေဆုံးနေသော ပိဆင်းရီ ၏အလောင်းအား မြင်တွေ့ကာ အံ့အားသင့်သွားလေသည်။ ကျင်းလျှံ့အားကြည့်လိုက်ပြီး တစ်စုံတစ်ရာမေးမြန်းရန်ဟန်ပြင်မိသည်။

ထိုစဉ်မှာပင် ....

"ငါမေးနေတယ်လေ၊ ငါ့သားနောက်ကျောကို ဓားနဲ့ပစ်တာ မင်းမဟုတ်လား"

အဘွားအိုက မရမကထပ်မေးသည်။

မှုံလှမှာ ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်အမ်းအမ်းဖြစ်သွား၏။ သူသည် အဘွားအို၏မျက်နှာကိုတစ်ချက်လှမ်းကြည့်ပြီး ....

"ပိဆင်းရီက အမေ့ရဲ့သားဟုတ်လား"

ဟုပြန်မေးလိုက်သည်။

အဘွားအိုက ခက်ထန်သောမျက်နှာထားဖြင့် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူဟာ ငါ့သားအရင်းပဲ၊ ဒါပေမယ့် ပြောဆိုဆုံးမ မရလို့ ဖြစ်ချင်ရာဖြစ်ဆိုပြီး လူဆိုးတွေနဲ့ပဲပစ်ထားလိုက်တာ အခုလိုသေသွားတာလဲကောင်းပါတယ်၊ ဒါပေမယ့် သူ့ကိုသတ်တဲ့



သူကတော့ ငါ့ရန်သူပဲပေါ့"

မှုံလှသည် အတန်ကြာတွေဝေနေပြီးမှ ....

"ဒါနဲ့ အမေ့နာမည်ကို ကျွန်တော်မသိရဘူးလား"

အဘွားအိုက မှုံလှအားတစ်ချက်စိုက်ကြည့်လိုက်ပြီး ....

"မင်းက ငါ့သားအစား သေရမယ့်လူပဲ၊ ငါ့နာမည် သိစရာ လိုသေးလို့လား"

အဘွားအို၏စကားကြောင့် မှုံလှထိတ်လန့်သွားမိသည်။

အဘွားအိုသည် သူ့သားအတွက် အမှန်ပင် ကလဲ့စားချေ ဖို့ ပေါက်နေသည်မဟုတ်ပါလား။

မှုံလှသည် ထိုအဘွားအိုအား မည်ကဲ့သို့ ရှင်းပြရမည်ကို အပြီးအလွှားတွေးလိုက်မိ၏။ ရုတ်တရက် ဘာမျှတွေးမရဘဲဖြစ်နေ သသည်။

ထိုအချိန်တွင် အဘွားအိုက ....

"မင်းက ငါ့နာမည်ကိုသိပ်သိချင်တယ်ပေါ့ဟုတ်လား"

ပြောပြောဆိုဆိုပင် အဘွားအိုသည် ကျင်းလျှံ့နှင့်မှုံလှတို့ အနီး သို့ခြည်းရောက်လာကာ လျှပ်တစ်ပြက်လှုပ်ရှားလိုက်လေ၏။

မှုံလှ တစ်ချက်ကြောင်သွားပြီး ကမန်းကတမ်းရှောင်လိုက်ရ သည်။ သို့သော် နောက်ကျသွားချေပြီ။

အဘွားအိုသည် လက်ဖျစ်တစ်တွက် အတွင်းမှာပင် မှုံလှ၏ ကြောနှစ်နေရာသို့ လှမ်းထောက်လိုက်သလို ကျင်းလျှံ့ကို၏အကြော နှစ်နေရာကိုလည်း လှမ်းထောက်လိုက်ပြီးဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မှုံလှူ၏နှုတ်မှ လွှတ်ခနဲအသံထွက်သွား၏။

"ဟင် .... သွေးကြောဝိဇ္ဇာကျင်းဘွားဘွား"

သူ အသိနောက်ကျသွားလေပြီ။

သိလိုက်သည့်အချိန်မှာပင် အကြောပိတ်ခံလိုက်ရပြီ မဟုတ် ပါလား။ ထိုအခါ ကျင်းလျှံမှာလည်း မျက်လုံးအပြူးသားနှင့်မလှုပ် ယှက်ဖြစ်နေလေပြီ။

သွေးကြောဝိဇ္ဇာကျင်းဘွားဘွားသည် ကျယ်လောင်စွာရ မောလိုက်ပြီး .....

"ငါ ဘယ်သူဆိုတာ အခု မင်းသိပြီမဟုတ်လား၊ အဲဒီတော ငါ့သားနဲ့အတူ မင်းလိုက်သွားရမယ်"

သွေးကြောဝိဇ္ဇာကျင်းဘွားဘွားသည် လွန်စွာဒေါသထွ နေပြီး မျက်လုံးအိမ်မှ မျက်ရည်များစီးကျနေလေသည်။

မှုံလှူ ကြားဖူးထားသည်မှာ ကျင်းဘွားဘွားသည် သိုင်းပညာ လွန်စွာမြင့်မားပြီး သူမ၏ဘဝတစ်သက်တာတွင် တပည့်တစ်ယော တည်းကိုသာ ပညာသင်ပေးဖူးသည်ဟူ၍ဖြစ်သည်။

သို့သော် ထိုတပည့်မှာ မည်သူမည်ဝါဖြစ်ကြောင်း မည်သူမှ မသိကြပေ။

ကျင်းဘွားဘွားသည် စိတ်ကောင်းစေတနာကောင်းရှိသူ ဖြစ်၏။

မတရားမှုကို လုံးဝမကြိုက်သူဟုလည်းကြားသိထားရသဖြင့် မှုံလှူသည် မူမြင်ခင်ကပင် ကျင်းဘွားဘွားကိုလေးစားနေခဲ့သည်။



ယခုမူ ကျင်းဘွားဘွားသည် သားအတွက်ကြောင့် အမှား အမှန်ကိုပင် မဝေခွဲနိုင်တော့ဘဲ မှုံလှူအား လက်စားချေသတ်ဖြတ်ရန် ကြံရွယ်နေလေပြီ။

မှုံလှူက အဘွားအိုအားကြည့်ကာ ....

"အမေ့ကို ကျွန်တော်လေးစားပါတယ်၊ အမှန်အတိုင်းပြော ရင် ပိဆင်းရိကို ကျွန်တော်သတ်တာမဟုတ်ပါဘူး၊ အမေယုံတာ မယုံ တာတော့ ကျွန်တော်မတတ်နိုင်ဘူး"

ကျင်းဘွားဘွားက သူ့အား တစ်ချက်စူးစိုက်ကြည့်လိုက်၏။ ပြီးနောက် ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

"မင်း ဘာမှပြောမနေနဲ့တော့၊ မင်းတို့နှစ်ယောက်လုံးကို သတ် ပါကျေနပ်မယ်"

မှုံလှူမှာ ထိုစကားကြောင့် ထိတ်ထိတ်ပျာပျာဖြစ်သွားလေ၏။ ကျင်းဘွားဘွားသည် သားစိတ်နှင့် သူတို့အား တကယ်မသတ်ဟု မ ပြောနိုင်ချေ။

အမှန်တကယ်ပင် သတ်ချင်သတ်လိမ့်မည်။

မှုံလှူမှာ ကြံရာမရဖြစ်သွားပြီး ....

"ကဲ .... အမေ သတ်ချင်တယ်ဆိုလဲ ကျွန်တော့်ကိုပဲ သတ် မိန်းကလေးဖြစ်တဲ့သူ့ကိုတော့ ချမ်းသာပေးလိုက်ပါ"

ကျင်းဘွားဘွားသည် မှုံလှူ၏စကားကြောင့် ရယ်မောလိုက် လေသည်။

"ဩော် .... မင်းက ကိုယ့်အတွက်တောင် မစဉ်းစားဘဲ သူ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် စိုးရိမ်တယ်ပေါ့ဟုတ်လား"

မှုံလှက အံတင်းတင်းကြိတ်ပြီးခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူ့ကိုချစ်လို့ပါ"

ကျင်းလှံ့မှာ မှုံလှ၏စကားကြောင့် မျက်နှာလေးနီမြန်းသွား သော်လည်း မိမိအတွက် အသက်ကိုပင် ပေးဝံ့ခဲ့သော မှုံလှအား ချစ် လေးစားသွားမိလေသည်။

ထိုအချိန်တွင် ကျင်းဘွားဘွားသည် မှုံလှအနားသို့သွား လက်နှစ်ဖက်၌အတွင်းအားများစုစည်းရင်း မှုံလှ၏လည်မျိုဆီ ချိန်၍ ဆန့်တန်းလိုက်သည်။

မှုံလှ မျက်လုံးကိုစုံမှိတ်ထားလိုက်၏။

ကျင်းလှံ့မှာ မှုံလှအတွက် စိုးရိမ်ထိတ်လန့်သွားပြီး ခြေမကိုင် လက်မကိုင်မိ ဖြစ်သွားရသည်။

မျက်လုံးများပင် ပြာဝေလာလေသည်။

ထိုအချိန်ကလေးမှာပင် မည်သည့်အချိန်ကရောက်ရှိနေမှန်း မသိရသောမိန်းကလေးတစ်ယောက်သည် ရုတ်တရက် သူတို့အနီး လျှောက်လာပြီး ကျင်းဘွားဘွားအားအရိပ်အခြေပေးကာ .....

"အမေ ခဏလေးနေပါဦး"

ဟု တောင်းပန်လိုက်၏။

မိန်းကလေးတစ်ယောက်၏အသံကို ကြားရသဖြင့် မှုံလှ မျက်လုံးဖွင့်ကြည့်လိုက်သည်။ အသံရှင်မိန်းကလေးကို မြင်လိုက် သည့်အခါ မှုံလှအံ့ဩသွားသည်။



အကြောင်းမှာ ထိုမိန်းကလေးသည် တစ်ချိန်က သူကိုယ်တိုင် းပြများလက်မှကယ်ခဲ့သော ဆောင်းလောင်၏ညီမ ဆောင်းယုံဖြစ် နေသောကြောင့်ပင်။

မှုံလှ တအံ့တဩဖြစ်နေစဉ်မှာပင် ....

ကျင်းဘွားဘွားသည် ဆောင်းယုံအား မကျေမနပ်စူးစိုက် ကြည့်လိုက်ပြီး ....

"ညည်း ဘာဖြစ်လို့ ငါ့အလုပ်ကိုဝင်ရှုပ်ရတာလဲ"

ဆောင်းယုံသည် အောက်သို့ခေါင်းငုံ့ထားရာမှ ပြန်လည်၍ ခေါင်းမော့လိုက်သည်။ သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များပြည့် နေသည်ကိုတွေ့ရ၏။

သူမသည် မှုံလှအားလက်ညှိုးထိုးပြကာ

"သူ့အစား ကျွန်မကိုသတ်ပါအမေ"

ဟုပြောလိုက်လေသည်။ မိန်းကလေး၏စကားကြောင့် ကျင်း ဘွားဘွားမျက်မှောင်ကုပ်သွားသည်။ နားမလည်နိုင်ဟန်ဖြင့် ဆောင်းယုံ အားကြည့်လိုက်ပြီး ....

"နေပါဦး သူက ညည်းနဲ့ဘာလိုပတ်သက်နေလို့လဲ"

ဆောင်းယုံသည် လက်ဖျားမှအကျီစနှင့် မျက်ရည်များကို သုတ်ရင်း ....

"တစ်ချိန်က အမေ့ကိုကျွန်မပြောပြခဲ့ဖူးပါတယ်၊ လူဆိုးတွေ က်ထဲကနေပြီး ကျွန်မရဲ့အသက်နဲ့အရှက်ကို ကယ်ဆယ်ခဲ့ဖူးတယ်၊ တဲ့လူဟာ သူဖြစ်နေလို့ပါအမေ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုကြားလိုက်ရသည့်အခါ ကျင်းဘွားဘွားမှာ တွေလျက်ခေါင်းငိုက်စိုက်ကျသွားတော့၏။ ဝန်းကျင်တစ်ခုလုံးသည် ရုတ်တရက်တိတ်ဆိတ်ငြိမ်သက်သွားသည်ဟုပင် ထင်ရလေသည်။

ဆောင်းယုံ၏ရှိုက်သံသည်သာ တစ်ချက်တစ်ချက်ထွက်ပေါ် နေသည်။ ထို့အတူ ကျင်းဘွားဘွား၏မျက်နှာတွင်လည်း ဝမ်းနည်း ကြေကွဲမှုအရိပ်အရောင်များထွက်ပေါ်လာသည်။

ကျင်းဘွားဘွားသည် အတန်ကြာအောင် ငိုင်တွေနေပြီး တစ်စုံတစ်ခုကိုဆုံးဖြတ်လိုက်ဟန်ဖြင့် ကျင်းလျှံနှင့်မုံ့လူတို့အနီး ရောက် ရှိသွားကာ လက်ကိုလျင်မြန်စွာလှုပ်ရှားလိုက်သည်။ တစ်ခဏချင်း ပင် မုံ့လူနှင့်ကျင်းလျှံတို့၏အကြောများ နဂိုအတိုင်း ပြန်ဖြစ်သွားလေ တော့၏။

✱



ကျင်းဘွားဘွားသည် မုံ့လူတို့အား အကျိုးအကြောင်းစုံစမ်း မေးမြန်းသည့်အခါ မုံ့လူနှင့်ကျင်းလျှံတို့က မိမိတို့၏အဖြစ်အပျက်များ ကို တစ်ယောက်တစ်လှည့်စီ အမှန်အတိုင်းပင် ပြောပြလိုက်လေ၏။

ကျင်းဘွားဘွားသည် မုံ့လူတို့ပြောပြသမျှကို နားထောင်ပြီး နောက် သက်ပြင်းကြီးတစ်ချက်ချလိုက်လေသည်။

"အင်း .... ဒီလိုဆို ညည်းက ငါ့သားရဲ့အတင်းအဓမ္မသိမ်း ပိုက်မှုကိုခံခဲ့ရတဲ့ ငါ့ချွေးမပေါ့၊ ငါ့သားလူဆိုးနဲ့ညည်းနဲ့ မတန်ပါဘူးအေ၊ အခုလဲ သူလမ်းသူသွားပါပြီ"

ကျင်းဘွားဘွားက ကျင်းလျှံအား စိတ်မကောင်းဟန်ဖြင့် ကြည့်ကာ မျက်ရည်စမ်းစမ်းနှင့်ပြောရှာလေသည်။

ထို့နောက် ကျင်းဘွားဘွားသည် ရုတ်တရက် သားဖြစ်သူ၏ အလောင်းကိုပွေ့ချီကာ ထိုနေရာမှထွက်သွားလေတော့၏။

ထိုစဉ် ဆောင်းယုံက မုံ့လူနှင့်ကျင်းလျှံတို့အား လိုက်ခဲ့ရန် လက်ရိပ်ပြပြီးထွက်သွားသဖြင့် သူတို့နှစ်ယောက်လည်း ဆောင်းယုံ၏ နောက်မှ ဘုမသိဘမသိ လိုက်ပါသွားခဲ့ကြလေသည်။

အတန်ကြာသောအခါ သပ်ရပ်စွာဆောက်လုပ်ထားသော အိမ်တစ်လုံးသို့ရောက်ရှိလာခဲ့ကြလေသည်။

ဆောင်းယုံက သူတို့နှစ်ယောက်အား နေရာထိုင်ခင်းများပြု လုပ်ပေးသည်။ ထိုသို့ပြုလုပ်ပေးနေရာမှ ဆောင်းယုံသည် သူမ၏မျက် လုံးရွဲကြီးများဖြင့် မုံ့လူအား မကြာမကြာလှမ်း၍ ကြည့်နေတတ်သည်။ မုံ့လူက မသိချင်ယောင်ဆောင်၍နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့ရင်ထဲတွင် စဉ်းစား၍မရသောအချက်များက သူ၏စိတ်ကို နောက်ကျိရှုပ်ထွေးနေစေတော့သည်။

ထိုအချိန်မှာပင် ကျင်းဘွားဘွားသည် မျက်နှာမသာမယာနှင့် ပြန်လာလေ၏။ သူမသည် သားဖြစ်သူ ပိဆောင်းရှီအား သွားရောက် မြင်နှံခဲ့ခြင်းဖြစ်ပေသည်။ ကျင်းဘွားဘွားသည် မုံ့လူနှင့်ကျင်းလျှံတို့အား တွေ့မြင်ရသည့်အခါ မျက်နှာမသာမယာဖြင့်ပင်ပြုံးပြလိုက်၏။

"ပြီးခဲ့တာတွေလဲ ပြီးခဲ့ပါပြီလေ .... အေးအေးဆေးဆေးသာ အနားယူလိုက်ကြပါ"

ကျင်းဘွားဘွားသည် ထိုသို့ပြောပြီးနောက် အတွင်းခန်းသို့ လှမ်းကြည့်ကာ ....

"ဆောင်းယုံ"

ဟုလှမ်းခေါ်လိုက်လေသည်။ အဘွားအို၏ခေါ်သံကြောင့် ဆောင်းယုံသည် အတွင်းခန်းမှထွက်လာပြီး ကျင်းဘွားဘွားရှေ့တွင် ရိုသေစွာရပ်နေလိုက်သည်။

"ဆောင်းယုံ သူတို့ အေးအေးဆေးဆေး အနားယူကြပါစေ လိုလေသေးမရှိအောင် ချက်ပြုတ်ကျွေးမွေးပါ။ ငါ့ကို နစ်ရက်လုံးလုံး အနှောင့်အယှက်မပေးပါနဲ့၊ ဘာကိစ္စနဲ့မှလဲ လာမခေါ်နဲ့၊ ကြားလား"

ဆောင်းယုံသည် ကျင်းဘွားဘွား၏မှာကြားချက်အား ဘ လေးတစားနာခံမှတ်သားရင်း ခေါင်းညိတ်လိုက်လေသည်။

✱



## မျက်ရည်နှင့်မျက်ခွက်

စုစုပေါင်းသုံးယောက် ....

ထိုသုံးယောက်မှာ မုံ့လူ၊ ကျင်းလျှံနှင့်ဆောင်းယုံတို့ဖြစ်ကြပေသည်။

သူတို့သည် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ထိုင်၍စကားပြောနေကြသည်။ ဆောင်းယုံက ကျင်းလျှံအားမည်သို့ဖြစ်ပျက်ခဲ့ကြောင်းမေးမြန်းသဖြင့် ကျင်းလျှံကလည်း ခင်မင်စရာကောင်းသောဆောင်းယုံအား ညီမလေးတစ်ယောက်လိုသဘောဖို့တွယ်သွားမိသောကြောင့် သူမ၏ဘဝအဖြစ်အပျက်များနှင့် ယခုကဲ့သို့ ရှောင်တိမ်းထွက်ပြေးရစဉ် မုံ့လူက သူမအား သက်စွန့်ဆံဖျားအကာအကွယ်ပေးခဲ့ပုံများကို ပြောပြလိုက်လေသည်။

ဆောင်းယုံသည် မုံ့လူ၏မျက်နှာအား မကြာမကြာလှမ်းကြည့်မိသော်လည်း မုံ့လူကမူ သူမအား လုံးဝစိတ်မဝင်စားပေ။ စကားပြောလျှင်လည်း ကျင်းလျှံကိုသာ အရေးပေးပြီးပြောဆိုတတ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှုံလှ၏စိတ်ထဲတွင်မူ ဆောင်းလောင်နှင့် ကျင်းဘွားဘွားတို့ မည်သို့ပတ်သက်သည်ကိုသိချင်နေခဲ့သည်။

သို့သော် သူအနေဖြင့် စကားစရန်ခက်နေခဲ့သည်။

ထိုစဉ်မှာပင် ကျင်းလျှံကဆောင်းယုံအား ....

"ဒါနဲ့ ညီမလေးနဲ့ကျင်းဘွားဘွားနဲ့က ဘယ်လိုပတ်သက်ကြတာလဲဟင်"

ဟုလှမ်းမေးလိုက်ရာ မှုံလှအတွက် ရေငတ်တုန်းရေတွင်းထဲ ကျဆိုသလိုဖြစ်သွားရတော့သည်။ စိတ်ဝင်စားစွာဖြင့် အသာနားစွင့်နေလိုက်သည်။ ဆောင်းယုံက သူမ၏မျက်လုံးရွဲကြီးကိုလှန်၍ မှုံလှအား တစ်ချက်ကြည့်၏။

ပြီးမှ ကျင်းလျှံဘက်လှည့်ကာ ....

"ကျင်းဘွားဘွားဟာ ကျွန်မအစ်ကိုရဲ့ဆရာမကြီးပါ။ ကျွန်မတို့မှာ မောင်နှမနှစ်ယောက်ပဲရှိပါတယ်၊ အစ်ကိုက သိုင်းလောကထဲမှာကျင်လည်နေတော့ ကျွန်မကိုစိတ်မချဘဲ ဆရာမကြီးဆီမှာလာ အပ်ထားတာပါ။ ခုဆိုရင် ကျွန်မ ဒီမှာလာနေတာ သုံးနှစ်ရှိသွားပါပြီ"

ကျင်းလျှံက ဆောင်းယုံအားပြုံးပြလိုက်ပြီး ....

"ဒါဆို ညီမလေးကသိပ်ကံကောင်းတာပေါ့နော်၊ အမေ့ဆီက သိုင်းပညာတွေအများကြီးရထားမှာပေါ့နော်"

ဆောင်းယုံခေါင်းခါယမ်းလိုက်သည်။

"အစ်ကိုသာ သေသေချာချာတတ်သွားတာပါအစ်မရယ် ကျွန်မကတော့ နည်းနည်းပါးပါးလောက်ပါပဲ"



ထိုစဉ် မှုံလှကကြားဖြတ်၍ပြောလိုက်သည်။

"သူ့အစ်ကိုဟာ ကျုပ်တို့လမ်းမှာဆုံခဲ့တဲ့ ဆောင်းလောင်ဆိုတဲ့လူလေ"

ထိုအခါမှ ကျင်းလျှံမှာသဘောပေါက်သွားပြီးဆောင်းယုံအား တအားဖက်ထားလိုက်လေသည်။

"ဩော် ....ညီမက အစ်ကိုဆောင်းလောင်ရဲ့ညီမလေးကိုး၊ အစ်ကိုဆောင်းလောင်က သိပ်တော်တာညီမလေးရဲ့ မမတို့ကို အများကြီးအကူအညီပေးခဲ့တာပေါ့"

ထိုအခါ ဆောင်းယုံကကောက်ကာငင်ကာပြောလိုက်ပြန်၏။

"အစ်ကိုဆောင်းလောင်တော်တာ ဟောဒီက အစ်ကိုမှုံလှ ကို မမီပါဘူး၊ အစ်ကိုမှုံလှကမှ တကယ်တော်တာပါမမရယ်၊ သူဟာ ညီမရဲ့အသက်သခင်လဲဖြစ်ခဲ့ဖူးပါတယ်"

ဆောင်းယုံ၏စကားကြောင့် မှုံလှခေါင်းငုံ့ထားလိုက်သည်။ ဆောင်းယုံသည် မှုံလှအား တဖက်သတ်စွဲလန်းနေသူဖြစ်၍ မှုံလှ အနေခက်နေကြောင်း ကျင်းလျှံရိပ်မိလိုက်သည်။

ထို့ကြောင့် ....

ကျင်းလျှံ သည် ဆောင်းယုံအားကျီစယ်သည့်သဘောဖြင့် ....

"ဟုတ်တယ် .. မှုံလှက အစစအရာရာအလွန်တော်ပါတယ် ညီမရယ်၊ ဘာမှအပြစ်ပြောစရာမရှိပါဘူး၊ ဒါကြောင့်လဲ မမက သူ့ကို အားကိုးနေရတာ၊ အခု မမခေါ်သွားတဲ့ဆီကိုရောက်ရင်လဲ သူက ပြန်ချင်မှပြန်တော့မှာကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းယုံမှာ ထိုစကားကြောင့် သိသိသာသာမျက်နှာပျက်သွားသည်ကိုကျင်းလျှံသိလိုက်၏။ စိတ်ထဲက ရယ်ချင်မိသော်လည်း မရယ်ဘဲ စကားကိုဆက်ပြောလိုက်သည်။

"မှုံလူလိုလူတစ်ယောက်က မမနားမှာအမြဲရှိနေတော့ မမ လဲ အားရှိတာပေါ့ညီမရယ်"

ဆောင်းယုံသည် ရုတ်တရက်မတ်တတ်ရပ်လိုက်ပြီး ....

"ဟုတ်တယ်မမ အစ်ကိုမှုံလူကိုမမနားမှာအမြဲထားပါနော်"

ဆောင်းယုံသည် ထိုစကားကို အသံတုန်ယင်စွာဖြင့် ပြောပြီး အိမ်တွင်းခန်းသို့ပြေးဝင်သွားတော့သည်။

မကြာမီမှာပင် 'ဝုန်း' ဟူသောတံခါးပိတ်သံကို ကြားလိုက်ရလေတော့၏။

✲



လမိုက်ည ....

ကြယ်၏အလင်းရောင်သာရှိပြီး လမင်းကြီးကွယ်ပျောက်နေ၏။ တစ်ဘက်ခန်းတွင် ကျင်းလျှံနှင့်ဆောင်းယုံတို့အိပ်မောကျနေဟန်တူသည်။ မည်သည့်အသံမှမကြားရဘဲ တိတ်ဆိတ်နေသည်။ မှုံလူမှာမူ အိပ်မပျော်နိုင်ဘဲ တလူးလူးတလိမ့်လိမ့်ဖြစ်နေသည်။

ထို့ကြောင့် သူသည် အိတ်ထဲမှပုလဲနှစ်လုံးကိုထုတ်ယူပြီး အသေအချာစူးစိုက်ကြည့်နေလိုက်သည်။

သူ၏စိတ်ထဲမှာလည်း ....

"မဖြစ်နိုင်ပါဘူး၊–သူတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ အခု သူ့ကိုကြည့်ရတာလဲ သိုင်းပညာသိပ်ပြီးတတ်မြောက်ပုံမပေါ်ပါဘူး၊ ငါ့ကိုဝင်ကူပြီး ဒီပုလဲလုံးပေးသွားတဲ့လူကလဲ မျက်နှာဖုံးနဲ့ယောကျ်ားတစ်ယောက်ပါ။ သူဘယ်နည်းနဲ့မှမဖြစ်နိုင်ပါဘူးလေ"

မှုံလူသည် ထိုသို့တွေးတောနေရင်းမှ သူ၏လက်ထဲမှပုလဲနှစ်လုံးကို သေချာစူးစိုက်ကြည့်နေမိပြန်သည်။ ပုလဲနှစ်လုံးပေါ်တွင် လွန်ခဲ့သောလေးနှစ်ခန့်ကအာတိတ်တို့သည် တရိပ်ရိပ်ပြန်ပေါ်လာလေတော့၏။

✲

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းက မလှပါ။

ဒီလိုမြင်ကွင်းမျိုးကို မုံ့လူအနေဖြင့် လုံးဝမမြင်ချင်ပါ။

သို့သော် .... မမြင်ချင်သည့်မြင်ကွင်းကိုမှ မုံ့လူကလာမြင်နေရသည်။ မုံ့လူသည် အလုပ်တစ်ခုပြီးမြောက်၍ တောတန်းမှဖြတ်ကာ မြင်းကိုစီးလာခဲ့သည်။

ထိုစဉ် သူ့မျက်စိရှေ့တွင် မဖွယ်မရာကိစ္စတစ်ခုကို မမျှော်လင့်ဘဲတွေ့မြင်လိုက်ရလေသည်။

ဝတ်စုံအနက်ဝတ်ဆင်ထားသော ယောကျ်ားရင့်မာကြီး နှစ်ယောက်သည် မြင်းပေါ်မှဆင်းကာ အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသည့်မိန်းကလေးတစ်ယောက်အားဆွဲခေါ်ရန် ကြိုးစားနေကြ၏။

လွယ်လွယ်နှင့်ဆွဲခေါ်မရသဖြင့် တစ်ယောက်ကမိန်းကလေးပါးကိုလှမ်းရိုက်လိုက်သည်။

မိန်းကလေးကလည်း အလျှော့မပေးဘဲ ပြန်၍ရိုက်သည်။ ထိုလူနှစ်ယောက်သည်ဒေါသကိုမထိန်းနိုင်တော့ဘဲ မိန်းကလေးအား မညှာမတာကန်ကျောက်ရိုက်နှက်၍ တောတွင်းသို့အတင်းပင် ဆွဲခေါ်သွားတော့၏။

မိန်းကလေးမှာ အားအင်ကုန်ခမ်းပြီး တစ်ကိုယ်လုံးပျော့ခွေနေသဖြင့် ထိုသူတို့ဆွဲခေါ်ရာသို့ အလွယ်တကူပင် လိုက်ပါသွားရတော့မည့်အခြေအနေသို့ရောက်ရှိနေသည်။

ထိုမြင်ကွင်းကြောင့် မုံ့လူမှာ ဝင်မပါချင်၍မရတော့ပါ။ သူသာဝင်မကယ်လျှင် ....



ထိုမိန်းကလေးမှာ အမှန်ပင်ရေတိမ်နစ်ရပေတော့မည်။

ထို့ကြောင့် မုံ့လူသည် မြင်းပေါ်မှခုန်ဆင်းပြီး လက်စွဲတော်ဂျာပွတ်ကိုထုတ်၍ ထိုသူနှစ်ယောက်အနီးသို့သွားရပ်လိုက်၏။

ထိုလူနှစ်ယောက်မှာ ရုတ်တရက်အံ့အားသင့်သွားပြီး မုံ့လူအား မကျေမနပ်လှမ်းကြည့်လိုက်ကြသည်။ မိန်းကလေးသည် မုံ့လူအားမြင်လိုက်ရသည်နှင့် အားတက်သွားပုံရ၏။ သို့သော် ကိုယ့်ကိုယ်ကိုမဟန်နိုင်ဘဲ ပျော့ခွေလဲကျသွားလေသည်။

"ဟေ့ မင်းလမ်း မင်းသွားစမ်း၊ တို့အလုပ်ထဲဝင်မရှုပ်နဲ့"

ဝတ်စုံနက်နှင့်လူနှစ်ယောက်အနက် တစ်ယောက်ကလှမ်း၍ ခေါက်ငမ်းလိုက်သည်။

မုံ့လူက မျက်နှာတစ်ချက်မဲ့လိုက်ပြီး ....

"ငါသွားမယ့်လမ်းမှာ အမှိုက်ရှုပ်နေတာကိုးကွ၊ ဒီအမှိုက်ကိုရှင်းပြီးမှသွားလို့ရမှာပေါ့"

ထိုလူနှစ်ယောက်သည် မုံ့လူအား တစ်ဖက်တစ်ချက်စီညှပ်၍ရပ်လိုက်၏။ နှစ်ဖက်ညှပ်၍တိုက်ခိုက်ရန် ပြင်ဆင်လိုက်ခြင်းပင် ဖြစ်သည်။ သို့သော် မုံ့လူကအရေးမစိုက်ပါ။

မိန်းကလေးအား လက်ညှိုးထိုးညွှန်ပြလိုက်ပြီး ....

"မင်းတို့ သူ့ကိုမနှောင့်ယှက်ပါနဲ့၊ သူ့လမ်းသူသွားပါစေ"

ထိုလူနှစ်ယောက်ကရယ်လိုက်၏။ ထို့နောက် တစ်ယောက်ကိုတစ်ယောက်အချက်ပြကာ ....

"ကိုယ့်အလုပ်မဟုတ်ဘဲဝင်ရှုပ်ချင်တဲ့ကောင် သေပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနက်နှင့်လူနှစ်ယောက်အနက် တစ်ယောက်ကကြုံး ရင်း မုံလှအားစတင်တိုက်ခိုက်လိုက်လေတော့၏။ ကျန်တစ်ယောက်ကလည်း တစ်ပြိုင်တည်းဝင်တိုက်၏။ မုံလှသည် ထိုသူနှစ်ယောက်ကြားမှ အသာအယာခုန်၍ရှောင်ထွက်လိုက်သည်။

ရှောင်ထွက်ရင်း ကျာပွတ်ကိုဝှေ့ယမ်းလိုက်ရာ လေတိုးသံများ တဝိုးဝိုးမြည်သွားလေသည်။ တစ်ဆက်တည်းမှာပင် ....

"ဖြန်း ...."

"အား ...."

"ဖြန်း ...."

"အား ...."

ကျာပွတ်သံနှစ်ချက်နှင့် အော်သံနှစ်ချက် ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်သွားလေသည်။ ဝတ်စုံနက်နှင့်လူနှစ်ယောက်၏မျက်နှာတွင် သွေးများရဲခနဲဖြာဆင်းသွားတော့သည်။

မုံလှသည် ထိုမျှနှင့် ကျေနပ်ပုံမရသေးပါ။

ကျာပွတ်ဖြင့် နောက်ထပ်သုံးချက်စီရိုက်ချလိုက်ရာ ထိုလူနှစ်ယောက်စလုံး တစ်ချက်မျှသာလူးလွန့်နိုင်ပြီးငြိမ်သက်သွားကြတော့သည်။ သေဆုံးသွားခြင်းတော့မဟုတ်ပါ။ သို့သော် ထိုလူနှစ်ယောက်အနေဖြင့် သိုင်းလောက၌ နှစ်ပေါင်းအတန်ကြာအောင် ပြန်လည်ကျင်လည်ကျက်စားနိုင်တော့မည်မဟုတ်ချေ။

✵



မုံလှ၏မြင်းပေါ်တွင် လူတစ်ယောက် အပိုပါလာသည်။

မိန်းကလေးတစ်ဦးဖြစ်၏။ ထိုမိန်းကလေးသည် အင်အား ည်နဲ့စွာဖြင့် မုံလှ၏ရင်ခွင်ထဲ မှီနိုလိုက်ပါလာခြင်းဖြစ်သည်။

မုံလှသည် သူမပြောပြသောရွာကလေးဆီသို့ ခေါ်ဆောင်လာ ဖြစ်သည်။ ထိုရွာသို့ရောက်သည်နှင့် သူမညွှန်ပြပြသောအိမ်လေး သို့ဦးတည်သွားသည်။

အိမ်ရှေ့ရောက်သည့်အခါ အိမ်ထဲမှလူငယ်တစ်ယောက် ပျာ သလဲပြေးထွက်လာပြီး မိန်းကလေးကိုတစ်လှည့် မုံလှကို တစ်လှည့် ည့်သည်။

သူ၏မျက်နှာထားသည် ရုတ်တရက်တင်းမာခက်ထန်သွား ....

"ကျုပ်ညီမ ဘာဖြစ်တာလဲ၊ ခင်ဗျားကကော ဘယ်သူလဲ"

ဒေါသတကြီးလေသံဖြင့်မေးလိုက်သည်။

မုံလှက ထိုလူငယ်အား တစ်ချက်စိုက်ကြည့်ကာ ....

"ခင်ဗျားညီမလား၊ ဒါဆို နောက်မှမေး၊ သူ့ကိုအိမ်ထဲအရင် ခေါ်သွားပါ"

ထိုအခါမှ လူငယ်လည်း မိန်းကလေးအား မြင်းပေါ်မှ ပျာပျာ ဲ ချီကာ အိမ်ခန်းတွင်းသို့ခေါ်ဆောင်သွားသည်။

အိပ်ခန်းတွင်းရှိခုတင်ပေါ်ရောက်သည့်အခါ မိန်းကလေး ည် မျက်လုံးကို အားယူဖွင့်ကြည့်ရင်း ....

အားအင်ချည့်နဲ့စွာဖြင့် ....

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် ကျွန်ုပ်မကို လူနှစ်ယောက်လက်ထဲကနေ ဒီအစ်ကို
ကယ်လာတာပါ"

ထိုအခါမှ လူငယ်သည် သက်ပြင်းတစ်ချက် အသာအ
ချကာ အိမ်ပြင်သို့ပြန်ထွက်လာပြီး မှုံလူအား လက်နှစ်ဖက်ဆုပ်၍ အ
အသေပြုလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်မိတ်ဆွေ၊ မြင်းပေါ်ကဆင်းပြီး ခ
လောက်ဝင်ပြီးအနားယူပါဦး၊ ကျွန်ုပ်တော်သမားတော်သွားပင့်ပါရစေ"

လူငယ်က ထိုသို့ပြောပြီးထွက်သွားရာ မှုံလူလည်း မတ
နိုင်တော့ဘဲမြင်းပေါ်မှဆင်းလိုက်ရသည်။

ထို့နောက် မြင်းကိုတစ်နေရာတွင်ချည်ထားခဲ့ကာ အိ
ဝင်၍ မိန်းကလေးအား အကဲခတ် ကြည့်ရှုလေသည်။

မကြာမီမှာပင် .... အဘိုးအိုတစ်ယောက် အိမ်ထဲဝင်လာ
မိန်းကလေးအနားလျှောက်လာသည်။ ဆေးအိတ်ကိုဘေးတွင်ချ
မိန်းကလေးကိုတစ်ချက်အကဲခတ်လိုက်၏။ ထို့နောက် အိတ်ထဲမှဆေ
ဖူးများကိုထုတ်ရင်း အသံတုန်တုန်ယင်ယင်ဖြင့် ....

"အင်း .... ဆောင်းလောင်ရော ငါ့ကိုအကျိုးအကြော
ပြောပြီး ရွာအပြင်ဘက်ကိုဒေါသတကြီးထွက်သွားလေရဲ့"

အဘိုးအို၏စကားအရ .... ဆောင်းလောင်ဆိုသူသ
မိန်းကလေး၏အစ်ကိုဖြစ်ကြောင်း မှုံလူသိလိုက်ရသည်။

ဆောင်းလောင်သည် သမားတော်အား အကျိုးအကြော
ပြောကာ အိမ်သို့စေလွှတ်လိုက်ပြီး သူကိုယ်တိုင်ကမူ ရန်သူများအ



တွေ့လိုတွေ့ငြားရှာဖွေရန် ထွက်သွားခြင်းဖြစ်ပေလိမ့်မည်။

သမားတော်အဘိုးအိုသည် မိန်းကလေးအား အတန်ကြာ
အောင်ပင် ပြုစုစမ်းသပ်နေခဲ့၏။ သို့သော် ကျေနပ်အားရဟန်မတူချေ။
မိန်းကလေး၏အခြေအနေကိုကြည့်ကာ အမျိုးမျိုးစဉ်းစားတွေး
တောနေလေသည်။

စဉ်းစားရင်း ချီတုံချတုံဖြစ်နေဟန်လည်းရှိ၏။ ခဏကြာမှ
ယတိပြတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် မှုံလူဘက်လှည့်ကာ ....

"ဟော့ သူငယ် .... ခဏလာစမ်းပါဦး"

မှုံလူ ကြောင်အမ်းအမ်းဖြစ်သွားပြီး အဘိုးအို၏အနားသို့ ထ
လာခဲ့လေသည်။ အဘိုးအိုက မှုံလူအားသေချာကြည့်၍ ....

"မင်း .... ငါ့ကို နည်းနည်းလောက်အကူအညီပေးပါ"

"ဟုတ်ကဲ့ ပြောပါဆရာ ကျွန်ုပ်တော်ဘာလုပ်ပေးရမလဲ"

သမားတော်ကြီးသည် မိန်းကလေးအားတစ်ချက်ကြည့်ကာ
သက်ပြင်းချလိုက်သည်။ ပြီးမှ ....

"သူ့ရဲ့အသက်ရှူအားက သိပ်နည်းနေတယ်၊ အဲဒါ မကောင်း
ဘူးကွ၊"

မှုံလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ အဲဒီတော့ ....."

သမားတော်ကြီးကသက်ပြင်းချရင်း ....

"အဲဒီတော့ ငါ ဒီကအကြောတွေကိုဖြေထားပေးမယ်၊ မင်း
က သူ့ပါးစပ်ကို မင်းပါးစပ်နဲ့တေ့ပြီးလေမှုတ်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ...."

မုံလူမှာ မျက်လုံးမျက်ဆန်ပြူးဖြစ်သွားကာ ....

"အဲ.... အဲဒါတော့ ဆရာကြီးပဲလုပ်ပါ၊ ကျုပ်တာ ကျွန်တော် အကုန်လုပ်ပါ့မယ်"

သမားတော်ကြီးက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"မဖြစ်လို့ပေါ့ကွယ်၊ ငါကအသက်ကြီးပြီကွ၊ အားအင်တွေ ကုန်ခမ်းနေလို့ မှတ်အား မရှိတော့ဘူးလေကွာ၊ အရေးကြီးတာက ခုလောလောဆယ် မိန်းကလေးရဲ့အဆုပ်ထဲကို လေအားပြင်းပြင်းဝင် ဖို့လိုတယ်၊ ကဲပါ ဘာမှရှည်ရှည်ဝေးဝေးတွေးမနေနဲ့၊ ငါ့ကိုကူစမ်းပါ ဆေးကုတယ်ဆိုတာ ကုသိုလ်ရပါတယ်ကွ"

မုံလူမှာ ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားရတော့၏ မိန်းကလေးအား တစ်ချက်လှမ်းကြည့်မိသည်။

မိန်းကလေးကလည်း အားကိုးတကြီးဖြင့် သူ့အား ချည့်နဲ့စွာ ပြန်ကြည့်သည်။

မုံလူသည် မစောင်နိုင်တော့သည့်အဆုံး သက်ပြင်းတစ်ချက် ချကာ သမားတော်ကြီးပြောသည့်အတိုင်း မိန်းကလေး၏ပါးစပ်မှ တစ်ဆင့် အဆုပ်ထဲသို့ လေရောက်အောင် တအားမှုတ်သွင်းပေးလိုက် တော့သည်။

သမားတော်ကြီးကလည်း တစ်ဖက်မှအကြောများကိုနှိပ်နယ် ပေးရင်း ဆေးလူးပေးသည်။ အတန်ကြာမှ သမားတော်ကြီးက မုံလူ အားလက်ကာပြလိုက်ပြီး ....



"ရပြီသူငယ် .... မိန်းကလေးရဲ့အခြေအနေ အတော်ကြီးကို ကောင်းသွားပါပြီ"

ထိုသို့ပြောပြီးနောက် သမားတော်ကြီးသည် မိန်းကလေး အား ဆေးများဆက်လက်တိုက်ကျွေးလေ၏။ မုံလူသည် မိန်းကလေး ၏အခြေအနေပြန်ကောင်းလာသည်ကိုတွေ့ရသဖြင့် ဝမ်းသာသွား သည်။ သူသည် မိန်းကလေးအား ထိုသို့ အကူအညီပေးလိုက်ရသည့် အတွက် စိတ်ထဲတွင် မည်သည့်ခံစားမှုမျိုးမှမရှိခဲ့ချေ။

သာမန် လုပ်ရိုးလုပ်စဉ်အတိုင်း လိုအပ်သလို အကူအညီပေး သည့်သဘောမျိုးသာဖြစ်ပေသည်။

သမားတော်ကြီး၏ကုသမှုစွမ်းအားကလည်း အံ့မခန်းထက် မြက်လှသည်ဟုဆိုရပေမည်။

မိန်းကလေးသည် မကြာမီအချိန်မှာပင် ငုတ်တုတ်ထထိုင်နိုင် ပြီး မျက်နှာမှာလည်း လန်းဆန်းလာသည်ကို တွေ့ရလေ၏။

သူမသည် သမားတော်ကြီးနှင့်မုံလူတို မျက်လုံးရွဲကြီးများဖြင့် စိုက်ကြည့်ရင်း ကျေးဇူးတင်ဟန်ဖြင့်ပြုံးပြလိုက်လေသည်။

"ဆရာကြီးကော ဟိုအစ်ကိုကိုပါ ကျေးဇူးတင်ပါတယ်ရှင်"

✱

www.burmeseclassic.com

www.burmeseclassic.com



နေလုံးကြီးသည် အနောက်မိုးကုတ်စက်ဝိုင်းဆီသို့ငုပ်လျှိုးဝင်ရောက်စပြုပြီဖြစ်သည်။ သမားတော်ကြီးပြန်သွားသည်မှာလည်း အချိန်အတော်ကြာပြီဖြစ်သည်။

သို့တိုင်အောင် မိန်းကလေး၏အစ်ကိုသည် ယခုအချိန်ထိတိုင် ပြန်ရောက်မလာသေးချေ။ မုံလှမှာ ဆက်ပြီးနေရကောင်းနိုး၊ ပြန်သွားရကောင်းနိုးနှင့် မဝေခွဲမဆုံးဖြတ်နိုင်ဘဲ ချီတုံချတုံဖြစ်နေရလေတော့သည်။

မိန်းကလေးသည် အတော်လေးနေထိုင်ကောင်းသွားပြီဖြစ်၍ ရေနွေးကရားကိုယူကာ မုံလှရှေ့ ချပေးရင်း ....

“အစ်ကို .... ရေနွေးကြမ်းလေးသောက်လိုက်ပါဦး၊ ကျွန်မအစ်ကိုလဲ ပြန်လာတော့မှာပါ”

မုံလှသည် မိန်းကလေးကိုတစ်ချက်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

“အေး .... အေး သောက်ပါ့မယ်ကွယ်၊ ဒါပေမယ့် ညီမလေးတရေးလောက်သွားအိပ်ပြီး နားနေလိုက်ပါ၊ အစ်ကို့ကို အားနာမနေပါနဲ့”

မိန်းကလေးလည်း ခေါင်းညိတ်ပြီး အတွင်းခန်းသို့ ပြန်လည်ဝင်ရောက်သွားတော့သည်။ ထိုအချိန်မှာပင် လူငယ်သည် အပြင်မှပြန်လည်ရောက်ရှိလာလေသည်။ သူ၏မျက်နှာမှာ တစ်ခုခုကိုခံစားနေရသည့်အသွင်ပေါ်နေသည်။ သူသည် မုံလှအား ဦးညွှတ်အရိုအသေပြုကာ မုံလှအနားတွင် ဝင်ရောက်ထိုင်ချလိုက်၏။



တစ်ဆက်တည်းမှာပင် ....

“မိတ်ဆွေကို ကျွန်တော်လေးစားပါတယ်၊ ရန်သူတွေ ဘယ်သူတွေလဲဆိုတာ ကျွန်တော်သိခဲ့ရပါပြီ”

ဟုပြောလေသည်။ မုံလှကစိတ်ဝင်စားသွားဟန်ဖြင့် ....

“ဟုတ်လား အဲဒီလူတွေဟာ အရင်က ခင်ဗျားနဲ့ရန်ငြိုးရှိခဲ့ဖူးတဲ့လူတွေလား”

လူငယ် ခေါင်းခါလိုက်သည်။

“ဘာရန်ငြိုးမှမရှိပါဘူးဗျာ၊ အဲဒီလူနှစ်ယောက်ဟာ ခိုးဆိုးတိုက်ခိုက်နေတဲ့ဓားပြနှစ်ယောက်ပဲ၊ ခုတော့ မိတ်ဆွေရဲ့လက်ချက်နဲ့ ဒီလူနှစ်ယောက် ဘော်တော်နဲ့နှာလန်ထနိုင်မှာမဟုတ်တော့ဘူး”

မုံလှက ခေါင်းငုံ့ထားလိုက်သည်။ လူရွယ်က ....

“ဒါနဲ့ မိတ်ဆွေရဲ့နာမည်ကော ကျွန်တော်မသိရဘူးလား”

မုံလှကပြုံးပြလိုက်ပြီး ....

“ကျွန်တော့်နာမည် မုံလှပါ”

လူရွယ်သည် လွန်စွာမှပင် အံ့ဩသွားဟန်ဖြင့် မုံလှအား စူးစိုက်ကြည့်လိုက်လေသည်။

“မုံလှဟုတ်လား၊ ဒါဆို နတ်ကျားပွတ်ရှင် မုံလှပေါ့ ....”

မုံလှက အသာအယာခေါင်းညိတ်လိုက်ရာ လူရွယ်သည် ဝမ်းသာအားရဖြစ်သွားပြီး မုံလှ၏လက်နှစ်ဖက်ကိုဆုပ်ကိုင်လိုက်၏။

“မိတ်ဆွေရဲ့နာမည်ကို ကျုပ်ကြားဖူးတာကြာပါပြီ၊ အခုမှပဲ လူချင်းတွေ့ရတော့တယ်”

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရွယ်သည် အလွန်ပင်ဝမ်းသာအားရနေပုံရသည်။

"ကျွန်တော့်နာမည် ဆောင်းလောင်လို့ခေါ်ပါတယ်၊ ညီမလေးနာမည်ကတော့ဆောင်းယုံပါ၊ အခု .... ခင်ဗျားရဲ့ကျေးဇူးကြောင့် ကျွန်တော့်ညီမလေး အသက်ကောအရှက်ပါ ချမ်းသာရာရခဲ့တာပါ"

မှုံလူကပြုံးလိုက်ပြီး ....

"ခရီးလမ်းကြုံလို့ ကယ်လိုက်ရတာပါ၊ အပန်းမကြီးပါဘူး"

ဆောင်းလောင်ကပြုံးရွှင်စွာဖြင့် ....

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ကျုပ်တို့ကျေနပ်အောင်တော့ ခင်ဗျားကိုပြုစုခွင့်ပြုပါ၊ ဒီမှာပဲတည်းခိုပြီး ဖြည်းဖြည်းမှပဲပြန်ပါ"

မှုံလူကလက်ကာရင်း တစ်စုံတစ်ခုကိုပြောရန် ဟန်ပြင်လိုက်သည်။ သို့သော် ဆောင်းလောင်ကအပြောမခံဘဲ ....

"ခင်ဗျားကျုပ်တို့မောင်နှမကိုခင်မင်တယ်ဆိုရင် ကျွန်တော်ပြောတာကိုမငြင်းပါနဲ့ဗျာ"

ဆောင်းလောင်က ထိုသို့ပြောရင်းထသွားတော့ရာ မှုံလူမှာ ပါးစပ်အဟောင်းသားနှင့်ကျန်ရစ်ခဲ့လေတော့သည်။

✷



နှစ်ရက် ....

နှစ်ရက်မျှသောအချိန်သည် လျင်မြန်စွာပင် ကုန်ဆုံးသွားပြန်လေသည်။ ဆောင်းလောင်တို့မောင်နှမသည် သူ့အား ညီအစ်ကိုရင်းချာပမာ လိုလေသေးမရှိအောင်ပြုစုကျွေးမွေးကြလေသည်။

သူတို့မောင်နှမမှာ မိဘများသေဆုံးသွားပြီးကတည်းက တစ်ဦးမှအိမ်ထောင်မပြုသေးဘဲ တစ်ဦးကိုတစ်ဦး ချစ်ခင်စွာ နေထိုင်လာခဲ့ကြသည်။

ဆောင်းလောင်သည် သိုင်းဆရာမကြီးတစ်ဦးထံတွင် သိုင်းပညာသွားရောက်သင်ကြားနေသည်ဟုသိရသည်။ သို့သော် မည်သည့်သိုင်းပညာများကို မည်သည့်နေရာ၌သွားရောက်သင်ယူနေသည်ကိုတော့ မှုံလူကမမေးပါ။

ဆောင်းလောင်ကလည်း အတိအကျ မပြောချေ။ သူ၏ညီမဖြစ်သူဆောင်းယုံ၏စကားအရသာ မှုံလူကသိရှိရခြင်းဖြစ်လေသည်။

ဆောင်းယုံက ....

"အစ်ကိုဟာ သိုင်းဆရာမကြီးတစ်ယောက်ဆီမှာ ပညာသင်နေပါတယ်၊ ဒါပေမယ့် သူ့ဆရာဘယ်သူဘယ်ဝါဆိုတာတော့ ကျွန်မလဲ အစ်ကို့ကို မေးမကြည့်မိပါဘူး။ အစ်ကိုဟာ တစ်ခါတစ်လေ နှစ်လလောက်ကြာမှပြန်လာပြီး တစ်ခါတစ်လေတော့ တစ်လတစ်ခါပြန်လာတတ်ပါတယ်၊ အမှန်တော့ သူဟာ ကျွန်မကိုစိတ်မချလို့သာ ပြန်လာတာပါ၊ နို့မို့ရင် ပြန်လာမယ်တောင်မထင်ဘူး"

ထိုအကြောင်းလောက်ကိုသာ ဆောင်းယုံထံမှကြားခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ မှဲ့လှူအနေဖြင့်မူ ဘာတစ်ခွန်းမျှဝင်ရောက်မေးမြန်းခြင်း မရှိချေ။

သူသည် ဆောင်းလောင်နှင့် သူငယ်ချင်းညီအစ်ကိုပမာ ခင်မင်ခဲ့သည့်အပြင် လုပ်ကိုင်စရာလုပ်ငန်းများလည်းမရှိတော့သဖြင့် အနားယူရင်း ဆောင်းလောင်၏အိမ်မှာပင် ခေတ္တတည်းခိုနေထိုင်ခဲ့လေ၏။ ထိုသို့နေထိုင်ခဲ့ရာမှ ....

သုံးရက်မြောက်နေ့တွင် ဆောင်းလောင်က ....

"မှဲ့လှူ ခင်ဗျားကို ကျုပ်အားတော့နာတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားဆီက အကူအညီတစ်ခုလောက်တော့တောင်းချင်တယ်"

မှဲ့လှူမျက်မှောင်ကုပ်သွားသည်။

"ဘာအကူအညီများလဲ"

ဆောင်းလောင်သည် ဘာမှပြန်မပြောသေးဘဲ အတန်ကြာစဉ်းစားနေလိုက်၏။

ပြီးမှ မှဲ့လှူ၏မျက်နှာကိုလှမ်းကြည့်ကာ ....

"ကျုပ်ခရီးသွားစရာရှိနေလို့ပါ၊ အဲဒါ ခင်ဗျားဒီမှာအေးအေးဆေးဆေးအနားယူရင်း တစ်လလောက် ကျုပ် ညီမလေးကိုစောင့်ရှောက်ပေးစေချင်တာပါ"

ဆောင်းလောင်၏စကားကြောင့် မှဲ့လှူမှာ မျက်လုံးများဝိုင်းစက်ပြူးကျယ်သွားရသည်။

"ဟာ ...၊ ဒါတော့ဘယ်ဖြစ်ပါ့မလဲဗျာ၊ ကျုပ် ကျုပ်မှာလဲ သွားစရာတွေရှိနေသေးတယ်ဗျ"



ဆောင်းလောင်၏မျက်နှာ ရုတ်ခြည်းညှိုးငယ်သွားတော့သည်။ သူသည် မှဲ့လှူအား ဘာမှဆက်မပြောတော့ဘဲအဝေးသို့သာ ငိုင်တွေငေးမောကြည့်နေလေတော့၏။ မှဲ့လှူသည် ဆောင်းလောင်၏မျက်နှာ ညှိုးငယ်သွားသည်ကိုတွေ့ရသည့်အခါ စိတ်မကောင်းဖြစ်သွားမိသည်။ သူသည် အတန်ကြာအောင်စဉ်းစားနေပြီးမှ ....

"ခင်ဗျားက ဘယ်လောက်ကြာမှာလဲ၊ ကျုပ်မှာလဲ အလုပ်တွေကရှိနေသေးတယ်ဗျာ"

ဆောင်းလောင်က သူ့အားခေါင်းမော့ကြည့်လိုက်ပြီး..

"ကျုပ် အလွန်ဆုံးကြာရင် တစ်လလောက်ပါပဲ၊ ဒါပေမယ့် ခင်ဗျားက မနေနိုင်ဘူးဆိုတော့လဲ ...."

ဆောင်းလောင်သည် စကားကို ဆက်လက်မပြောတော့ဘဲ တစ်ဘက်သို့လှည့်နေလိုက်လေသည်။ မှဲ့လှူသက်ပြင်းတစ်ချက်ချလိုက်မိ၏။ သူ့အနေဖြင့် မိတ်ဆွေသူငယ်ချင်း၏အခက်အခဲကို လျစ်လျူပြုထားနိုင်ခြင်းမရှိပါ။ ထို့ကြောင့် စိတ်နှလုံးဒုံးဒုံးချပြီး ....

"အင်းလေ ခင်ဗျားသာအမြန်ဆုံးပြန်လာပါ၊ ကျုပ် ခင်ဗျားညီမလေးကိုစောင့်ရှောက်ပြီးနေပေးပါ့မယ်"

ထိုစကားကြားလိုက်ရသောအခါ ဆောင်းလောင်၏မျက်နှာ ရွှင်လန်းသွားပြီး ကျေးဇူးတင်ဟန်ဖြင့် မှဲ့လှူ၏လက်နှစ်ဖက်ကို ပြေး၍ဆုပ်ကိုင်လိုက်လေတော့၏။

✵

www.burmeseclassic.com

www.burmeseclassic.com



(၁၅)ရက် ....

(၁၅)ရက်ဟူ့အချိန်သည် ကုန်လွန်၍သွားပြန်လေ၏။

မှုံလူ့သည် ပျင်းပျင်းရှိသည်နှင့် ချာနှင့်မလုမ်းမကမ်းတွင်ရှိ သောတောင်ပူစာလေးတစ်ခုပေါ်သို့တက်၍ သူ၏ဘဝကိုတွေးတော နေမိလေသည်။

မှုံလူ၏ဘဝသည် ငယ်စဉ်ကလေးဘဝကစ၍ ဒုက္ခအမျိုးမျိုး နှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သူ၏မိဘနှစ်ပါးသည် တစ်ချိန်တည်း မှာပင် လူဆိုးဓားပြတစ်စု၏သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း သူ ကလေး ဘဝအရွယ်ကစ၍သိရှိခဲ့ရသည်။

သူ့အားကြီးပြင်းလာသည်အထိပြုစုကျွေးမွေးပြီး သိုင်းပညာ အရပ်ရပ်ထူးချွန်အောင်သင်ကြားပေးလာခဲ့သူမှာ ချန်စုမြို့နှင့် မဝေးလှ သောတောင်ပေါ်တွင်နေထိုင်ကြသည့် သိုင်းဆရာကြီး လင်မယားပင် ဖြစ်လေသည်။

ထိုသိုင်းဆရာလင်မယား၏အမည်မှာ လုံဝူနှင့်ကျင်းရွှေတို့ ဖြစ်သည်။ လုံဝူနှင့်ကျင်းရွှေတို့သည် မှုံလူ့အား ကရုဏာသက်စွာဖြင့် သူတို့၏သားအရင်းပမာပြုစုစောင့်ရှောက်ပြီး သူတို့တတ်မြောက်ထား သမျှသိုင်းပညာများကို အိတ်သွန်ဖာမှောက် သင်ကြားပေးခဲ့ကြလေ သည်။

မှုံလူ့သည် (၇)နှစ်သားအရွယ်မှစတင်ကာ ထိုသိုင်းဆရာ လင်မယားထံရောက်ရှိနေပြီး သိုင်းပညာရပ်များကိုလည်း ထိုအချိန် မှစ၍သင်ကြားခဲ့ရသောကြောင့် လုံဝူနှင့်ကျင်းရွှေကို မိခင်ဖခင်ရင်း



သမာ ချစ်ခင်လေးစားနေခဲ့သည်။

အသက်မှာ(၂၀)ကျော်အရွယ်တွင် လုံဝူနှင့်ကျင်းရွှေတို့ထံမှ သိုင်းပညာများကို သင်ယူတတ်မြောက်တတ်မြောက်လာခဲ့သည်။

သိတတ်သောအရွယ်ရောက်လာပြီဖြစ်၍လည်း မိဘများ အကြောင်းကိုသိချင်လာသည်။ လုံဝူနှင့်ကျင်းရွှေတို့၏ပြောပြချက်အရ သူ့မိဘများသည် လုပ်ကြံခံခဲ့ရခြင်းဖြစ်ကြောင်းသိရှိခဲ့ရသည်။

သူ၏မိဘများ အား လုပ်ကြံခဲ့သူကိုမေးမြန်းသည့်အခါတွင်မူ လုံဝူနှင့်ကျင်းရွှေတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရန်သူ ဘယ်သူဘယ်ဝါမှန်းမသိကြောင်းပြောခဲ့လေသည်။

မှုံလူ့သည် စိတ်ထဲတွင် မတင်မကျဖြစ်ကာ လုံဝူနှင့်ကျင်းရွှေ တို့အား သူ၏မိဘများကိုသတ်ခဲ့သည့်ရန်သူအား ကိုယ်တိုင်ကိုယ်ကျ သွားရောက်ရှာဖွေခွင့်ပြုရန် တောင်းပန်လေသည်။

လုံဝူနှင့်ကျင်းရွှေတို့လည်း မတတ်သာတော့သည့်အဆုံး တွင် မှုံလူ့အား သွားခွင့်ပြုလိုက်ရလေသည်။

ထိုအချိန်မှစ၍ မှုံလူ့သည် သိုင်းလောကထဲသို့ဝင်ရောက် ကျက်စားပြီး မိဘ၏ရန်သူများကို လိုက်လံစုံစမ်းရှာဖွေလေတော့၏။

စားဝတ်နေရေးအတွက် တရားမျှတသောနည်းဖြင့် အသက် မွေးဝမ်းကျောင်းပြုနေခဲ့ရာမှ ယခုကဲ့သို့ အခကြေးငွေယူ၍အကူအညီ ပေးသော ကြေးစားဓားသမားအဖြစ်ရောက်ရှိလာခဲ့ရခြင်းဖြစ်ပေသည်။

မှုံလူ့သည် သူ၏ဘဝအား စဉ်းစားနေမိရာမှ ရုတ်တရက်အခြ သံကြား၍နောက်သို့လှည့်ကြည့်လိုက်ရာ ....

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့တောက်ပသောရွဲ နေသော မျက်လုံးကြီးများဖြင့် သူ့အား ပြုံးရယ်၍ကြည့်နေသော ဆောင်းယုံအား တွေ့မြင်လိုက်ရသည်။

✸

ဆောင်းယုံ ....

သူမသည် အသက်(၁၈)နှစ်မျှသာရှိသေးသော်လည်း သူမ ကိုယ်ကာယမှာ ထွားကျိုင်းဖွံ့ဖြိုးလှသဖြင့် ရုတ်တရက်ကြည့်မည်ဆိုပါက ယောကျ်ားကြီးတစ်ယောက်ပေလားဟုပင် ထင်မှတ်မှားယောက်ပေသည်။

သူမသည် နေ့ထိုင်ကောင်းသွားသည့်နေ့မှစ၍ ယနေ့အထိ မှုံလူအား ဘာမျှလို့လေသေးမရှိအောင် ချက်ပြုတ်ကျွေးမွေး၍နေခဲ့သည်။ သို့သော် ....

သူမ၏မျက်လုံးရွဲကြီးများဖြင့် မှုံလူအား မကြာမကြာစူးစိုက်ကြည့်ပြီး ပြုံး၍ပြုံး၍ပြတတ်သည်ကိုတော့ မှုံလူက မနှစ်သက်ချေ။ မှုံလူသည် ရိုးသားဖြောင့်မတ်သူတစ်ယောက်ဖြစ်သည်။ ယခုချိန်ထိ သူသည် အိမ်ထောင်ပြုရန် လုံးဝစိတ်ကူးမရှိသေးချေ။

အကြောင်းမှာ သူ၏ဘဝသည် ဓားနှင့်ကစားနေရသောကြောင့်ဖြစ်သည်။ သူ့ကြောင့် သူနှင့်ပတ်သက်သည့်မိန်းကလေး ဒုက္ခရောက်မည်ကို မလိုလားသောကြောင့်ဖြစ်သည်။



သို့ဖြစ်၍ သူသည် သူ့အပေါ်စိတ်ဝင်စားသောမိန်းကလေးအတော်များများကို တွေ့ဖူးမြင်ဖူးသည့်တိုင် မသိကျိုးကျွန်ပြုနေခဲ့ခြင်းဖြစ်သည်။

ယခုဆောင်းယုံ ....

ဆောင်းယုံသည်လည်း သူ့အပေါ် စိတ်ဝင်စားနေသည်ဟု ထင်မိသည်။ သူမသည် သူ့အား လိုသည်ထက်ပို၍ပြုစုစောင့်ရှောက်နေသည်မဟုတ်ပါလား။

ရေလာမြောင်းပေးစကားများကိုလည်း မကြာခဏပြောဆိုတတ်ပေသည်။

သို့သော် သူမအား မှုံလူ လုံးဝစိတ်မဝင်စားပါ။

ထို့ကြောင့် သူသည် ဘာသိဘာသာပင်နေခဲ့လေ၏။

နောက်တစ်ချက် အနေဖြင့်လည်း သူမ၏အစ်ကိုမရှိသောအချိန်တွင် ပို၍သစ္စာရှိစွာနေထိုင်ရမည်မဟုတ်ပါလား။

✸

ဆောင်းယုံက သူ့အားစူးစိုက်ကြည့်လိုက်ပြီး

"အစ်ကို ဒီမှာ တစ်ယောက်ထဲဘာလာထိုင်လုပ်နေတာလဲ"

မှုံလူက သူမအား တည်ကြည်စွာဖြင့်လှမ်းကြည့်လိုက်၏။

"ဒီလိုပေါ့၊ ပျင်းပျင်းရှိတာနဲ့လာထိုင်နေတာ"

ဆောင်းယုံကရယ်မောလျက် ....

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ကျွန်မကို တစ်ယောက်ထဲအိမ်မှာထားခဲ့တော့ ကျွန်မလဲပျင်းနေတာပေါ့"

မှုံ့လူက ခပ်တည်တည်ဖြင့် သူမအားလှည့်ကြည့်လိုက်ပြီး...

"ခါတိုင်းလဲ ဆောင်းလောင်မရှိတဲ့အချိန်မှာ နင် ဒီလိုပဲတစ်ယောက်ထဲနေရတာပဲမဟုတ်လား"

ဆောင်းယုံသည် နှုတ်ခမ်းစူလိုက်ပြီး ....

"အစ်ကို စကားပြောတဲ့လေသံကလဲ မာလိုက်တာ၊ ကျွန်မက အစ်ကိုကြီးတစ်ယောက်လိုသဘောထားပြီး ပျင်းလို့လိုက်လာတာပေါ့"

မှုံ့လူက ဘာမျှမပြောတော့ဘဲ တစ်ဘက်သို့လှည့်နေလိုက်သည်။ ဆောင်းယုံသည် သူမ၏လက်ထဲတွင် ဖြူဖြူအရာဝတ္ထုလေးများကို လက်တစ်ဖက်မှတစ်ဖက်သို့ပြောင်း၍ကစားနေ၏။

သူမသည် ထိုသို့ကစားနေရာမှ ရုတ်တရက် မှုံ့လူအားလှမ်းကြည့်လိုက်ပြီး ....

"အစ်ကိုကသိပ်တော်တာပဲ"

မှုံ့လူသည် ဆောင်းယုံ၏အဆက်အစပ်မရှိသောစကားများကြောင့် မျက်မှောင်ကုပ်၍သူမအားကြည့်လိုက်ပြီး ....

"ဘာတော်တာလဲ"

ဆောင်းယုံက မှုံ့လူကိုကြည့်၍ပြုံးပြလိုက်သည်။

"ကျွန်မ အခုလိုနေကောင်းသွားတာဟာ သမားတော်ကြီးနဲ့ အစ်ကိုက ဝိုင်းပြီးပြုစုကုသပေးလို့ပေါ့၊ မဟုတ်ဘူးလား"



မှုံ့လူ၏မျက်နှာမှာ တစ်ချက်နီရဲသွားပြီး ဆောင်းယုံအား စူးစိုက်ကြည့်လိုက်သည်။

"နင် ဒီကိစ္စကိုဘယ်လိုမှသဘောမထားနဲ့၊ ငါက သမားတော်ကြီးနိုင်းလို့လုပ်ပေးရတာ"

ဆောင်းယုံရယ်မောလိုက်သည်။

"ကျွန်မကတော့ ဘာပြောနေလို့လဲ၊ အစ်ကို့ကို ကျေးဇူးတင်ပါတယ်လို့ပြောတာပါ"

မှုံ့လူသည် ခေါင်းငုံ့ထား၍ ဆိတ်ဆိတ်နေလိုက်သည်။ ဆောင်းယုံက သူမ၏လက်ထဲမှအရာအား လက်တစ်ဖက်မှတစ်ဖက်သို့ပြောင်း၍ဆော့ကစားနေ၏။ အတန်ကြာသောအခါ ဆောင်းယုံသည် မှုံ့လူအနီးသို့လျှောက်လာပြီး သူမ၏လက်ကိုဖြန့်ပြလိုက်၏။

"ဒါ ဘာလေးလဲ အစ်ကိုသိသလား"

မှုံ့လူက သူမ၏လက်ထဲမှအရာဝတ္ထုလေးများကိုကြည့်လိုက်သည်။ လွန်စွာဖြူဖွေးတောက်ပပြီး အရွယ်အစားတူညီသည့်ပုလဲလုံးလေး ငါးလုံးကိုတွေ့လိုက်ရပေသည်။ မှုံ့လူကမျက်မှောင်ကုပ်၍ ....

"အဲဒါ ပုလဲလုံးလေးတွေပေါ့၊ ဘာဖြစ်လို့လဲ"

သူမသည် မှုံ့လူ၏စကားကို သဘောကျသွားပြီး မှုံ့လူနှင့် ဝေးဝေးသို့ပြေးလွှားသွားလေသည်။ မှုံ့လူသည် ကလေးစိတ်မကုန်သေးသောဆောင်းယုံအားကြည့်ကာ စိတ်ထဲမှပြုံးလိုက်မိ၏။

ထိုစဉ်မှာပင် ဆောင်းယုံက လက်ထဲမှ ပုလဲလုံးလေးတစ်လုံး ယူ၍ မှုံ့လူအားထောင်ပြလိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဟောဒီပုလဲလုံးလေးတွေကို လောကမှာ ကျွန်- အချစ်ဆုံး အခင်မင်ဆုံးလူအတွက် ဟောဒီလို ပစ်ပေးလိုက်မယ် ဒီ လား"

မုံ့လူ ဘာမှပြန်မပြောနိုင်မီမှာပင် ဆောင်းယုံသည် လက်ထဲ- ပုလဲလုံးလေးတစ်လုံးအား မုံ့လူထံ ပစ်လွှင့်လိုက်လေသည်။

မုံ့လူက အသာဖမ်းယူပြီး သူမထံသို့ပြန်ပစ်ပေးရင်း တစ်- တစ်ရာပြောရန်ဟန်ပြင်လိုက်သည်။ သို့သော် ဆောင်းယုံ၏အရိ- အယောင်ကိုပင် မတွေ့ရှိရတော့သဖြင့် မုံ့လူမှာကြောင်အမ်းအမ်းဖြ- သွားသည်။

သူသည် သက်ပြင်းတစ်ချက် အသာချပြီး ထိုပုလဲလုံးလေ- အား အမှတ်မထင်ပင် အိတ်ထဲသို့ထည့်သိမ်းထားလိုက်မိလေသည်။

✱

တစ်လတင်းတင်းပြည့်ပြီးသည့် နောက်တစ်ရက်ဝင်ဖြစ်၏ မုံ့လူသည် ခရီးစတင်ထွက်ရန် သူ၏မြင်းကို ပြင်ဆင်နေလေသည်။ ထိုအချိန်တွင် ဆောင်းယုံသည် သူ့အနီးသို့ရောက်လာပြီး မျက်နှာ မသာမယာနှင့်မေးလေသည်။

"အစ်ကို သွားတော့မလို့လား"

မုံ့လူခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"



ဆောင်းယုံသည် မျက်လွှာချလျက် လက်ထဲကိုင်ထားသော လဲလုံးလေးလုံးကို ဆော့ကစားနေသည်။

"အစ်ကိုဆောင်းလောင်ပြန်လာတဲ့အထိတောင် မစောင့်နိုင် တော့ဘူးလားဟင်"

မုံ့လူက ခေါင်းညိတ်လိုက်ပြီး ....

"ဟုတ်တယ် မစောင့်တော့ဘူး"

ဆောင်းယုံသည် မုံ့လူအား မော့ကြည့်ကာ ....

"ကျွန်မကို သူများက စော်ကားလာရင် ဘယ်လိုလုပ်မလဲ"

ထိုအခါ မုံ့လူက ရယ်မော၍ ပြန်ပြောလိုက်လေသည်။

"ဒီရွာထဲမှာ နင့်ကို ဘယ်သူမှမစော်ကားပါဘူး၊ ဒါပေမယ့် င်းပညာမတတ်ဘဲနဲ့တော့ တခြားတစ်ရွာကိုမသွားပါနဲ့၊ သွားရင်တော့ လိုပဲ ဒုက္ခတွေ့မှာပဲ"

မုံ့လူက ထိုသို့ပြောလိုက်သည့်အခါတွင် ဆောင်းယုံမှာမျက် ည်များစီးဆင်းကျလာသည်။ သိုင်းပညာမတတ်သဖြင့် ထိုသို့ အထင် သေးစွာပြောဆိုခြင်းခံရသည်ဟုတွေးကာ နာကြည်းသွားမိလေသည်။

မုံ့လူလည်း သူမ၏မျက်နှာကိုတစ်ချက်လှမ်းကြည့်ပြီး စိတ် ကောင်းဖြစ်သွားမိသည်။ သို့သော် သူသည် စိတ်ထဲဆုံးဖြတ်ထား ည့်အတိုင်းပင် မြင်းပေါ်သို့ခုန်တက်လိုက်လေသည်။

အခါ ဆောင်းယုံက သူ၏မြင်းနားသို့ရောက်လာကာ ....

"အစ်ကို ဘယ်ကိုသွားမှာလဲဟင်"

ဟုမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မုံလှက သူမအား ကရုဏာသက်စွာလှမ်းကြည့်ပြီး ....

"ကျုပ်က သိုင်းလောကထဲကျင်လည်ကျက်စားနေတဲ့လူ တစ်ယောက်ပဲ၊ သိုင်းလောကထဲပဲပြန်သွားရမှာပေါ့"

ဆောင်းယုံသည် မုံလှအား တစ်ချက်ခေါင်းမော့ကြည့်လိုက်ပြီး တစ်ခဏအကြာတွင် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ အိပ်ခန်းထဲသို့ပြေးဝင်သွားတော့သည်။

မုံလှသည် ဆောင်းယုံအားကြည့်ကာ စိတ်မကောင်းဖြစ်သွားမိသော်လည်း ....

စွတ်မှိတ်ပြီး ထိုအိမ်ကလေးမှထွက်လာခဲ့လေသည်။

✷

မုံလှထွက်သွားပြီးသိပ်မကြာမီမှာပင် ဆောင်းလောင်သည် ရောက်လာသည်။ သူတို့နှစ်ယောက် အထွက်နှင့်အဝင် အချိန်သိပ်မကွာလှပါ။ အများဆုံးရှိမှ ထမင်းတစ်တစ်အိုးကျက်ခန့်မျှသာ ကွာလိမ့်မည်။

ဆောင်းယုံသည် ဝမ်းနည်း၍ငိုကြွေးနေရာ အချိန်မည်မျှကြာသွားမှန်းမသိလိုက်ပေ။

မြင်းခွါသံကြားမှ သတိပြန်ဝင်လာ၏။

မုံလှ ပြန်လာသည်ထင်ပြီး အခန်းထဲမှဝမ်းသာအားရထွက်လာခဲ့သည်။



အိမ်ထဲဝင်လာသူနှင့် ပက်ပင်းတိုး၏။

သို့သော် အိမ်ထဲဝင်လာသူမှာ မုံလှမဟုတ်ဘဲ သူမ၏အစ်ကို ဆောင်းလောင်ဖြစ်နေသည်။

သူမသည် ဝမ်းနည်းစွာဖြင့် အစ်ကိုဖြစ်သူထံသွားရောက်ပြီး ငိုကြွေးမိ လိုက်လေသည်။ ဆောင်းလောင်မှာ နားမလည်နိုင်ဟန်ဖြင့် ဆောင်းယုံ ကိုကြည့်ကာ ....

"ညီမလေးဘာဖြစ်လို့လဲ၊ မုံလှကော"

ဆောင်းယုံက မျက်ဝန်းမှမျက်ရည်စများကိုသုတ်ရင်း ....

"စောစောကပဲ အိမ်ကထွက်သွားပြီ"

ဆောင်းလောင်သည် .... ဘာမသိဘာမသိဖြင့် ညီမဖြစ်သူ၏ မျက်နှာကိုကြည့်ကာ အံတင်းတင်းကြိတ်လိုက်မိသည်။

"ဒီကောင် သစ္စာမရှိဘူးနဲ့တူတယ် ဟုတ်လား"

အစ်ကိုဖြစ်သူ၏စကားကြောင့် ဆောင်းယုံ မျက်လုံးပြူးသွားပြီး တပျာကယာပင် ဖြေရှင်းချက်ပေးလိုက်ရသည်။

"သူ .... သူ ဘာအမှားမှမလုပ်ခဲ့ပါဘူး၊ ညီမကို ညီမလေး တစ်ယောက်လိုစောင့်ရှောက်ပြီးထွက်သွားတာပါအစ်ကိုရယ်"

ထိုအခါမှ ဆောင်းလောင်လည်း သက်ပြင်းတစ်ချက် အသာ ချနိုင်တော့သည်။

"ဒါနဲ့ သူဘယ်သွားမယ်လို့ပြောသွားသလဲ"

"သူက သိုင်းလောကမှာကျက်စားနေတဲ့သူဖြစ်လို့ သိုင်း လောကထဲပြန်သွားမယ်လို့ပြောသွားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလောင်သည် ညီမဖြစ်သူ၏မျက်နှာအား တစ်ချက် လှမ်းကြည့်လိုက်ပြီး ....

"ငါ့ညီမလေးကိုလဲ ငါ့ရဲ့ဆရာမကြီးဆီမှာ သိုင်းပညာသင်ဖို့ ပြောထားခဲ့ပြီးပြီ၊ မကြာခင် ညီမလေး အဲဒီကိုသွားနေရလိမ့်မယ်"

ဆောင်းယုံမှာ ထိုစကားကြားလိုက်ရသဖြင့် အံ့သြဝမ်းသာ သွားလေသည်။ စိတ်ထဲမှလည်းကြုံးဝါးလိုက်မိသည်။

"ကျွန်မ သိုင်းပညာတတ်ပြီးရင် ပြန်တွေ့ရဦးမှာပေါ့အစ်ကို မှုံလူရယ်"

✵

မှုံလူသည် လက်ထဲမှအရွယ်တူပုလဲနှစ်လုံးကို သေချာကြည့် ရင်း စဉ်းစားခန်းဝင်နေမိလေသည်။ သူ့စိတ်ထဲတွင် မျက်နှာဖုံးနှင့်လူ က သူ့အား ပုလဲတစ်လုံးပစ်ပေးသွားသည်ကို မည်သို့မျှစဉ်းစား၍မရ နိုင်အောင်ဖြစ်နေသည်။

ထိုမျက်နှာဖုံးနှင့်လူမှာ ဆောင်းယုံမဖြစ်နိုင်ဟု သူတစ်ထစ်ချ ယုံကြည်ထားသည်။ သူသည် ထိုသို့စဉ်းစားနေရာမှ သူ၏စိတ်သည် ကျင်းလျှံထံရောက်ရှိသွားပြန်သည်။

ကျင်းလျှံသည် အစက သူ့အား အလုပ်သဘောဖြင့်ငါးရင်း ခြင်းဖြစ်သည်။ သို့သော် ယခုအခါတွင်မူ အလုပ်သဘောထက်ပိုနေပြီ ဟုထင်မြင်မိသည်။



သူ့စိတ်ထဲတွင်လည်း ကျင်းလျှံ၏အစဉ်သဖြင့်ပြုံးရွှင်နေတတ် သောချစ်စဖွယ်မျက်နှာလေးကို နှစ်သက်စွဲလမ်းနေမိပေသည်။

အကယ်၍ ....

ကျင်းလျှံကသာ သူ့အားလက်ထပ်ပါမည်ဟုဆိုလာခဲ့လျှင် သူ့ အနေဖြင့်ငြင်းပယ်မည်မဟုတ်ပါ။

မှုံလူသည် ထိုသို့စိတ်ကူးယဉ်ငေးမောတွေးတောနေရာမှပင် တဖြည်းဖြည်းမျက်လုံးများစင်းလာကာ အိပ်ပျော်သွားလေတော့၏။

✵

ညည့်နက်ပြီဖြစ်သည်။ တစ်လောကလုံး အိပ်မောကျနေပြီ ဟုဆိုနိုင်ပေသည်။

သို့သော် .... အိပ်မပျော်နိုင်သူတစ်ယောက်ရှိနေ သေးသည်။

သူကား ဆောင်းယုံဖြစ်၏။

ဘယ်လူးညာလူးဖြင့် တစ်ညလုံးအိပ်၍မရနိုင်အောင်ဖြစ်နေ သည်။ သူမသည် မှုံလူနှင့်ပြန်လည်ဆုံတွေ့နိုင်ရန် အချိန်ရှိသရွေ့ မျှော် လင့်မှန်းဆ စောင့်စားနေခဲ့သူဖြစ်သည်။

သို့သော် မှုံလူနှင့်ပတ်သက်သည့် သတင်းကိုပင် မကြားရဘဲ ရှိနေခဲ့လေသည်။

တစ်နေ့တွင် ဆောင်းယုံသည် ပျင်းပျင်းရှိသည်နှင့်ဆရာမကြီး ထံတွင်ခွင့်တောင်းပြီး တောင်ခြေသို့ဆင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက တောင်ခြေသို့ဆင်းလျှင် ရန်သူနှင့်တွေ့တတ်သဖြင့် ယောက်ျားလေးလိုဝတ်ဆင်သွားရန်နှင့် အရေးကြုံလာပါက မိန်းမည်သူမည်ဝါဖြစ်ကြောင်းမမှတ်မိနိုင်စေရန် မျက်နှာဖုံးစွပ်သွားရမည်ဟုပြောသဖြင့် ဆောင်းယုံသည် ဆရာမကြီးစကားအတိုင်းပင် ဝတ်စုံဖြကို ယောက်ျားလေးကဲ့သို့ဝတ်ဆင်၍ တောင်ခြေသို့ဆင်းလာခဲ့ခြင်းဖြစ်လေသည်။

အပြန်တွင် .... လူတစ်စုက အမျိုးသားတစ်ယောက်နှင့်အမျိုးသမီးတစ်ယောက်အား ဝိုင်းရံတိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရသည်။ ဆောင်းယုံသည် အမှတ်မထင် အကဲခတ်ကြည့်လိုက်ရာ အမျိုးသားမှာ မုံ့လှူဖြစ်ကြောင်းသိလိုက်ရသဖြင့် စိုးရိမ်ထိတ်လန့်သွား၏။

ချက်ချင်းပင် လက်နက်ပုန်းအဆိပ်အပ်များဖြင့် ဝင်ရောက်ကူညီတိုက်ခိုက်ပေးလိုက်သည်။

သို့သော် မိမိ မည်သူမည်ဝါဖြစ်ကြောင်း သိရှိသွားမည်ကို စိုးရိမ်သောကြောင့် မုံ့လှူအရေးသာသွားသည်နှင့် ရှောင်ရှားထွက်လာခဲ့သည်။

ယခုအခါ မုံ့လှူနှင့်ထိုအမျိုးသမီးသည် သူမထံမမျှော်လင့်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ကြပြန်လေသည်။

မုံ့လှူနှင့်ပြန်လည်ဆုံတွေ့ခွင့်ရသည့်အတွက် ဆောင်းယုံ ဝမ်းသာပျော်ရွှင်မိပေသည်။

သို့သော် ....



မုံ့လှူက မိမိအား ဂရုတစိုက်မရှိဘဲ ထိုမိန်းကလေးအပေါ်တွင်သာ ဂရုစိုက်နေသည်ကိုတွေ့မြင်ရပြန်သောအခါ ဆောင်းယုံမှာ ဝမ်းနည်းအားငယ်မိရပြန်လေသည်။

မုံ့လှူသည် ထိုအမျိုးသမီးအတွက်ဆိုလျှင် အသက်ကိုပင်ပေးဝံ့နေပါပြီကောဟုလည်းတွေးမိကာ ပို၍ပင်ကြေကွဲဝမ်းနည်းလာရလေသည်။

ကျင်းလျှံသည် မုံ့လှူအား အလုပ်သဘောအရ ငှါးရမ်းခဲ့သည်မှန်သော်လည်း ယခုအခါ အတော်ပင် သံယောဇဉ်တွယ်နေလောက်ပြီဟု ဆောင်းယုံတွေးနေမိသည်။

ဆောင်းယုံသည် သူမနံဘေးတွင် နှစ်ခြိုက်စွာအိပ်မောကျနေသော ကျင်းလျှံ၏မျက်နှာကိုတစ်ချက်လှမ်းကြည့်ကာ စိတ်ထဲတွင်မနာလိုစိတ်များပင် ဝင်ရောက်လာမိတော့၏။

သို့သော် သူမသည် ချက်ချင်းပင် ထိုစိတ်များကိုဖျောက်ဖျက်ပစ်လိုက်ပြီး ....

"သူတို့ရဲ့လမ်းခရီး ဖြောင့်ဖြူးနိုင်ကြပါစေလေ"

စိတ်ထဲမှရေရွတ်လိုက်မိလေတော့သည်။

✻

www.burmeseclassic.com

www.burmeseclassic.com



အုပ်ဆိုင်းနေသော သစ်ရိပ်ဝါးရိပ်များကြောင့် ရာသီဥတုသည် အေးစိမ့်၍နေပေသည်။ အိမ်ရှေ့ရှိကွပ်ပျစ်အနီးတွင် မီးဖိုမှ မီးညွန့်များသည် တလူလူတက်၍နေပေသည်။

သူတို့သုံးဦးစလုံးသည် စောစီးစွာပင် အိပ်ရာမှနိုးလာကြပြီး မီးလှုံနေကြခြင်းဖြစ်သည်။ ဆောင်းယုံသည် မီးဖိုမှမီးများမငြိမ်းအောင် ထင်းများကိုတွင်တွင်ထိုးထည့်နေရင်းမှ မကြာခဏဆိုသလို မုံ့လူအား လှမ်းကြည့်နေမိလေသည်။

ဆောင်းယုံသည် မုံ့လူအား မကြာခဏလှည့်ကြည့်ပြီးသက်ပြင်းများချနေသည်ကို ကျင်းလျှံ့ အမှတ်မထင်သတိပြုမိလိုက်သည်။ ထို့ကြောင့် မုံ့လူနှင့်ပတ်သက်၍ ဆောင်းယုံမည်သို့ခံစားနေရကြောင်း ကျင်းလျှံ့အကဲခတ်မိလိုက်သည်။

မိန်းမသားချင်းဖြစ်၍ ဆောင်းယုံခံစားနေရသည့်ဝေဒနာကို ကျင်းလျှံ့ကိုယ်ချင်းစာမိသည်။ ဆောင်းယုံအား တစ်ချက်ကြည့်ပြီး ....

"ညီမကိုတစ်ခုမေးချင်တယ်၊ စိတ်ဆိုးမလား"

ဆောင်းယုံက ကျင်းလျှံ့ကိုမျက်လုံးလှန်၍ကြည့်လိုက်ရင်း....

"ညီမ စိတ်မဆိုးတတ်ပါဘူးမမရဲ့ ဘာမေးချင်လို့လဲ"

ကျင်းလျှံ့က စကားဆက်မပြောသေးဘဲ မေးသင့် မမေးသင့် ချင့်ချိန်နေမိသည်။ ဆောင်းယုံက ....

"ဘာမေးမှာလဲမမရဲ့ မေးပါ"

ထိုအခါမှ ကျင်းလျှံ့ကပြုံး၍ ....

"ညီမမှာ ချစ်သူမရှိသေးဘူးလား"



ကျင်းလျှံ့၏စကားကြောင့် ဆောင်းယုံ၏မျက်နှာမှာ ရဲခနဲနီသွားပြီး ခေါင်းငုံ့ထားလိုက်လေသည်။ ကျင်းလျှံ့က ရယ်မောရင်း ထပ်မံမေးမြန်းလိုက်ပြန်သည်။

"ပြောပါညီမရဲ့"

ဆောင်းယုံက ပထမဆုံး မုံ့လူအား မျက်လုံးလှန်ကြည့်လိုက်သည်။ ပြီးမှ ကျင်းလျှံ့ဘက်သို့ပြန်လှည့်ကာ ....

"ကျွန်မလို ဘာပညာမှမတတ်တဲ့လူကို ဘယ်ယောက်ျားက လာပြီးကြိုက်ချင်မှာလဲမမရယ်"

ထိုစကားကြောင့် မုံ့လူသည် သူမအား ရုတ်တရက် လှမ်းကြည့်လိုက်မိသည်။ ကျင်းလျှံ့က မသိချင်ယောင်ဆောင်နေလိုက်၏။

"ဒါနဲ့ ဆောင်းယုံ နင်အမြဲကစားနေတဲ့ ပုလဲလုံးလေးတွေ နင့်မှာရှိသေးလား"

မုံ့လူ၏ကောက်ကာငင်ကာမေးလိုက်သော အမေးစကားကြောင့် ဆောင်းယုံမှာ မျက်လုံးပြူးသွားပြီး ပျာယီးပျာယာဖြင့် အိတ်ထဲစမ်းကြည့်လိုက်မိသည်။ ပြီးမှ ခေါင်းညိတ်လိုက်သည်။

"ရှိပါတယ်"

ကျင်းလျှံ့မှာ ဘာမှနားမလည်နိုင်ဘဲ သူတို့ပြောဆိုနေသည်ကိုသာ အကြောင်းသားနားထောင်နေမိလေသည်။ မုံ့လူက ....

"အဲဒီပုလဲလုံးလေးတွေ ငါ့ကိုခဏပြစမ်း"

ဆောင်းယုံကအိတ်ထဲမှပုလဲလေးလုံးကိုထုတ်ယူ၍ လက်ဝါးပေါ်တင်ကာ မုံ့လူအားပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မုံ့လူမျက်လုံးပြူးသွားသည်။

"နှင့်မှာ လေးလုံးရှိတာမဟုတ်လား၊ အခု သုံးလုံးထဲပါလား နောက်တစ်လုံးကော"

ဆောင်းယုံက ပြုံးရယ်လျက် ....

"ကျွန်မ အခင်မင်ဆုံးသူငယ်ချင်းတစ်ယောက်ကိုပေးလိုက်တယ်လေ"

မုံ့လူ ဘာမှဆက်မပြောတော့ဘဲ တစ်ဘက်သို့လှည့်နေလိုက်တော့သည်။ သူ၏စိတ်ထဲတွင် စဉ်းစား၍မရနိုင်အောင်ဖြစ်သွားရလေသည်။

သူ့အားကယ်တင်လိုက်သော အဖြူရောင်ဝတ်စုံနှင့်လူသည် သိုင်းပညာအလွန်အဆင့်မြင့်ပြီး လက်နက်ပုန်းပစ်သည့်နေရာတွင်လည်း လွန်စွာတျွမ်းကျင်သောလူတစ်ယောက်ဖြစ်၏။

ထို့ကြောင့် .... ထိုလူသည် မည်သည့်နည်းနှင့်မျှ ဆောင်းယုံ မဖြစ်နိုင်ဟု မုံ့လူမှတ်ချက်ချမိသည်။

သို့သော် ....

စဉ်းစားနေရင်းမှပင် စိတ်ထဲတွင်စိတ်ကူးတစ်မျိုး ရုတ်တရက်ပေါ်လာသဖြင့် သူသည်သစ်ကိုင်းခြောက်တစ်ခုကောက်ယူပြီး ....

ဆောင်းယုံထံ လှစ်ခနဲပစ်ပေါက်လိုက်လေသည်။

မည်သည့်အဆင့်မြင့်သိုင်းသမားမဆို ရှေ့တည့်တည့်မှ ရုတ်တရက်ပစ်ပေါက်လိုက်သောအရာဝတ္ထုကို ရှောင်လျှင်ရှောင်၊ မရှောင်လျှင် ဖမ်းယူလိုက်မည်ဖြစ်သည်။



ထို့ကြောင့် မုံ့လူသည် သစ်ကိုင်းခြောက်တစ်ခုကိုကောက်ယူပြီး ဆောင်းယုံအား သိုင်းပညာတတ်မတတ် စမ်းလိုက်ခြင်းဖြစ်သည်။ ဆောင်းယုံ မည်သို့တုံ့ပြန်မည်ကို မုံ့လူသေချာအကဲခတ်ကြည့်နေလိုက်၏။

သူပစ်လိုက်သောသစ်ကိုင်းခြောက်သည် ဆောင်းယုံ၏နဖူးဆီသို့ တန်းတန်းမတ်မတ်ပင် ဦးတည်ဝင်ရောက်သွားလေသည်။

ဆောင်းယုံသည် သူမထံသို့ သစ်ကိုင်းခြောက်တစ်ခုပစ်လွှင့်လာသည်ကိုတွေ့ရသည့်အခါ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ကမန်းကတန်းပင် ကိုယ်ခန္ဓာအား ယိမ်း၍ရှောင်ထိမ်းလိုက်၏။

သို့သော် ထိုသစ်ကိုင်းခြောက်အား လွတ်အောင်မရှောင်တိမ်းနိုင်ခဲ့ချေ။ ထို့ကြောင့် မုံ့လူပစ်လိုက်သောသစ်ကိုင်းခြောက်သည် ဆောင်းယုံ၏နဖူးအား တည့်တည့်မတ်မတ်ပင် ထိမှန်သွားလေတော့သည်။ သူမမှာ အံ့အားသင့်ပြီး မုံ့လူအားပြန်လည်၍ကြည့်မိသည်။

ကျင်းလျှံသည် မုံ့လူအားဒေါသဖြင့်လှမ်းကြည့်လိုက်ပြီး..

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

မုံ့လူက ရယ်မောရင်း ....

"ဆောင်းယုံဟာ ဆရာမကြီးကျင်းဘွားဘွားဆီမှာနေတာ သုံးနှစ်ရှိပြီဆိုလို့ သိုင်းပညာဘယ်လောက်တတ်နေလဲဆိုတာ သိချင်လို့ စမ်းလိုက်မိတာပါ။ ဟား .... ဟား ဟား"

မုံ့လူသည် ပြောရင်း ဟက်ဟက်ပက်ပက်ရယ်မောနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလျှံက သူမတွင်ပါလာသောဆေးဝါးများကိုထုတ်ကာ ဆောင်းယုံ၏နဖူးအား သုတ်လိမ်းပေးလိုက်သည်။ ကျင်းလျှံသည် ထိုသို့ဆေးလိမ်းပေးနေရာမှ မုံလူအားမကျေနပ်လှမ်းကြည့်ပြီး ....

"ရှင် အရမ်းအရမ်းမလုပ်ပါနဲ့၊ ဆောင်းယုံ ဘယ်လောက် သနားဖို့ကောင်းသလဲ"

မုံလူကရယ်မောလိုက်ပြီး ....

"တောင်းပန်ပါတယ်ကွာ၊ ငါက မင်း သိုင်းပညာတော်တော် တတ်မြောက်နေပြီထင်လို့ ကျီစယ်လိုက်မိတာပါ"

မုံသည် ထိုသို့ပြောပြီး တဟားဟားနှင့်ရယ်မောကာ မီးပုံနားမှထသွားသည်။ ကျင်းလျှံသည် ထသွားသောမုံလူအား မကျေမနပ်မျက်စောင်းထိုးပြီးကြည့်နေလိုက်သည်။

ဆောင်းယုံကမူ စိတ်ထဲမှရေရွတ်ပြောဆိုလိုက်မိ၏။

"အစ်ကို အထင်သေးစွာနဲ့စမ်းမယ်ဆိုတာသိလို့ တမင်မ ရှောင်ပဲနေလိုက်တာပါအစ်ကိုရယ်"

ထိုစကားကို မုံလူကော်ကျင်းလျှံပါ ကြားနိုင်လိမ့်မည်မဟုတ် ပါ။

✵



နှစ်ရက် ....

ကျင်းဘွားဘွားသည် သူမ၏စကားအတိုင်းပင် နှစ်ရက်ပြည့် မြောက်သောနေ့မှ သူမ၏သိုင်းပညာအား ထုတ်ဖော်လေ့ကျင့်သည့် ဂူထဲမှထွက်လာတော့သည်။

ကျင်းလျှံနှင့် မုံလူတို့သည်လည်း ခရီးဆက်ရန်အတွက် ပြင်ဆင်နေကြလေသည်။ သူတို့သည် တစ်ရက်မျှသာနားပြီး ခရီးဆက် ချင်သော်လည်း ကျင်းဘွားဘွားအားစောင့်၍နှုတ်ဆက်လိုသဖြင့် ယခု ကဲ့သို့ နှစ်ရက်မျှကြာသွားရခြင်းဖြစ်လေသည်။

ယခု ကျင်းဘွားဘွား ပြန်လည်ရောက်ရှိလာပြီဖြစ်၍ သူတို့ သည် ခရီးဆက်ကြတော့မည်ဖြစ်သည်။ သူတို့သည် ကျင်းဘွားဘွား အား ဂါရဝပြုလိုက်ကြသည်။ ဆောင်းယုံက နေရာမှနေ၍ သူတို့နှစ် ယောက်အား အကဲခတ်ကြည့်ရှုနေလေသည်။ ကျင်းဘွားဘွားက ကျင်းလျှံအားကြည့်ကာ ....

"ငါ့သမီး ဘာမှမစဉ်းစားတော့ဘူးလား"

ဟုမေးလိုက်သည်။ ကျင်းလျှံမှာ ကျင်းဘွားဘွား၏စကား ကြောင့် ကြောင်အမ်းအမ်းဖြစ်သွားပြီး ....

"အမေပြောတာသမီးနားမလည်ဘူး"

ကျင်းဘွားဘွားက ကျင်းလျှံအားကြည့်ကာ ....

"တကယ်လို့ ငေါ်စွတ်ခွေက သမီးပေါ်မှာတကယ့်မေတ္တာစစ် နဲ့လိုက်ခေါ်နိုင်းတာပါဆိုရင် သမီးအနေနဲ့ တစ်မျိုးမစဉ်းစားတော့ဘူး လား"

www.burmeseclassic.com



ကျင်းလျှံမှာ အတန်ကြာအောင်ပင် တွေဝေငေးမောသွားလေတော့၏။

"ငါတွေ့တာမှာ ဒီလိုကြွင်နာမယ့်စိတ်ထားမျိုး ရှိလိမ့်မယ်လို့ သမီးမထင်ပါဘူးအမေရယ်"

ကျင်းဘွားဘွားကခေါင်းတညိတ်ညိတ်နှင့် ....

"အင်း ဒါတော့ သမီးရဲ့ကိစ္စ သမီးပဲသိမှာပဲလေ၊ ဒါပေမယ့် အခုလိုဆက်သွားနေလို့ကတော့ အန္တရာယ်သိပ်မသေးလှဘူးကွဲ့"

မုံလှူနှင့်ကျင်းလျှံသည် ဘာမှဆက်မပြောဘဲ တိတ်ဆိတ်စွာ ပင်နေလိုက်သည်။ ကျင်းဘွားဘွားက တစ်စုံတစ်ခုကို သတိရစွာဖြင့် ပြောလိုက်ပြန်သည်။

"မင်းတို့ မြင်းနဲ့သွားမယ်ဆိုရင်တော့ လမ်းတစ်ဝက်မှာတင် မြင်းကိုပစ်ထားခဲ့ရလိမ့်မယ်"

ထိုစကားကြောင့် ကျင်းလျှံနှင့်မုံလှူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ မုံလှူက နားမလည်နိုင်ဟန်ဖြင့် မျက်မှောင်ကုပ်လိုက်ပြီး ....

"ဘာဖြစ်လို့လဲအမေ"

ကျင်းဘွားဘွားက မုံလှူအားလှမ်းကြည့်ကာ ....

"မင်း ဒီတောင်ရဲ့တောင်ပေါ်လမ်းတွေကို မသိတော့ဘူးလား။ ဒီတောင်ရဲ့လမ်းတစ်ဝက်မှာ လျှိုကြီးရှိတယ်လေ၊ အဲဒီလျှိုကြီးကို အောက်ကဆင်းပြီး သွားမရလို့ ကြိုးနှစ်ချောင်းသွယ်တန်းထားတယ် မဟုတ်လား"



မှန်ပါသည်။ ယခုမှ မုံလှူစဉ်းစားမိလိုက်သည်။

ထိုလျှိုကြီးကို ကြိုးနှစ်ချောင်း အထက်အောက် သွယ်တန်းထားသည်ဟု သူကြားဖူးသည်။ အောက်မှကြိုးတန်းကို ခြေထောက်နှင့်နင်းပြီး အပေါ်မှကြိုးတန်းကိုလက်နှင့်ကိုင်ကာ ကူးဖြတ်သွားရမည်ဖြစ်သည်။ သို့ဖြစ်ရာ မြင်းများကို ဆက်လက်သယ်ဆောင်သွားနိုင်တော့မည်မဟုတ်ဘဲ တစ်ဘက်ကမ်း၌ထားခဲ့ရပေတော့မည်။ မုံလှူတစ်ချက်ငိုင်တွေသွား၏။ မည်သို့ပြုလုပ်ရမည်ကိုကျင်းဘွားဘွားအား မေးလိုက်မိသည်။

"ဟုတ်တယ်အမေရယ်၊ ကျွန်တော်လဲ အခုမှပဲ ဒါကိုစဉ်းစားမိတော့တယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲမသိဘူး"

ကျင်းဘွားဘွားက စဉ်းစဉ်းစားစားဖြင့် ....

"မင်းတို့ မြင်းတွေကို လုံးဝမနှမြောဘူးဆိုရင်တော့ စီးသွားပေါ့၊ မစီးသွားဘူးဆိုရင်တော့ ဒီကနေ အဲဒီကိုရောက်ဖို့ခရီးဟာ နှစ်ရက်လောက် သွားရလိမ့်မယ်"

မုံလှူနှင့်ကျင်းလျှံတို့သည် သူတို့၏မြင်းများကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားမိကြလေသည်။ သူတို့သည် သူတို့၏မြင်းလိမ္မာများကို လျှိုကြီးအနီးတွင် မထားခဲ့ရက်ပါ။ ထို့ကြောင့် သူတို့၏မြင်းများကို ဆောင်းယုံအားပေးခဲ့မည်ဟု ပြောလိုက်လေသည်။ ထိုအချိန်မှာပင် ခပ်ဝေးဝေးဆီမှ မြင်းခွါသံတစ်သံကိုကြားလိုက်ရလေတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com



မကြာမီအချိန်မှာပင် လူတစ်ယောက်သည် မြင်းကိုစီးလျက် မြို့ဝင်းထဲသို့ဝင်လာလေသည်။ ထိုသူအား တွေ့မြင်လိုက်ရသည်နှင့် သူတို့အားလုံး အံ့အားသင့်သွားကြရတော့သည်။

အကြောင်းမှာ .... ထိုလူသည် ဆောင်းလောင်ဖြစ်နေသော ကြောင့်တည်း။ ဆောင်းလောင်သည် မြင်းပေါ်မှဆင်းလာသည့်အခါ မုံလူနှင့်ကျင်းလျှံတို့အား မမျှော်လင့်ဘဲမြင်တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။

"ခင်ဗျားတို့ ဘယ်လိုကြောင့် ဒီကိုရောက်လာကြတာလဲ"

ဆောင်းလောင်သည် ထိုသို့မေးမြန်းရင်း တစ်ဆက်တည်းမှာပင် ကျင်းဘွားဘွားဘက်လှည့်ကာ ဂါရဝပြုလိုက်လေသည်။

ကျင်းဘွားဘွားသည် သူတို့မောင်နှမအား သားသမီးအရင်းပမာပြုစုစောင့်ရှောက်၍ သိုင်းပညာသင်ပေးထားသည်မဟုတ်ပါလား။

မုံလူက ဆောင်းလောင်အား လီရှောင်လုံ၏အိမ်သို့ရောက်သွားပုံနှင့် ထိုအိမ်မှထွက်လာပြီးနောက် ကျောင်းဖိဖန်နှင့်တိုက်ပွဲဖြစ်ခဲ့ပုံများကိုပြောပြကာ နောက်ဆုံး ဤနေရာသို့ မည်သို့မည်ပုံရောက်ရှိလာကြောင်း တစ်လုံးမကျန်ပြောပြလိုက်လေသည်။

မုံလူ၏စကားအဆုံးတွင် ဆောင်းလောင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အခု မင်းတို့ကိစ္စမလွယ်တော့ဘူး"

ကျင်းလျှံမှာ အထိတ်တလန့်ဖြစ်သွားပြီး ....

"ဘာဖြစ်လို့လဲအစ်ကိုဆောင်းလောင်"



ဆောင်းလောင်က မျက်မှောင်ကုပ်၍ ကျင်းလျှံအားကြည့်လိုက်သည်။

"အခုကိစ္စက ခင်ဗျားတို့နှစ်ယောက်ထဲတွင် မဟုတ်တော့ဘူး။ ပေါ်စွတ်စွေက လီရှောင်လုံတို့လင်မယားကို ခင်ဗျားတို့ကိုအားပေးမှုနဲ့ ရန်သူအဖြစ်သတ်မှတ်ပြီး ချုပ်နှောင်ထားတယ်လို့သိရတယ်၊ သင်းဆိုင်နဲ့ကျူပ်ကိုလဲ တွေ့တဲ့နေရာမှာသတ်ပစ်ဖို့အမိန့်ပေးထားတယ်လို့သိရတယ်"

မုံလူမျက်မှောင်ကုပ်သွားသည်။

"ဘာ .... လီရှောင်လုံတို့လင်မယားကို ချုပ်နှောင်ထားတယ်ဟုတ်လား"

ဆောင်းလောင်ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အခု ယင်းဆိုင်က သူ့လူတွေနဲ့သွားကယ်ထုတ်မယ်ဆိုပြီး သွားနှင့်နေပြီ၊ ကျူပ်လဲ တစ်ဖက်တစ်လမ်းက ကူညီနိုင်အောင်ဆိုပြီး ဆရာမကြီးနဲ့လာတိုင်ပင်တာ"

ကျင်းဘွားဘွားကတစ်ချက်ပြုံးလိုက်ပြီး ....

"အမေက ဘာအကူအညီပေးရမှာလဲသားရယ်"

ဆောင်းလောင်ကဦးညွှတ်လိုက်သည်။

"အခု ပေါ်စွတ်စွေက သူတို့နှစ်ယောက်ကို အကူအညီပေးတဲ့လူမှန်သမျှ သူတို့ရဲ့ရန်သူလို့သတ်မှတ်ပြီး တိုက်ခိုက်နေပြီဆိုတော့ ကျွန်တော်တို့ဖလဲ လူစုပြီး သူတို့ကို ပြန်တိုက်ဖို့ပဲရှိတော့တာပေါ့။ အခုလောလောဆယ်တော့ ဒီမှာပဲလူစုဖို့ အမေ့ကိုလာတိုင်ပင်တာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဘွားဘွားသည် စဉ်းစဉ်းစားစားဖြင့် မုံလှုနှင့်ကျင်းလျှံတို့အားလှမ်းမေးလိုက်သည်။

"မင်းတို့နှစ်ယောက်ကကော ဘယ်လိုသဘောရသလဲ"

ထိုသတင်းကြားရခြင်းကြောင့် ကျင်းလျှံကစိတ်မကောင်းဖြစ်သွားမိသည်။

သူမသည် မျက်နှာညှိုးငယ်စွာဖြင့် ပြောလိုက်လေသည်။

"ကျွန်မကြောင့် အခုလိုဖြစ်ကုန်ကြရတာ စိတ်မကောင်းပါဘူး၊ အခုဆိုရင် ဝေါ်စွတ်ချွေကလဲကျွန်မကို တော်တော်စိတ်နာနေတော့မှာ"

ကျင်းဘွားဘွားက စဉ်းစဉ်းစားစားဖြင့်ခေါင်းညိတ်လိုက်၏။

"အင်း .... သူ့ဘက်ကကြည့်တော့လဲ ဟုတ်မှာပဲ၊ အဲဒီတော့ သမီးတို့ အခုဘာဆက်လုပ်ချင်သလဲ"

ထိုအခါ ငြိမ်သက်စွာနားထောင်နေသောမုံလှုက ဝင်ပြောလိုက်သည်။

"ဒီခြသေ့တောင်ကကျော်သွားပြီးရင်တော့ သူ့ရဲ့အန္တရာယ်လဲ တော်တော်လေးစိတ်ချသွားရပြီလို့ဆိုရမှာပဲ၊ အဲဒီတော့ ကျင်းလျှံကို ကျွန်တော် အရင်ပို့ပေးလိုက်မယ်၊ ပြီးတာနဲ့ ဒီကိုချက်ချင်းပြန်လာခဲ့မယ်၊ ဘယ်နှယ့်လဲ"

ထိုစကားကို ဆောင်းလောင် သိပ်ဘဝင်မကျပါ။

သို့သော် ....

အကြံအစည်တစ်ခုကို ရုတ်တရက်စိတ်ကူးမိသဖြင့် ....



"အေး .... မင်း သွားချင်သမဆိုရင်လဲ သွားပေတော့၊ တစ်ခုတော့ရှိတယ်၊ တာ့စ်နီးဒါဂိုဏ်းရဲ့နံပါတ်(၃)နဲ့(၄)ဖြစ်တဲ့ ခွန်ဝါးစုနဲ့ခွန်ဒါးစံတို့ညီအစ်ကိုဟာလဲ ဒီတောင်ပေါ်ကို လူတွေအများကြီးနဲ့ ရောက်နေတယ်လို့သိရတယ်"

မုံလှုကပြုံးပြလိုက်ပြီး ....

"အခုလိုပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်လဲ ကျင်းလျှံကိုပို့ပြီးတာနဲ့ အမြန်ဆုံးပြန်လာပြီး ခင်ဗျားတို့နဲ့လက်တွဲတိုက်ပါ့မယ်"

ဆောင်းလောင်ကမဲ့ပြုံးပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ မင်းတို့နှစ်ယောက် အဆင်ပြေချောမောပါစေလို့ ဆုတောင်းပေးပါတယ်"

✱

အမှတ်(၆)လောင်စူးခေါင်းဆောင်သောအဖွဲ့သည် လီရှောင်လုံတို့လင်မယားအားချုပ်နှောင်တာ လီရှောင်လုံ၏အိမ်ခြံဝင်းကြီးထဲ၌ပင်စခန်းချလျက်ရှိသည်။

လောင်စူးသည် လီရှောင်လုံတို့လင်မယားအား အတော်ပင်ကျေနပ်ဖြစ်နေပုံရသည်။

အကြောင်းမှာ သူ့အား အကြောင်းရိုက်၍ ရန်သူနှစ်ယောက်ကို မျက်နှာဖုံးတပ်၍လွှတ်ပေးလိုက်ခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုအကြောင်းကို ဝေါစွတ်စွေထံ လှမ်းလွှတ်၍ပြောနိုင်းလိုက်၏။ ဝေါစွတ်စွေက ထိုလင်မယားအားချုပ်နှောင်၍အစာတော်ထားရန်အမိန့်ပေးလိုက်လေသည်။

သူကိုယ်တိုင်လည်း ထိုနေရာသို့ ရောက်အောင်လာမည့်အကြောင်းကြားလိုက်သည်။ ထို့ကြောင့် လောင်စူးသည် လီရှောင်လုံတို့လင်မယားအားပိတ်လှောင်၍ အစာရေစာလုံးဝမကျွေးဘဲထားလိုက်လေသည်။

ထိုနေ့ပါဆိုလျှင် လီရှောင်စုံတို့လင်မယား ထမင်းမစားရသည်မှာ သုံးရက်မျှပင်ရှိနေပြီဖြစ်လေသည်။ တစ်ခါတစ်ရံ လီရှောင်လုံ၏မိန်းမထိုင်ခန်းလျှောင်က အစောင့်နှစ်ဦးအား တောင်းပန်ပြောဆိုမှသာလျှင် ရေတစ်ခွက်ကို နှစ်ယောက်မျှ၍သောက်ရပေသည်။

ယခုလည်း သူမက ရေဆာလွန်းသဖြင့် အပြင်တွင်ရှိသောအစောင့်တစ်ယောက်ကို လှမ်းခေါ်လိုက်လေသည်။

"ဘာပြောဦးမလို့လဲ"

ထိုင်ခန်းလျှောင်က မျက်နှာကို ချိုသာစွာထား၍ ....

"အစ်မကို ရေလေးတစ်ခွက်လောက်ပေးပါကွယ်"

အစောင့်က ထိုင်ခန်းလျှောင်အား မကျေမနပ်ကြည့်ကာ ....

"ခက်တယ်ဗျာ၊ ခင်ဗျားတို့ကို ဆရာကြီးက ဘာမှမကျွေးရဘူးလို့ပြောထားတာ"

ထိုင်ခန်းလျှောင်သည် ထိုအစောင့်အား အိတ်ထဲမှ ငွေတုံးကလေးတစ်တုံးကို ပစ်ပေးလိုက်လေသည်။



အစောင့်သည် ထိုင်ခန်းလျှောင်ပေးသောငွေတုံးလေးကို ကောက်ယူကာ သူ၏အဖော်နှင့် တီးတိုးတိုင်ပင်လိုက်လေသည်။ သူ၏အဖော်ကလည်းခေါင်းညိတ်ပြ၍ သဘောတူလိုက်ပေသည်။

ထိုအခါ အစောင့်တစ်ဦးသည် အောက်ထပ်တွင် ရေခပ်ရန်ဆင်းသွားလေတော့သည်။

✸

လျှောင်စူး၏လက်အောက်ငယ်သားများသည် အနက်ရောင်ဝတ်စုံများကိုသာ ဝတ်ဆင်ထားကြပေသည်။

လီရှောင်လုံ၏လက်အောက်ငယ်သားသိုင်းသမားများမှာ အဖမ်းခံရသည့်သူက အဖမ်းခံရပြီး တချို့မှာထွက်ပြေးလွတ်မြောက်သွားသဖြင့် ထိုအိမ်ကြီးတွင် အနက်ရောင်ဝတ်စုံနှင့်သိုင်းသမားများမှအပ အခြားတစ်ဦးတစ်ယောက်မှမရှိပေ။

အချိန်မှာ တဖြည်းဖြည်းညဉ့်နက်လာပြီဖြစ်၏။ လျှောင်စူးမှာအစောင့်များအား အသီးသီးတာဝန်ပေးကာ အိပ်မောကျနေပြီဖြစ်ပေသည်။ ထိုအချိန်တွင် ....

ခြံဝင်းကြီး၏ထောင့်တစ်ထောင့်ရှိ သစ်ပင်တစ်ပင်ကို အကာအကွယ်ယူ၍ ခြံဝင်းကြီးအားအကဲခတ်ကြည့်ရှုနေသော အရိပ်တစ်ခုသည် ရုတ်တရက်ခြံထဲလှမ်းဝင်လာကာ အိမ်ကြီးထဲသို့လျင်မြန်စွာဝင်ရောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရိပ်သည် အိမ်ဓါးခန်းမထဲသို့အရောက်တွင် လူတစ်ယောက်က အပေါ်ထက်မှဆင်းလာသည်ကိုမြင်လိုက်ရသဖြင့် တံခါးကြားတွင် ဝင်ရောက်ပုန်းကွယ်နေလိုက်၏။

ထိုစဉ် အပေါ်ထပ်မှ ဆင်းလာသောအဝတ်နက်နှင့်လူအား အခြားအဝတ်နက်နှင့်လူတစ်ယောက်က လှမ်းမေးလိုက်သည်ကိုလည်း ကြားလိုက်ရလေသည်။

"ဟေ့ .... ထိုက်ဝူ ဘယ်လဲကွ၊ မင်းဒီည အပေါ်မှာတာဝန်ကျနေတာယ်မဟုတ်လား"

အပေါ်ထပ်မှဆင်းလာသောထိုက်ဝူဆိုသူကထိုလူကို အသံတိုးတိုးဖြင့် ....

"အေးလေကွာ အဘွားကြီးက ရေလေးနည်းနည်းလောက်ပေးသောက်ပါဆိုလို့ စိတ်ကျေနပ်အောင် နည်းနည်းတော့ပေးလိုက်မလို့ဟေ့"

ထိုလူက ထိုသို့ပြောပြီး ရေအိုးရှိရာသို့လျှောက်သွားလေ၏။ ထိုလူလာခတ်သောရေအိုးနှင့် စောစောကလူရိပ်ပုန်းကွယ်နေသောနေရာသည် သိပ်မဝေးလှပါ။

ထိုအဝတ်နက်နှင့်လူသည် ရေကို လှမ်းခပ်လိုက်စဉ်မှာပင် ထိုလူရိပ်က လျှပ်မြန်စွာလှုပ်ရှားလိုက်ရာ ရေလာခပ်သောလူမှာ မည်သည့်အသံမျှပင် မထွက်နိုင်ဘဲ အမှောင်ခန်းတစ်ခုထဲသို့ဆွဲသွင်းခြင်းခံလိုက်ရလေသည်။

ခေတ္တမျှအကြာတွင် ....



ထိုမှောင်မည်းနေသောအခန်းထဲမှ အဝတ်နက်နှင့်လူတစ်ယောက်ထွက်ပေါ်လာပြီး ရေအိုးဆီသို့သွားကာ ရေတစ်ခွက်ခပ်လေသည်။

ထိုလူသည် ရေခွက်ကိုကိုင်ပြီး စောစောက အဝတ်နက်နှင့်လူဆင်းလာသောလှေကားအတိုင်း ပြန်တက်သွားပေသည်။

အပေါ်သို့ရောက်သည့်အခါတွင် အခန်းတစ်ခုရှေ့၌ ထိုင်နေသောအဝတ်နက်နှင့်အစောင့်တစ်ယောက်က အပြစ်တင်သည့်လေသံဖြင့် ....

"မင်း ရေသွားခပ်တာကြာလိုက်တာ"

ရေခပ်လာသောအဝတ်နက်နှင့်လူက ဘာမှပြန်မပြောပါ။

သူသည် အနည်းငယ်ဟနေသောတံခါးဝမှ ရေတစ်ခွက်ကို အတွင်းသို့လှမ်းပေးပြီး ကုလားထိုင်ဖေါ်ထိုင်နေသောအစောင့်နားသို့လျှောက်သွားလိုက်လေသည်။

လျှပ်တစ်ပြက်အချိန်အတွင်းမှာပင် ကုလားထိုင်ပေါ်တွင် ထိုင်နေသောအစောင့်သည် ဇက်ကျိုးကျသွားပြီး အဝတ်နက်နှင့်လူ၏ဆွဲခေါ်ရာသို့ ပါသွားလေတော့၏။

ရေခပ်လာသောအဝတ်နက်နှင့်လူသည် ဇက်ကျိုးကျပြီးဖြစ်သောအစောင့်အားဆွဲခေါ်လျက် တံခါးဝမှချည်ထားသောကြိုးကို ဖြေကာအခန်းတွင်းသို့ ဝင်လိုက်လေသည်။

အခန်းထဲ၌ ခပ်မှိန်မှိန်ထွန်းထားသော မီးရောင်အောက်တွင် သီရောင်လုံတိုလင်မယားအား တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဝတ်နက်နှင့်လူသည် ဖက်ကျိုးနေသောလူထံမှအဝတ်အစားများကို လျှင်မြန်စွာချွတ်ပြီး လီရှောင်လုံထံသို့ပစ်ပေးလိုက်၏။

လီရှောင်လုံက ထိုလူအား လှမ်းကြည့်လိုက်၏။

ချက်ချင်းဆိုသလိုပင် အံ့အားသင့်သွားကာ ပါးစပ်မှလည်း လွှတ်ခနဲအသံထွက်သွားလေတော့၏။

"ဟင် .... ယင်းဆိုင်"

✸

ခဏအကြာတွင် ....

အဝတ်နက်နှင့်လူနှစ်ယောက်သည် အမျိုးသမီးတစ်ယောက်အား ဓားနှင့်ချိန်ရွယ်လျက် အပေါ်ထပ်မှဆင်းလာခဲ့လေသည်။

ဧည့်ခန်းတံခါးဝတွင်စောင့်နေသော အဝတ်နက်နှင့်အစောင့်တစ်ယောက်က အပေါ်ထပ်မှဆင်းလာသောအဝတ်နက်နှင့် လူနှစ်ယောက်အား လှမ်း၍မေးလိုက်သည်။

"မင်းတို့နှစ်ယောက် ဒီညတော့ ဒုက္ခရောက်နေပြီပေါ့ ဟုတ်လား"

ထိုအခါ ထိုင်ခန်းချောင်ကလည်းပြန်ပြောလိုက်သည်။

"သူတို့ချည်းပဲ ဒုက္ခရောက်တာမဟုတ်ဘူးဟေ့၊ ငါ့မှာလဲ အိမ်သာတောင် လွတ်လွတ်လပ်လပ်မသွားရဘူး"

သူတို့သုံးဦးသည် ထိုသို့ပြောပြီး ....



နောက်ဖေးဆောင်သို့ ဝင်သွားကြလေသည်။

ထိုမှတဆင့် လူရိပ်သုံးခုသည် ခြံအပြင်ဘက်သို့ရောက်ရှိသွားပြီး ခပ်လှမ်းလှမ်းတွင်ရပ်ထားသော မြင်းသုံးကောင်ပေါ် ချက်ချင်းရောက်ရှိသွားကြတော့သည်။

ထိုအခါတွင်မှ လီရှောင်လုံက ယင်းဆိုင်ကိုကြည့်ကာ ....

"တို့ ဘယ်သွားရမှာလဲကွ"

ယင်းဆိုင်က ....

"ခြသေ့တောင်ပေါ်မှာ ဆောင်းလောင်တို့ရှိတယ် အဲဒီကို သွားကြတာပေါ့"

ပြောပြောဆိုဆိုပင် မြင်းသုံးကောင်သည် ထိုနေရာမှဒုန်းစိုင်း ထွက်ခွာသွားလေတော့၏။

✸

တောင်ပေါ်လမ်းတွင် လူနှစ်ယောက် တရွေ့ရွေ့သွားနေကြသည်။ ထိုလူနှစ်ယောက်ကား မုံလူနှင့်ကျင်းလျှံတို့ဖြစ်လေသည်။ ခြေလျင်လျှောက်နေရသဖြင့် ခရီးသည် သိပ်ပြီးမတွင်ကျယ်လှပါ။

မုံလူမှာ ရှေ့မှလျင်မြန်စွာသွားနိုင်သော်လည်း ကျင်းလျှံကမူ သူလို လျင်မြန်စွာမသွားနိုင်ပါ။

သူ့ကိုမီအောင် မနည်းလိုက်နေရသည်။

သူမသည် မောပန်းနေပြီဖြစ်၍ မနည်းကြိုးစား၍လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းနေရသည်။ နားချင်သော်လည်း အနားမယူနိုင်ချေ။ အန္တရာယ်က လွန်စွာနီးကပ်နေပြီမဟုတ်ပါလား။

မှဲ့လှသည် ရှေ့မှလျှောက်ရင်း တစ်စုံတစ်ခုကိုတွေးမိပြီး ကျင်းလှျံအား လှည့်မေးလိုက်သည်။

"ညီမ အခုကိစ္စမှာ ကျုပ်တို့နှစ်ယောက် တစ်ကိုယ်ကောင်း ဆန်နေသလားမသိဘူး"

ကျင်းလှျံ မျက်မှောင်ကုပ်သွားသည်။

"အစ်ကို ဘာကိုပြောတာလဲ"

မှဲ့လှက သက်ပြင်းတစ်ချက်လိုက်ပြီး ....

"ကျုပ်ပြောတာက အချက်နှစ်ချက်ကိုမူတည်ပြီးပြောတာပါ ပထမအချက်ကတော့ လီရှောင်လုံတို့လင်မယားဟာ အခုလောက်ဆို ဒုက္ခနဲ့ရင်ဆိုင်နေရပြီလို့ထင်တယ်၊ ကျုပ်တို့ လျစ်လျူရှုမထားသင့်ဘူး"

ကျင်းလှျံက ခေါင်းညိတ်လိုက်သည်။

ဘာမှတော့မပြောပါ။

မှဲ့လှက စကားဆက်လိုက်သည်။

"ဒုတိယအချက်ကတော့ ဆောင်းလောင်နဲ့ ယင်းဆိုင်စတဲ့ ကျုပ်ရဲ့မိတ်ဆွေတွေလဲ အခုဆိုရင် ငေါ်စွတ်ဖွေ့ရဲ့ရန်ပြုတာကိုခံနေရပြီ။ ဘာပဲဖြစ်ဖြစ် သူတို့တွေကြုံရမယ့်အန္တရာယ်ကလဲ သေးလှမယ် မထင်ဘူး"

ကျင်းလှျံက စဉ်းစား၍ခေါင်းညိတ်လိုက်သည်။

မှဲ့လှက ...



"ဒါကြောင့် ညီမသွားချင်တဲ့နေရာကို ကျုပ် အမြန်ဆုံးပို့ပေးမယ်၊ ပြီးရင် ကျုပ်မိတ်ဆွေတွေဆီ အမြန်ဆုံးပြန်သွားဖို့ စိတ်ကူးထားတယ်"

ကျင်းလှျံသည် မျက်နှာညှိုးငယ်စွာဖြင့်မှဲ့လှအားလှမ်းကြည့်လိုက်သည်။

"အင်း .... အစ်ကိုလဲ ကျွန်မဆီက တစ်နေ့သုံးရာယူမိတာနဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းရဲ့သားကောင်ဖြစ်နေရပြီနော်"

မှဲ့လှကပြုံးလိုက်ပြီး ....

တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကျုပ်ရဲ့လိုလားချက်လေးတစ်ခု ပြည့်မြောက်လာမယ်ဆိုရင်တော့ ဒီရန်သူတွေလောက်ကို ကျုပ်မမှုပါဘူးဗျာ"

ကျင်းလှျံသည် ထိုစကားအနက်အဓိပ္ပါယ်ကိုရိပ်စားမိလိုက်သော်လည်း မသိချင်ယောင်ဆောင်၍ ....

"အစ်ကို ဘာကိုဆိုလိုတာလဲ"

မှဲ့လှထံမှ တော်တော်နှင့်အသံထွက် မလာပါ။ ကျင်းလှျံသည် တစ်စုံတစ်ခုကိုစဉ်းစားမိပြီး မှဲ့လှအားပြုံး၍ ကြည့်ကာ ....

"အင်း ..... ဆောင်းယံဟာ အင်မတန် သနားစရာကောင်းတဲ့မိန်းကလေးပဲ၊ နောက်ပြီး လှလဲလှတယ်နော်"

မှဲ့လှက သူမအားမျက်လုံးပြူး၍ကြည့်လိုက်သည်။

"ညီမပြောချင်တာ ဒါမဲလား"

ကျင်းလှျံ ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မုံလှူ၏မျက်နှာထားမှာ တစ်ချက်တည်ကြည်သွား၏။

ကျင်းလှျံကို စူးရဲစွာကြည့်လိုက်ပြီး ...

"လူဆိုတာခက်တယ်ဗျ၊ ကျုပ် မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားခဲ့တယ်၊ အခုလိုစိတ်ဝင်စားမိတာကလဲ ကျုပ်ရင်ထဲက အင်မတန်စွဲလမ်းမိလို့ပဲ"

ကျင်းလှျံသည် သက်ပြင်းတစ်ချက်မသိမသာချလိုက်မိလေသည်။ ထို့နောက် မသိချင်ယောင်ဆောင်၍ ....

"အစ်ကို အခုပြောနေတာညီမကိုလား"

"ဟုတ်တယ် .... မျှော်လင့်ချက်မရှိပေမယ့် ဒီစကားကိုပြောလိုက်ရတဲ့အတွက် ကျုပ်ရင်ထဲမှာ အတော်လေးကိုပေါ့သွားပါပြီ"

ကျင်းလှျံက ....

"မျှော်လင့်ချက်မရှိဘူးလို့ ဘာကြောင့်ပြောနိုင်တာလဲ"

မုံလှူကတစ်ချက်ပြုံးလိုက်ပြီး ....

"ညီမကို ကျုပ်ဘယ်လောက်ပဲ စွဲလန်းစွဲလန်း တစ်ယောက်ကအရှေ့ တစ်ယောက်ကအနောက်ပါ။ ခုပဲကြည့်လေ ညီမကိုထားခဲ့ပြီး ကျုပ်ကပြန်ရမှာ"

ကျင်းလှျံ၏မျက်နှာလေးမှာ ညှိုးငယ်သွားသည်ဟုထင်လိုက်ရလေသည်။ မုံလှူသည် ကျင်းလှျံအားကြည့်ပြီး စကားကိုဆက်လိုက်ပြန်၏။

"ကျုပ်ကသာ ကျုပ်ရင်ထဲမှာရှိတာ လျှောက်ပြောနေတာ ညီမရဲ့စိတ်သဘောထား ဘယ်လိုဆိုတာ ခုထိ ကျုပ်မသိရသေးပါဘူး"



ကျင်းလှျံသည် နီမြန်းသွားသောမျက်နှာလေးကို အောက်သို့ငုံ့၍ လမ်းဆက်လျှောက်သည်။

လမ်းဆက်လျှောက်ရင်း ....

"နည်းနည်းလေးစောပါသေးတယ်အစ်ကိုရယ်၊ ခုတွေကြုံနေရတဲ့သောကတွေကကျော်လွန်သွားရင် စဉ်းစားဖို့အချိန်တွေအများကြီးရှိလာမှာပါ"

မုံလှူခေါင်းညိတ်ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ် အချိန်တွေအများကြီးရှိပါတယ်လေ"

✵

www.burmeseclassic.com

www.burmeseclassic.com



အချိန်များ တစ်စုစုကုန်လွန်ခဲ့ပြီဖြစ်သည်။

သို့သော် .... မုံ့လူနှင့်ကျင်းလျှိုတို့မှာ ခရီးတွင်သင့်သလောက် မတွင်ဘဲဖြစ်နေခဲ့သည်။

ဤခြင်္သေ့တောင်ပေါ်တွင် ငေါ်စွတ်ဇွေ၏လက်ရုံးသိုင်းသမားများဖြစ်သည့်ခွန်ဝါးစံတို့ညီအစ်ကိုရောက်နေသည်ဟု ဆောင်းလောင်ကပြောထားသဖြင့် သူတို့သည် လမ်းရိုးရိုးမှမသွားဘဲ မည်သူမျှမထင်မှတ်နိုင်သောလမ်းကျဉ်းလေးများကိုသာ ရွေးချယ်၍သွားနေကြခြင်းကြောင့် ဖြစ်သည်။

ခရီးမတွင်လှသော်လည်း ရန်သူကိုရှောင်ကွင်းရန် ဒုက္ခခံ၍ ခရီးဆက်နေခဲ့ကြရာ ....

မကြာမီအချိန်တွင် .... လျှိုကြီးအနီးသို့ရောက်ရှိလာကြလေတော့၏။ ထိုလျှိုကြီးကိုသာ ခရာခဲဆစ်ကျော်ဖြတ်နိုင်ခဲ့ပါက သူတို့၏ခရီးစဉ်မှာ အောင်မြင်သွားပြီဟုဆိုရပေတော့မည်။

အကြောင်းမှာ ထိုလျှိုကြီး၏ဟိုဘက်ကမ်းသို့ ငေါ်စွတ်ဇွေ၏လူများကလည်း ကူးသွားကြမည်မဟုတ်ပါ။ သူတို့ကူးသွားမည်ဆိုပါလျှင်လည်း ဒီဘက်ကမ်းတွင် သူတို့စီးလာသောမြင်းကိုထားခဲ့ရမည်ဖြစ်လေသည်။

မုံ့လူသည် လမ်းလျှောက်နေရင်းမှ ....

"ကျုပ်တို့လျှိုကြီးကိုကျော်ဖြတ်ပြီးရင် ဟိုဘက်မှာ မြင်းနှစ်ကောင်လောက်တော့ ရှာကြံလို့ရတန်ကောင်းပါရဲ့"

ကျင်းလျှိုက ခေါင်းညိတ်လိုက်သည်။



"ဟုတ်ကဲ့ ရမယ်လို့ထင်တာပဲ"

မုံ့လူသည် တစ်စုံတစ်ခုကိုစဉ်းစားမိပြီး ....

"ပေတစ်ရာလောက်ရှိတဲ့ကြိုးနှစ်ချောင်းကို အထက်အောက်တန်းထားတယ်၊ တစ်ချောင်းကခြေနဲ့နင်းလျှောက်ဖို့၊ နောက်တစ်ကြိုးကတော့ လက်ကဆွဲကိုင်ဖို့၊ ညီမဖြတ်ကူးရဲပါ့မလား"

ကျင်းလျှိုက ခေါင်းညိတ်လိုက်သည်။

"အသက်လုသွားနေရတာပဲ၊ ဒါလောက်တော့ စွန့်စားရမှာပေါ့"

သူတို့သည် စကားတပြောပြောနှင့်သွားနေကြရာ မကြာမီမှာပင် ....

လျှိုကိုဖြတ်ကူးရမည့်နေရာသို့သွားသော လမ်းမကြီးအားတွေ့လိုက်ရပေသည်။ မကြာမီမှာပင် သူတို့သည် လမ်းဘေးတစ်နေရာ၌စိုက်ထူထားသောဆိုင်းဘုတ်တစ်ခုကိုလည်း တွေ့မြင်လိုက်ကြရလေသည်။

ဆိုင်းဘုတ်တွင် ရေးသားထားသောစာမှာ ....

သွယ်တန်းထားသောကြိုးသည် လူတစ်ယောက်နှင့်
ပစ္စည်းအနည်းငယ်အတွက်သာ ခိုင်ခံ့သည်။

ကျင်းလျှိုက ထိုစာကိုဖတ်ပြီးကြက်သီးထသွားမိသည်။

မုံ့လူလည်း စာကိုဖတ်ကြည့်ပြီးနောက် ကျင်းလျှို၏မျက်နှာကိုလှမ်းကြည့်လိုက်သည်။ ကျင်းလျှိုက ဝခုံးနှစ်ဖက်အသာတွန့်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဆိုင်းဘုတ်အားကျော်လွန်၍ ဖြတ်ကူးရမည့်နေရာသို့လျှောက်လာရာ အလွန်နက်ရှိုင်းသော ချောက်ကြီးတစ်ခုကို တွေ့လိုက်ရလေသည်။

မုံ့လူသည် ထိုချောက်ကြီးအားမြင်လိုက်မိသည်နှင့် မျက်လုံးအစုံမှာ ပြူးကျယ်သွားလေတော့သည်။

အကြောင်းမှာ ....

သွယ်တန်းထားသော ကြိုးနှစ်ချောင်းသည် ဒီဘက်မှနေ၍ ဖြတ်ချလိုက်သဖြင့် ဟိုဘက်တောင်ခါးပန်းပေါ်မှနေပြီး အောက်သို့ တန်းလန်းကြီးကျဆင်းနေသောကြောင့်ပင်။ မုံ့လူသည် တောက်တစ်ချက်မြင်းထန်ထန်စွာခေါက်လိုက်ပြီး ....

"ကျုပ်တို့ ဘယ်နည်းနဲ့မှ ဟိုဘက်ကမ်းကိုရောက်ဖို့ မလွယ်တော့ဘူး"

ကျင်းလျှံ၏မျက်နှာမှာ သွေးဆုတ်သွားသကဲ့သို့ဖြူဖပ်ဖြူရော် ဖြစ်သွားတော့သည်။

ထိုအချိန်မှာပင် .... သူတို့၏လာလမ်းအတိုင်း ဘေးတစ်ဖက်တစ်ချက်စီမှ မြင်းကိုယ်စီနှင့်ရန်သူသုံးဆယ်ခန့် အလျှိုလျှိုထွက်ပေါ်လာကြပြန်ရာ ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရသော မုံ့လူနှင့်ကျင်းလျှံမှာ မျက်လုံးအပြူးသားနှင့် အံ့သြထိတ်လန့်သွားကြလေတော့၏။

✵



ရန်သူများသည် သူတို့ဆီသို့ တဖြည်းဖြည်းချဉ်းကပ်လာလေသည်။ ရှေ့ဆုံးမှ ရွှေဝါရောင်ဝတ်စုံနှင့်လူအား သေချာမြင်တွေ့လိုက်ရသည့်အခါ ကျင်းလျှံက ....

"သူဟာ အမှတ်(၄)ခွန်ဝါးစုပဲ"

ဟု မုံ့လူအား တိုးတိုးလှမ်းပြောလိုက်သည်။

မုံ့လူက သူမ၏စကားကို အသိအမှတ်ပြုကြောင်းခေါင်းညိတ်လိုက်သည်။

"သူ့ဆီမှာ ဆူးချွန်တွေပါတဲ့သံလုံးကို ကြိုးနဲ့ဆိုင်းထားတဲ့ သက်နက်ပါတယ်"

မုံ့လူက ကျင်းလျှံဘက်သို့တစ်ချက်လှည့်ကြည့်ကာ ....

"သူတို့ကြည့်ရတာ အသေအကြေတိုက်မဲ့ပုံစံတွေပဲ"

မုံ့လူသည် ထိုသို့ပြောပြီး ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

မိမိတို့၏အနေအထားမှာ ဘေးကျပ်နံကျပ်ဖြစ်၏။

ရှေ့မှာကရန်သူ၊ နောက်မှာကချောက်၊ ဘေးဘက်တွင်လည်း မြင်းကိုယ်စီနှင့် သိုင်းသမားများကဝိုင်းရံထားပြန်သေးသည်။

သူ မည်သို့ပြုလုပ်ရမည်ကို အပြေးအလွှားစဉ်းစားကြည့်လေသည်။ စဉ်းစားနေစဉ်မှာပင် ....

ခွန်ဝါးစုသည် မြင်းပေါ်မှဆင်းလာပြီး သူတို့နှစ်ယောက်ရှေ့တွင် လာရပ်လိုက်သည်။

တစ်ခုထူးခြားသည်မှာ ....

www.burmeseclassic.com

www.burmeseclassic.com



ယခင်အဖွဲ့များကိုခေါင်းဆောင်လာသူသည် ကျင်းလျှံအား တွေ့ရှိပါက အရိုအသေပေးပြီး အကျိုးအကြောင်းပြောပြသည်။ ယခု ခွန်ဝါးစုကမူ ယခင်အဖွဲ့ခေါင်းဆောင်များကဲ့သို့ အရိုအသေပြုခြင်း မရှိချေ။

သူတို့နှစ်ယောက်စလုံးအား စူးစိုက်ကြည့်ပြီး ခပ်တင်းတင်း ခပ်မာမာပြောလိုက်လေသည်။

"အခြေအနေကတော့ ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ၊ ဒီနေရာ ကနေပြီး ရှေ့ကို တစ်လှမ်းမှတိုးလို့ရမှာမဟုတ်တော့ဘူး"

ထိုစကားသည် အမှန်ပင်ဖြစ်ကြောင်းကို မုံ့လူလည်းသိရှိ ပေသည်။ ဖြတ်ထားသောကြိုးများကိုပြန်လည်မတပ်ဆင်ဘဲ မည်သည့် နည်းနှင့်မျှ ရှေ့ဆက်သွား၍မဖြစ်နိုင်တော့ပါ။

ခွန်ဝါးစုက ဆက်ပြောလိုက်သည်။

"ဒီကြိုးကိုဖြတ်ပြီး ဒီအခြေအနေကိုရောက်ဖို့ ကျုပ်တို့တွေ ဘယ်နှစ်ရက်အထိ အပင်ပန်းခံပြီး စောင့်ဆိုင်းနေခဲ့ရတယ်ဆိုတာ ခင်ဗျားတို့သိသလား"

မုံ့လူက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကခင်ဗျားတို့အလုပ်ပဲ၊ ကျုပ်တို့သိစရာမလိုပါဘူး"

ခွန်ဝါးစုက မုံ့လူအား ဒေါသတကြီးကြည့်ကာ ....

"ဟုတ်တယ် ကျုပ်အလုပ်မို့ ကျုပ်ပြောနေတာ၊ အဲဒီတော့ ခင်ဗျားတို့အနေနဲ့ တိုက်ခိုက်ပြီးမှ ကျုပ်တို့ခေါ်တာကိုလိုက်မလား မတိုက်မခိုက်ဘဲ အေးအေးဆေးဆေးလိုက်ခဲ့မှာလား"



မုံ့လူမှာ ညှပ်ပူးညှပ်ပိတ်မိနေသဖြင့် ဘေးကျပ်နံကျပ်ဖြစ်နေ သည်။ အတယ်၍ နေရာအနေအထား ကျယ်ကျယ်ဝန်းဝန်းသာ ရှိနေပါက ....

မုံ့လူအနေဖြင့် ၄င်းတို့အားကြောက်ရွံ့နေလိမ့်မည်မဟုတ်ပေ။

ယခုမူ .... သူသည် မည်သို့လုပ်ရမည်ကိုစဉ်းစားနေရတော့ သည်။

ထိုစဉ် ခွန်ဝါးစုက ကျင်းလျှံဘက်သို့လှည့်လိုက်သည်။

"ကျင်းလျှံ ခင်ဗျားတစ်ယောက်အတွက်နဲ့ကျုပ်တို့ဂိုဏ်းတစ် ဂိုဏ်းလုံးလဲ ဒုက္ခရောက်နေရပြီ၊ သေတဲ့လူတွေလဲ သေကုန်ပြီ၊ ခင်ဗျား ပေါ်ဖွတ်စွေအပေါ် နည်းနည်းမှမညှာတာနိုင်ဘူးလား"

ကျင်းလျှံက ခွန်ဝါးစုကို ပြန်ကြည့်လိုက်သည်။

"လူတိုင်းလူတိုင်းဟာ ကိုယ့်အသက်ရှည်အောင် ဘယ်လိုနေ ရမယ်ဆိုတာတော့ စဉ်းစားနေတဲ့လူချည်းပဲ၊ အဲဒီအတွက် ကျွန်မမှာ အပြစ်ရှိသလား"

ခွန်ဝါးစုကမဲ့လိုက်သည်။

"ဟုတ်တယ် ကျုပ်တို့ကလဲ ကိုယ့်အသက်ရှည်အောင်ကြိုး စားရမှာပဲ၊ ကဲ အခု ခင်ဗျား ကျုပ်တို့နောက်ကို အေးအေးဆေးဆေး လိုက်မှာလား"

မုံ့လူက ကျင်းလျှံအား မျက်ရိပ်တစ်ချက်ပြလိုက်သည်။

ပြီးနောက် ခွန်ဝါးစုအား ပြန်မေး၏။

"ပြန်မလိုက်ဘူးဆိုရင် ခင်ဗျားတို့က ဘာလုပ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ မေးနေစရာလိုသေးသလား၊ ကျုပ်တို့ ဒီကိုလာတာ အလုပ်ပြုဖို့မဟုတ်ဘူး၊ မင်းကိုသတ်ပြီး သူ့ကိုပြန်ခေါ်သွားဖို့ပဲ၊ မဖြစ် ဖြစ်တဲ့နည်းနဲ့လုပ်ရမှာပဲ"

ထိုအချိန်တွင် မှုံလှသည် ဘာဆက်လုပ်ရမည်ကို အမြန်ဆုံး စဉ်းစားနေရသည်။

ဤနေရာတွင်သာတိုက်ခိုက်ပါက သူ့အနေဖြင့် လုံးဝအရေး နိမ့်မှာသေချာနေ၏။

ထို့ကြောင့် သူသည် တစ်မျိုးစဉ်းစားလိုက်ပြီး ....

"သူ့ကိုပြန်ခေါ်သွားနိုင်မယ်ဆိုရင် ကျုပ်ကို ဘယ်လိုစဉ်းစားမှာလဲ"

"မင်းက ဘာဖြစ်စေချင်သလဲ"

"ကျုပ် ငွေစွတ်ရွှေနဲ့တွေ့ချင်တယ်"

ခွန်ဝါးစုကအတန်ကြာစဉ်းစားနေလိုက်သည်။ ခွန်ဝါးစုသည် မှုံလှုအကြောင်းများကို သိထားပြီဖြစ်လေသည်။ အကယ်၍ တိုက်ခိုက်သည့်တိုင်အောင်သူက နိုင်ချင်မှနိုင်ပေလိမ့်မည်။

ယခု မှုံလှုက သူတို့ ခေါ်ရာနောက်သို့လိုက်မည်ဆို၍ ခွန်ဝါးစုမှာ တစ်မျိုးစဉ်းစားရပြန်တော့သည်။

သူသည် အတန်ကြာစဉ်းစားပြီးနောက် ....

"ကောင်းပြီလေ၊ တို့အစီအစဉ်အတိုင်းသာ လိုက်နာမယ်ဆိုရင် မင်းတွေ့ခွင့်ရမယ်"

"ခင်ဗျားတို့အစီအစဉ်က ဘာလဲ"



"မင်းလက်ကိုကြိုးနဲ့တုပ်ပြီး မြင်းနဲ့ဆွဲခေါ်သွားမယ်၊ လိုက်နိုင်ရင်တော့ မင်းပြောတာကိုလက်ခံမယ်"

"ဒါကတော့ တစ်ဖက်သတ်ပဲ"

ထိုအချိန်တွင် ကျင်းလျှံက ပျာပျာသလဲဝင်ပြောတော့သည်။

"ဒီအစီအစဉ်ကို ကျွန်မလက်မခံနိုင်ဘူး"

ခွန်ဝါးစုကမျက်မှောင်ကုပ်လိုက်ပြီး ....

"ခင်ဗျားကကော ဘယ်လိုလုပ်ချင်လို့လဲ"

ကျင်းလျှံသည် စဉ်းစဉ်းစားစားဖြင့်ပင် တစ်လုံးချင်းပြန်ပြောလိုက်သည်။

"ကျွန်မ ရှေ့ဆက်ပြီးသွားလို့မရမယ့်အတူတူ ဘာပဲဖြစ်ဖြစ် ငွေစွတ်ရွှေနဲ့ပြန်ရင်ဆိုင်မယ်၊ အဲဒီတော့ ကျွန်မတို့နှစ်ယောက်ကို မြင်းတစ်ကောင်ပေးပါ၊ ရှင်တို့မှာ လူတွေအများကြီးပဲ၊ ဒီလောက်အထိကြောက်မနေပါနဲ့"

ထိုစကားသည် ခွန်ဝါးစု၏စိတ်ကိုဆွပေးသလိုဖြစ်သွားလေသည်။ သူသည် တစ်ချက်တွေဝေ၍စဉ်းစားလိုက်ပြီး ....

"ဒါဆိုရင် မင်းတို့နှစ်ယောက်စလုံးကို ငါသွေးကြောပိတ်ပြီး မြင်းတစ်ကောင်နဲ့တင်ပေးမယ်၊ အဲဒါဆို မင်းတို့ကျေနပ်ပြီလား"

မှုံလှုနှင့်ကျင်းလျှံ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြလေသည်။

မှုံလှုအနေနှင့် ထိုသို့ပြောသည်ကို ကျေနပ်သွားမိသည်။

မှုံလှုသည် ....

www.burmeseclassic.com



သူ့အား မပြောမဆိုဘဲ အလစ်ချောင်းပြီးမှ သွေးကြောကို ရုတ်တရက်ပိတ်လိုက်လျှင် ခံရမည်ဖြစ်သော်လည်း ....

ယခုကဲ့သို့အသိပေးပြီးမှ သွေးကြောပိတ်လျှင်

သူသည် အစွမ်းအားကိုစုစည်းပြီး ခန္ဓာကိုယ်အား တစ်မျိုး လှုပ်ရှားပေးနေလိုက်လျှင် ပိတ်မည့်သွေးကြောနှစ်နေရာလောက်ကို တော့ ကောင်းစွာခံနိုင်ရည်ရှိမည်ဖြစ်သည်။

ထို့ကြောင့် သူက ခေါင်းညိတ်လိုက်မည်ပြုစဉ် ကျင်းလျှံက ကန့်ကွက်လိုက်သည်။

"ဒါဆို သေတာနဲ့ဘာထူးလို့လဲ သဘောမတူဘူး"

မှုံလူက ကျင်းလျှံအား မသိမသာမျက်ရိပ်ပြလိုက်သည်။

"အို .... ဘာပဲဖြစ်ဖြစ်လေ ကျုပ်တို့က ဂေါ်ညိုစံနဲ့တွေ့ချင် တာပဲ၊ ဟိုရောက်မှကြည့်ရှင်းတာပေါ့၊ တစ်ခုတော့ရှိတယ်၊ ကျုပ်တစ် ယောက်ထဲကိုပဲပိတ်လို့ မဖြစ်ဘူးလား"

ကျင်းလျှံမှာ ....

ရုတ်တရက် နားမလည်နိုင်အောင်ဖြစ်သွားမိသော်လည်း

မည်သည့်စကားမျှဝင်မပြောဘဲ ....

အသာပင်ငြိမ်၍နေလိုက်သည်။

ခွန်ဝါးစုက ....

"စိတ်မပူပါနဲ့ခင်ဗျားတို့ကို ခြေလက်မလှုပ်ရှားနိုင်ရုံလေးတင် လုပ်မှာပါ"

မှုံလူက စိတ်မရှည်တော့သည့်အမူအရာဖြင့် ....



"ကဲဗျာ .... ကြာတယ်၊ ခင်ဗျားတို့ လုပ်ချင်သလိုလုပ်ဗျာ သွားမယ်"

ခွန်ဝါးစုသည် သူ့အဖွဲ့သားထဲမှအသက်အတန်ကြီးပုံရသော လူတစ်ယောက်အား အချက်ပေးလိုက်ရာ ....

ထိုလူသည်

သူတို့နားသို့ လျှပ်တစ်ပြက်ခုန်ဝင်လာပြီး မှုံလူအား 'ထုံထိုင်း' သွေးကြောနေရာသို့ လှမ်းတောက်လိုက်လေသည်။

မှုံလူမှာ မျက်လုံးတစ်ချက်ပြူးသွားပြီး ....

လက်နှစ်ဖက်မှာ တွဲလောင်းကျသွားလေတော့သည်။

တဆက်တည်းမှာပင် ထိုလူက ကျင်းလျှံအား သူ၏လက်နှင့် လှမ်းတောက်လိုက်လေသည်။

ကျင်းလျှံမှာ ငိုင်သွားပြီးလက်များလှုပ်ရှား၍မရတော့ပေ။

ခွန်ဝါးစုက သဘောကျစွာဖြင့် ရပ်ကြည့်နေပေသည်။

မှုံလူနှင့်ကျင်းလျှံတို့မှာ သတိရရှိနေသော်လည်း ....

ယခုအချိန်တွင် ....

ရန်သူများအား မည်သို့မျှပြန်လည်ခုခံနိုင်စွမ်းမရှိတော့ပေ။

ခွန်ဝါးစုသည် သဘောကျစွာဖြင့် တဟားဟားရယ်မော၍ မှုံလူ၏အနီးသို့ရောက်လာသည်။

မှုံလူက မလှုပ်မယှက်တွေဝေနေပြီး သူ့အား ပြန်၍ကြည့်နေမိ လေသည်။

"ဘယ်လိုလဲကွ၊ ကြေးစားသူ့ရဲ့ကောင်းကြီးရဲ့ မိမယ့်မိတော့

www.burmeseclassic.com

www.burmeseclassic.com



လဲ ချွေးတောင်မထွက်လိုက်ရပါလား၊ မင်းကိုငါ အခုသတ်ပစ်ချင်ရင် ရတယ်၊ ဒါပေမယ့် မင်းလိုကောင်တစ်ယောက်ကို ချွေးမထွက်ဘဲဖမ်းခဲ့တယ်ဆိုတာ ငါ့စွတ်စွေကိုပြရဦးမယ်"

သူသည် ထိုသို့ပြောပြီး တဟားဟားရယ်မောနေလိုက်လေတော့သည်။

သူသည် ထိုသို့ရယ်မောနေရာမှ ရုတ်တရက် မုံ့လူ၏မျက်နှာအား တစ်ချက်ဖြတ်ရိုက်လိုက်လေသည်။

မုံ့လူမှာ ဘာမှပြန်မလုပ်မိစေရန် စိတ်ကိုမနည်းထိန်းကာ တစ်စုံတစ်ရာပြန်ပြောရန်ဟန်ပြင်လိုက်၏။

ထိုစဉ် ကျင်းလျှံ၏မှစကားသံထွက်ပေါ်လာသည်။

"ရှင် လူတစ်ယောက်ကိုအကြောပိတ်ပြီးရိုက်ရဲတာ တော်တော်သတ္တိကောင်းတာပဲ"

မုံ့လူသည် ခွန်ဝါးစုက သူ့အား ဘာကြောင့်လာရိုက်သည့်ကို သဘောပေါက်မိသည်။

မုံ့လူအား အမှန်ပင် သွေးကြောပိတ်မိလေသလားဟု စမ်းလိုက်ခြင်းဖြစ်သည်။

မုံ့လူ ဘာမှပြန်လည်လှုပ်ရှားသည်ကိုမမြင်ရမှ ကျေနပ်သွားကာ သူ့လူများဘက်လှည့်၍အချက်ပြလိုက်လေသည်။

ထိုအခါ မြင်းနှစ်ကောင်သည်မုံ့လူတို့ရှေ့သို့ရောက်လာလေသည်။

သိုင်းသမားနှစ်ယောက်က မုံ့လူအား မြင်းတစ်ကောင်ပေါ်



တင်လိုက်ပြီး ကျင်းလျှံအားလည်း အခြားမြင်းတစ်ကောင်ပေါ်သို့ တင်ပေးလိုက်လေသည်။

ထို့နောက် ....

သူတို့သည် မုံ့လူနှင့်ကျင်းလျှံတို့ကို အလယ်မှထား၍ စောင့်ကြပ်ထွက်ခွါသွားကြတော့၏။

✵

www.burmeseclassic.com

www.burmeseclassic.com



## အပြုံးရောင်လှုရိပ်

ခွန်ဝါးစုတို့အဖွဲ့သည် 'ကျားချောင်း'ရွာသို့ ပြန်လည်ရောက်ရှိလာပြီး ထိုရွာတွင် ခေတ္တနားကာ ခရီးဆက်လက်ထွက်ခွါလာခဲ့ကြလေသည်။

သူတို့သည် ယခုအခါ တောအုပ်ကြီးအတွင်းသို့ဝင်ရောက်နေပြီဖြစ်သည်။

ခွန်ဝါးစုသည် မုံ့လှုတို့ရှေ့မှနေ၍ ဦးဆောင်သွားနေ၏။

မုံ့လှုတို့နောက်မှနေ၍ သိုင်းသမားတစ်ယောက်က လေးနှင့်ချိန်ရွယ်ပြီးလိုက်ပါလာသည်။

မုံ့လှုသည် ရန်သူများက သူ၏သွေးကြောသို့ပိတ်မိထားသည်ဟုအထင်ရောက်အောင် ခရီးတစ်လျှောက်လုံး ဟန်ဆောင်၍လိုက်ပါလာခဲ့သည်။

သူ၏လှုပ်ရှားမှုသာ မထိရောက်လျှင် နောက်မှလေးသမား၏အန္တရာယ်က မသေးလှပေ။

ထို့ကြောင့် ....



သူသည် မည်သို့ပြုလုပ်ရမည်ကို လမ်းတစ်လျှောက်လုံးအမျိုးမျိုးကြံစည်တွေးတောလာခဲ့သည်။

တောအုပ်တစ်နေရာသို့အရောက်တွင် ....

လေတိုးသံနှင့်အတူ ....

"ဖုတ် ...."

ဟူသောအသံနှင့်မရှေးမနှောင်းမှာပင် ....

"အား ...."

ဟူသောအသံကိုကြားရ၍ မုံ့လှု လှည့်ကြည့်ရာ နောက်မှနေ၍ သူတို့အား လေးနှင့်ချိန်ရွယ်လိုက်ပါလာသော လေးကိုင်သည့်သိုင်းသမားသည် ရင်ဝ၌ လုံတိုတစ်ချောင်းက စိုက်ဝင်ခံရပြီး မြင်းပေါ်မှကျသွားသည်ကို တွေ့လိုက်ရလေသည်။

မုံ့လှုသည် ထိုလှံအားမြင်လိုက်သည်နှင့်ဝမ်းသာသွား၏။

စိတ်ထဲမှလည်း ရေရွတ်လိုက်သည်။

"ရွှေလှံအဘိုးအိုဝမ်းပဲ့ဆိုး"

မုံ့လှုသည် ထိုအခွင့်အရေးကိုအသုံးပြု၍ သူ၏မြင်းအားတအားမောင်းနှင်၍ ခွန်ဝါးစု၏မြင်းနှင့်ယှဉ်လိုက်သည်။

ခွန်ဝါးစုသည် မုံ့လှုအားမယုံကြည်စွာဖြင့် ငေးကြည့်နေရင်းမှ ရုတ်တရက် သူ၏ကြိုးတပ်ထားသောသံလုံးအား ဝှေ့ယမ်းလိုက်လေသည်။ မုံ့လှုကလည်း ကျာပွတ်ကိုဆွဲထုတ်၍ အချိန်မီပြန်လည်ခံလိုက်သည်။ တစ်ခဏအတွင်းမှာပင် တောအုပ်ထဲ၌ ဆူဆူညံညံဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းပါ့ဆိုးသည် သူ၏လှံတစ်ချောင်းနှင့် သိုင်းသမားအများစုကို ခုခံနေရသည်။

မို့လူနှင့်ခွန်ဝါးစုလည်း မြင်းပေါ်မှဆင်းကာ အပြင်းအထန်တိုက်ခိုက်နေလေသည်။

ထိုသို့တိုက်ခိုက်နေသည့်ကြားမှပင် ခပ်ပျော်ပျော်နေတတ်သော ဝမ်းပါ့ဆိုး၏အသံက ကျယ်လောင်စွာထွက်ပေါ်လာပြန်၏။

"ဟေ့ .... မို့လူ မင်းဆီက ငါယူထားတဲ့ငွေလေးထောင်ဟာ အခုဆို ကျေလောက်ပြီနော်"

မို့လူက ဘာမှပြန်မပြောနိုင်ဘဲ စိတ်ထဲမှကျိတ်၍ပြုံးလိုက်မိပေသည်။ ခွန်ဝါးစု၏ကြိုးတပ်သံလုံးသည် လွန်စွာအရှိန်ပြင်းနေသဖြင့် ကျာပွတ်နှင့်ဝှေ့ယမ်း၍ပြန်လည်ခုခံနေသော်လည်း တစ်ခါတရံတွင် သူ၏မျက်နှာနားမှကပ်လျက်ဖြတ်သွားသော ဆူးတပ်သံလုံးကြီးသည် ကြက်သီးထစရာကောင်းနေတော့သည်။

မို့လူသည် သူ၏ကျာပွတ်အားစားတစ်လက်ကဲ့သို့မာကျောအောင်ပြုလုပ်လိုက်ပြီး ခွန်ဝါးစု၏ ကြိုးတပ်သံလုံးအား ဖြတ်ရိုက်လိုက်လေသည်။

ထိုအချိန်တွင် ဝမ်းပါ့ဆိုးတို့ဘက်မှ ....

"အား ...."

ဟူသောအသံကျယ်ကြီးကို ကျယ်လောင်စွာကြားလိုက်ရလေသည်။ ဝမ်းပါ့ဆိုး၏လှံသည် ရန်သူများအား ကောင်းကောင်းကြီးအစွမ်းပြနေပြီဖြစ်ကြောင်း မို့လူ လှည့်မကြည့်ဘဲ သိရှိလိုက်လေသည်။



ထိုအချိန်တွင် ကျင်းလျှံစီးလာသောမြင်းသည် သူတို့တိုက်ခိုက်နေသည့်နေရာနှင့် ခပ်လှမ်းလှမ်းတောစပ်တွင် ရပ်တန့်နေလေသည်။

ခွန်ဝါးစု၏မျက်နှာသည် ခက်ထန်မာကျောနေပေပြီ။

"မင်းကိုမှ ငါမသတ်ရရင် ငါမကျေဘူးကွ"

သူသည် ထိုသို့ကြိမ်းဝါးရင်း သူ့လူများဆီသို့လည်း လှမ်းကြည့်လိုက်လေသည်။

သူ၏လူများသည် လှံတံနှင့်အဘိုးအိုအားသဲသဲမဲမဲတိုက်ခိုက်နေသည်ကိုမြင်လိုက်ရသည်။

ထိုအချိန်တွင် သိုင်းသမားနှစ်ယောက်က မို့လူထံသို့ပြေးကာ ဝိုင်းဝန်းတိုက်ခိုက်နေပြန်သဖြင့် မို့လူမှာ သတိကြီးစွာဖြင့် ပြန်လည်တိုက်ခိုက်နေရသည်။

မို့လူသည် နောက်မှရောက်လာသောလူနှစ်ယောက်ကိုပါ သတိထားနေရသဖြင့် ခွန်ဝါးစု၏ဝှေ့ယမ်းလိုက်သောကြိုးတပ်သံလုံးကြီးသည် သူ၏ကျာပွတ်အား တစ်ချက်ရစ်ပတ်မိသွားလေတော့၏။

ကျာပွတ်ကိုပြန်ရုပ်ရန်စိတ်ကူးမိသော်လည်း မရတော့ပါ။

ကြိုးတပ်သံလုံး၏ဆောင့်ဆွဲလိုက်သောအရှိန်ကြောင့် ကျာပွတ်နှင့်အတူ သူ၏ခန္ဓာကိုယ်ပါ ရုတ်တရက်ပါသွားပြီး ယိမ်းယိုင်သွားလေသည်။

ထိုအခါ ခွန်ဝါးစုသည် လျင်မြန်စွာဖြင့် ဝဲလက်မှ ဓားတစ်ချောင်းကိုထုတ်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



မုံ့လူ၏ရင်ဝသို့ လျှပ်တစ်ပြက်ဆိုသလို ထိုးထည့်လိုက်လေတော့သည်။

မုံ့လူမှာ မျက်လုံးများပြာဝေသွားပြီး မည်သို့ရောင်ရမှန်းမသိအောင်ဖြစ်သွား၏။

ထိုစဉ်မှာပင် ....

"ဝှစ် ...."

"ဝှစ် ...."

တူသောလေတိုးသံများနှင့်အတူ....

"အား ...."

တအော်လိုက်သောခွန်ဝါးစု၏အသံသည် ကျယ်လောင်စွာထွက်ပေါ်လာတော့သည်။

မုံ့လူကအသေအချာကြည့်လိုက်သော အခါခွန်ဝါးစု၏နဖူးတည့်တည့်တွင် အပ်တစ်ချောင်းက လာရောက်စိုက်ဝင်နေပြီး ခွန်ဝါးစုမှာ ပက်လက်လန်လဲကျသွားသည်ကို အံ့ဩဖွယ်ရာတွေ့လိုက်ရလေသည်။

နောက်ရောက်လာသောလူနှစ်ယောက်အနက် တစ်ဦးမှာလည်း ထိုကဲ့သို့ပင် နဖူး၌အပ်ထိမှန်၍လဲကျသွားပြန်သည်။ သို့သော်ကျန်တစ်ယောက်က မုံ့လူကို သဲသဲမဲမဲတိုက်ခိုက်နေပြန်သည်။

မုံ့လူသည် ထိုလူအား ပြန်လည်တိုက်ခိုက်နေရင်းမှ ဝန်းကျင်သို့အကဲခတ်ကြည့်လိုက်ရာ မုံ့လူ၏မျက်လုံးအစုံမှာပြူးကျယ်သွားလေသည်။



အကြောင်းမှာ ....

အဖြူရောင်ဝတ်စုံဝတ်ဆင်ပြီး မျက်နှာဖုံးတပ်ထားသောလူတစ်ယောက်သည် မုံ့လူအားကြည့်၍ပြုံးပြလိုက်ပြီး ....

သူ၏လက်ထဲမှအရာဝတ္ထုတစ်ခုကို မုံ့လူထံသို့ပစ်လွှင့်ပေးလိုက်ပြန်သည်။

မုံ့လူကတိုက်ခိုက်နေရင်းမှ ထိုလူပစ်ပေးလိုက်သောအရာအားဖမ်းယူလိုက်သည်။ လက်ထဲရောက်လာသောအရာဝတ္ထုအားသေချာစွာကြည့်ရှုနေရန်မလိုပါ။

အကြောင်းမှာ ထိုအရာဝတ္ထုလေးသည် ပုလဲဖြူတစ်လုံးဖြစ်မှန်း အလိုလိုသိလိုက်ခြင်းကြောင့်ဖြစ်သည်။

မုံ့လူက ထိုလူအား တစ်ချက်ပြန်ကြည့်လိုက်ရာ ထိုလူသည်၎င်းပုလဲလုံးလေးကိုပစ်လွှင့်ပြီးသည်နှင့် ကျင်းလျှံအနားသို့လျင်မြန်စွာရောက်ရှိသွားပြီး ....

ကျင်းလျှံ၏ခန္ဓာအား သူ၏လက်ဖြင့်လှမ်းထောက်ကာ တောထဲသို့ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

မုံ့လူသည် သူနှင့်တိုက်နေသောလူဘက်သို့ ယခုမှအသေအချာကြည့်၍ ကျားပွတ်ကိုဝေ့ယမ်းကာ ပြန်လည်တိုက်လိုက်နေတော့သည်။ ထိုစဉ်မှာပင် ....

ဝမ်းပါဆိုးနှင့်တိုက်နေသော လူလေးယောက်သည် မြင်းပေါ်သို့တက်ကာ အားကုန်ပင်မောင်းနှင်၍ပြေးထွက်သွားသည်ကိုမြင်လိုက်ရသဖြင့် ....

www.burmeseclassic.com

www.burmeseclassic.com



မှုံလူအားတိုက်ခိုက်နေသောလူသည် တဖြည်းဖြည်း နောက်သို့ဆုတ်ပြီး မြင်းတစ်ကောင်ပေါ်သို့လျှင်မြန်စွာခုန်တက်၍ ထိုနေရာမှ ထွက်ပြေးလေတော့သည်။

ထိုအခါမှ ....

ဝမ်းပါဆိုးသည် ပင်ပန်းနွမ်းနယ်စွာဖြင့် သူ့အနားသို့ရောက်ရှိလာပြီး ....

"မင်းဆီကရခဲ့တဲ့ငွေဟာ ဒီလောက်ပင်ပန်းမယ်လို့ ငါမထင်မိခဲ့တာအမှန်ပဲ၊ တော်သေးတာပေါ့၊ လက်နက်ပုန်းနဲ့ ဝိုင်းပစ်ပေးတဲ့လူတစ်ယောက်ပေါ်လာလို့ နို့မဟုတ်ရင် တို့တော့မသက်သာဘူး၊ အဲဒါဘယ်သူလဲကွ"

မှုံလူက သူ့အားမျက်လုံးပြူး၍ကြည့်လိုက်သည်။

"အဲဒီမေးခွန်းကို ကျုပ်ကမေးရမှာ၊ အဲဒီလူကခင်ဗျားနဲ့အတူလာတာမဟုတ်ဘူးလား"

ဝမ်းပါဆိုး၏မျက်ခုံးနှစ်ဖက်သည် အပေါ်သို့ မြင့်တက်သွားပြန်သည်။

"ငါသိနေမှဖြင့် မင်းကိုမေးပါ့မလားကွ"

မှုံလူ ပါးစပ်ပိတ်ထားလိုက်သည်။

ထိုအချိန်တွင် .... ကျင်းလျှံသည် ဝမ်းပါဆိုးအားတွေ့လိုက်သောအခါ ပြုံးလိုက်ပြီး ....

"အဘ ဒီတစ်ခါတော့ အစ်ကိုမှုံလူမှာ အဘကိုပေးစရာ တစ်ပြားမှ ရှိမှာမဟုတ်တော့ဘူး"



ဝမ်းပါဆိုးက သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်လေသည်။

"တော်ပြီ၊ တော်ပြီ၊ ဒီကောင့်ငွေကိုတောင်းထားတာ ငါ့မှာမီးခဲကိုင်ထားရသလိုပဲ၊ ငေါ်စွတ်စွေက ငါပါကြံရာပါဆိုပြီး အခု ငါ့ကိုလိုက်သတ်နေကြတယ်"

မှုံလူ ရယ်မောလိုက်သည်။ ထိုစဉ် ကျင်းလျှံက ကြားဖြတ်၍ပြောလိုက်သည်။

"ဒါနဲ့ ဟိုအဖြူရောင်ဝတ်စုံနဲ့ မျက်နှာဖုံးတပ်ထားတဲ့လူက သိပ်မြန်တာပဲနော်၊ သူ့လက်ကို တစ်ချက်ဝှေ့ယမ်းလိုက်တာနဲ့ အကုန်လဲကျကုန်တော့တာပဲ"

မှုံလူ ဘာမှပြန်မပြောတော့ဘဲ ဆိတ်ဆိတ်နေလိုက်၏။

ဝမ်းပါဆိုးက ခေါင်းညိတ်လိုက်ပြီး ....

"တုတ်တယ်၊ သူရောက်လာလို့ ဒီလောက်မြန်မြန်ပြီးသွားတာ၊ အဲဒါ ဘယ်သူလဲဆိုတာကို မှုံလူ မသိဘူးတဲ့"

ဝမ်းပါဆိုးက မကျေမနပ်နှင့်ပြောလိုက်သည်ကို ကျင်းလျှံက ရယ်မော၍ပြန်ပြောလိုက်သည်။

"ဟုတ်တယ်အဘရဲ့ ကျွန်မတို့ကို သူလာပြီးကူညီတာ ဒီတစ်ခါနဲ့ဆို နှစ်ခါရှိသွားပြီ၊ ဘယ်သူဘယ်ဝါမှန်းကိုမှသိသေးဘူး"

ဝမ်းပါဆိုးက သက်ပြင်းတစ်ချက်ချပြီး မှုံလူကိုကြည့်သည်။

"မင်းမဆိုးဘူး၊ ဒီအလုပ်နဲ့အကျိုးပေးတယ်"

မှုံလူက ဝမ်းပါဆိုးကို မျက်လုံးပြူး၍ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာပြောတာလဲ"

ဝမ်းပဲ့ဆိုးသည် တဟားဟားရယ်မောလိုက်ပြီး ....

"အချိန်ကျရင် ကူညီမယ့်လူ အလိုလိုပေါ်နေတတ်တယ် မဟုတ်လား။ ဟား .... ဟား .... ဟား"

ဝမ်းပဲ့ဆိုး၏ရယ်မောသံကြီးသည် တောတစ်တောလုံးဟိန်း ထွက်သွားလေတော့သည်။

✱



မုံ့လူတို့ တိုက်ပွဲဖြစ်ပွါးနေသည့်အချိန်မှာပင် ....

ယင်းဆိုင်သည် လီရှောင်လုံတို့လင်မယားနှင့်အတူ ဆောင်းလောင်ရှိရာ ....

ကျင်းဘွားဘွားနေအိမ်သို့ရောက်ရှိလာကြလေသည်။

ယင်းဆိုင်သည် ရောက်လျှင်ရောက်ချင်း ဆောင်းလောင်အား မေးလိုက်လေသည်။

"ဘယ်လိုလဲ မင်းဆရာမကြီးက ငါတို့သိုင်းသမားတွေ ဒီမှာ သာစုမယ်ဆိုတာ သဘောတူရဲ့လားကွ"

ဆောင်းလောင်တခေါင်းညိတ်လိုက်သည်။

"ကျုပ်ပြောထားပြီးပါပြီ၊ ဆရာမကြီးကလဲ ကျုပ်တို့လိုအပ် တဲ့အကူအညီတွေ အကုန်ပေးပါလိမ့်မယ်၊ ဒါနဲ့ ယင်းဆိုင် မင်းသူတို့ ကို ခရာခဲဆစ်ကယ်ထုတ်ခဲ့ရသလား"

ယင်းဆိုင်က ရယ်မောရင်း ....

"ထမင်းစားရေသောက်ပါပဲကွာ"

လီရှောင်လုံကသက်ပြင်းတစ်ချက်ချရင်း ....

"အင်း .... မုံ့လူတို့ကိစ္စကလဲ အပျက်အပျက်နဲ့ တော်တော် ကြီးကျယ်သွားပြီ"

ထိုစဉ်ဆောင်းလောင်က ကြားဖြတ်၍ ....

"ဒါထက် အမေ ညီမလေးဆောင်းယုံလဲ မမြင်ပါလား၊ ဘယ် သွားနေသလဲ"

ကျင်းဘွားဘွားကပြုံး၍ ....

www.burmeseclassic.com

www.burmeseclassic.com



"သူ အမေ့ဆီကခွင့်တောင်းပြီးမှ သွားတာပါ၊ ကျားခြောင်းရွာဘက်ကိုဆင်းသွားတာနဲ့တူတယ်"

ထိုသို့ပြောနေစဉ်မှာပင် ဆောင်းယုံသည် မြင်းပေါ်တွင် စားစရာများကိုတင်ဆောင်၍ပြန်လည်ရောက်ရှိလာတော့သည်။

✱



ကျားခြောင်းရွာ

ထိုရွာ၏မြောက်ဘက်ရှိတောအုပ်ထဲတွင် ပျက်စီးယိုယွင်းနေသောအဆောက်အအုံတစ်ခုရှိနေသည်။ ထိုအဆောက်အအုံထဲတွင် လူသုံးယောက် ကိုယ့်အတွေးနဲ့ကိုယ် တိတ်ဆိတ်စွာ ထိုင်နေကြသည်။

ထိုသုံးယောက်မှာ ....

မုံ့လှ၊ ကျင်းလျှံနှင့်ဝမ်းပျံဆိုးတို့ဖြစ်၏။ သူတို့သည် ခွန်ဝါးစုတို့နှင့်တိုက်ပွဲဖြစ်ပွါးပြီးနောက် ထိုအဆောက်အအုံပျက်ကြီးထဲတွင် ခေတ္တခဏဝင်ရောက်ခိုနားနေကြခြင်းဖြစ်သည်။

ကျင်းလျှံသည် မျက်နှာကိုအောက်ငုံ့ထား၏။

ဝမ်းနည်းကြေကွဲနေပုံရလေသည်။ တစ်ခါတစ်ခါ သူမထံမှ ငိုရှိုက်သံထွက်ပေါ်လာသည်ကိုကြားရသည်။

မုံ့လှက ကျင်းလျှံအနားသို့ထသွားပြီး အကျိုးအကြောင်းမေးမြန်းလိုက်သည်။

"ညီမ ဘာဖြစ်ချင်တယ်ဆိုတာ အစ်ကိုကိုပြောပြပါလား"

ဝမ်းပျံဆိုးက သူတို့နှစ်ယောက်ကိုကြည့်ပြီး သူတို့ပြောသမျှကို ငြိမ်၍နားထောင်နေသည်။ ကျင်းလျှံသည် သူမ၏အိတ်ထဲမှ ငွေထုပ်တစ်ထုပ်ကိုယူပြီး မုံ့လှအားလှမ်းပေးလိုက်သည်။

"အစ်ကို အဲဒီအထုပ်ထဲမှာ ငွေဝါးထောင်ပါတယ်၊ ကျွန်မအတွက် အစ်ကို့ရဲ့ဆောင်ရွက်ချက်တွေဟာ ဒီငွေထက်မကအောင် တန်ဖိုးကြီးမားလှပါတယ်"

ကျင်းလျှံ၏အပြုအမူကြောင့် ....

www.burmeseclassic.com

www.burmeseclassic.com



မုံလှသည် မျက်လုံးပြူးသွားပြီး ပျာပျာသလဲဖြင့် ....

"ကျုပ် ဒီငွေကိုဘာလုပ်ရမှာလဲညီမရဲ့"

ကျင်းလျှံက မျက်ဝန်းမှမျက်ရည်စများကိုသုတ်ရင်း ....

"ကျွန်မရောက်ချင်တဲ့နေရာကို သွားလို့မရတော့မယ့်အတူတူ ကျွန်မဘဝနဲ့ကျွန်မပဲရှိပါစေတော့၊ အစ်ကိုတို့ကို ညီမဆက်ပြီး ဒုက္ခမပေးချင်တော့ဘူး၊ ကျွန်မသွားတော့မယ်"

ထိုအခါ တစ်ချိန်လုံးငြိမ်၍ထိုင်နေသော ဝမ်းပေါ့ဆိုးကဝင်၍

"မဟုတ်တာဘဲကွယ်၊ လုံမလေးကဘယ်သွားမှာလဲ"

ကျင်းလျှံသည် ဝမ်းပေါ့ဆိုးအားကြည့်လိုက်ပြီး ....

"ကျွန်မ တစ်နေရာရာကိုထွက်သွားလိုက်ရင် အစ်ကိုတို့အတွက် တာဝန်တစ်ခုပေါ့သွားတာပေါ့"

ဝမ်းပေါ့ဆိုးက မရယ်ချင့်ရယ်ချင်ရယ်လိုက်သည်။

"ဒီလိုဘယ်ဟုတ်ပါ့မလဲလုံမရယ်၊ အခု အခြေအနေက လုံမလေးတစ်ယောက်တည်းသွားလဲ ရန်သူတွေကလိုက်လာမှာပဲ၊ လုံမလေးမရှိတော့လဲ၊ ကျုပ်တို့ကို ဝေါ်စွတ်စွေက ချမ်းသာပေးမှာမဟုတ်ပါဘူး၊ လုံမလေး သဘောပေါက်ပါတယ်နော်"

ဝမ်းပေါ့ဆိုးစကားကို မုံလှကပါ ဝင်၍ထောက်ခံလိုက်သည်။

"ဟုတ်တယ်ညီမ၊ အခုအခြေအနေကဝေါ်စွတ်စွေနဲ့အစ်ကိုတို့ဟာ တကယ့်ရန်သူတွေဖြစ်ပြီး သူသေကိုယ်သေတိုက်ရတော့မယ့် အခြေအနေမှာရောက်နေပြီ၊ အစ်ကိုတစ်ခုစဉ်းစားမိတာက ...."

မုံလှက စကားကိုဖြတ်ပြီး အတန်ကြာစဉ်းစားလိုက်သည်။



ဝမ်းပေါ့ဆိုးက မုံလှအားကြည့်ကာ ....

"မင်းက ဘယ်လိုစဉ်းစားထားလို့လဲ"

မုံလှက သူ၏ရည်ရွယ်ချက်ကိုပြောလိုက်သည်။

"စဉ်းစားလို့ရတာတော့ ဝေါ်စွတ်စွေနဲ့ကျွန်တော်တို့ဟာ မလွဲမသွေတိုက်ရတော့မှာပဲ၊ အဲဒီတော့ ကျင်းလျှံကဝေါ်စွတ်စွေဆီမပြန်ချင်ရင် ကျွန်တော်တို့က သူကိုလုံခြုံတဲ့နေရာမှာထားခဲ့ရလိမ့်မယ်"

ထိုအကြံကို ဝမ်းပေါ့ဆိုးကလည်း သဘောတူလေသည်။

"ဟုတ်တယ် လုံမလေး တစ်နေရာမှာအေးအေးဆေးဆေးနေခဲ့ပေတော့၊ ကျုပ်တို့ကတော့ ဒီကိစ္စနဲ့အပြတ်ရှင်းရတော့မှာပဲ"

"အဲဒီကိစ္စအတွက် ဝေါ်စွတ်စွေကရန်သူအဖြစ်သတ်မှတ်ထားတဲ့သိုင်းသမားတစ်ချို့ကိုလဲ ခြသေ့်တောင်ကုန်းပေါ်မှာရှိနေကြပြီ"

ဝမ်းပေါ့ဆိုးက မုံလှစကားကြောင့် ဝမ်းသာအားရဖြင့် ....

"ဟုတ်လား ဒါဆို ဟန်ကျတာပေါ့၊ ကျုပ်တို့ အဲဒီမှာသွားစုကြပြီးမှ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာကို အေးအေးဆေးဆေးတိုင်ပင်ကြရင် မကောင်းဘူးလား"

မုံလှသည် ကျင်းလျှံပေးထားသောငွေထုပ်အား ကျင်းလျှံထံပြန်လည်ပစ်ပေးလိုက်ရင်း ....

"ကဲ .... ညီမ အားလုံးကောင်းဖို့အတွက် အစ်ကိုတို့ ဆောင်ရွက်မှာပါ၊ လာ .... သွားကြစို့"

✷

www.burmeseclassic.com

www.burmeseclassic.com



ငေါ်စွတ်ဧွေ ....

သို့မဟုတ်၊ တာ့စန်းအိဂိုဏ်း၏ဂိုဏ်းချုပ်ကြီး

သူသည် ယခုအခါ လီရှောင်လုံတို့အိမ်ကြီးဆီသို့ပင် ရောက်ရှိနေပြီဖြစ်သည်။ သူနှင့်အတူ အစ်ကိုဖြစ်သူ ငေါ်စွတ်ကျန်လည်းလိုက်ပါလာ၏။

သူသည် ထိုအိမ်သို့ရောက်လျှင်ရောက်ချင်း လီရှောင်လုံတို့ လင်မယားလွတ်မြောက်သွားသည်ဟုကြားလိုက်ရသဖြင့် အကြီးအကျယ် ဒေါသူပုန်ထသွားလေသည်။

ထို့ပြင် အမှတ်(၄)အဆင့်ရှိသော ခွန်ဝါးစုတို့အဖွဲ့ တစ်ဖွဲ့လုံး နည်းပါးပြုတ်သွားသည်ဟုကြားသိလိုက်ရပြန်ရာ ငေါ်စွတ်ဧွေမှာအကြီးအကျယ်တုန်လှုပ်ချောက်ချားသွား၏။

ချက်ချင်းပင် .... ရန်သူများအား အပြတ်အသတ်သုတ်သင်ချေမှုန်းနိုင်ရန်စီစဉ်လေတော့သည်။

ရှေးဦးစွာ လီရှောင်လုံ၏မိဘနှစ်ပါးနှင့် ထိုင်စန်းလျှောင်၏မိဘနှစ်ပါးအပြင် ကလေးများကိုပါဖမ်းဆီးချုပ်နှောင်လိုက်လေသည်။ တစ်ရပ်တကျေးတွင်နေသော ယင်းဆိုင်၏မိခင်အဘွားကြီးကိုလည်း မရရအောင်ရှာကြံဖမ်းဆီးလာရန် လက်အောက်ငယ်သားအချို့ကို စေလွှတ်လိုက်လေသည်။

သူ၏ရန်သူများစာရင်းကိုထပ်မံ၍ကြည့်ပြန်သော် ....

မုံ့လူ ဆောင်းလောင်နှင့်ဝမ်းပါဆိုးတို့ကိုတွေ့ရှိရသော်လည်း ၄င်းတို့သုံးဦး၏မိဘများဆွေမျိုးများကို စုံစမ်းရှာဖွေ၍မရသဖြင့် ....



ငေါ်စွတ်ဧွေက လက်လွှတ်ထားလိုက်ရသည်။

တစ်ချိန်လုံး သူလုပ်သမျှကို ဘာမျှဝင်ရောက်ကန့်ကွက်ခြင်းမရှိဘဲ တိတ်ဆိတ်စွာနေခဲ့သော ငေါ်စွတ်ကျန်က မျက်နှာထားခက်ထန်စွာဖြင့် ဝင်ပြောလေတော့သည်။

“မင်း အခုလက်ရှိရန်သူတွေကိုတောင်မှ နိုင်အောင်မထိန်းနိုင်ရင် တာ့စန်းအိဂိုဏ်းဟာအလိုလိုကွယ်ပျောက်သွားမှာပဲ၊ အဲဒီတော့ အခုအချိန်ကစပြီး ငါလဲ မင်းကိုမညှာနိုင်တော့ဘူး၊ ဒါပဲ”

ငေါ်စွတ်ဧွေက သူ့အစ်ကိုအားကြည့်ကာ ရယ်လိုက်သည်။

“ကျုပ်အစီအစဉ်တွေအများကြီးလုပ်ထားပါတယ်၊ ဒီကောင်တွေလောက်မှ မနိုမ်နင်းနိုင်ဘူးဆိုရင်တော့ ကျုပ် ဂိုဏ်းချုပ်လုပ်မနေတော့ဘူး”

ငေါ်စွတ်ကျန်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

“မင်း ရန်သူကို အထင်သေးခဲ့လို့ ဂိုဏ်းတဝက်လောက်ပြုတ်ကုန်ပြီမဟုတ်လား”

ငေါ်စွတ်ဧွေသည် ဒေါသဖြစ်လာဟန်ဖြင့် အံတစ်ချက်ကြိတ်လိုက်ကာ ....

“ကြည့်ကြသေးတာပေါ့”

✵

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်(၃)နဲ့တွေ့ဆုံခြင်း

မုံ့လူ၊ ကျင်းလျှံနှင့်ဝမ်းပါ့ဆိုး ....

သူတို့သုံးဦးသည် အိမ်ပျက်ကြီးထဲမှထွက်လာခဲ့ကြပေသည်။ သူတို့သည် ဆောင်းလောင်ရှိရာ ခြင်သို့တောင်မှ ကျင်းဘွားဘွား၏ နေရာသို့သွားရောက်ရန် ထွက်လာခဲ့ကြခြင်းဖြစ်ပေသည်။

ထိုသို့အိမ်ပျက်ကြီးမှထွက်လာခဲ့ခြင်းသည် သူတို့သုံးယောက် အဖို့ ကံဆိုးမိုးမှောင်ကျသည်ဟုဆိုရပေတော့မည်။

အကြောင်းမှာ ....

အမှတ်(၄)ဖြစ်သော ခွန်ဝါးစု၏အဖွဲ့ မုံ့လူတို့၏ရက်စက်စွာ ပတ်ဖြတ်ခြင်းကိုခံလိုက်ရသည်ဟုသတင်းကြားလိုက်ရသော ညီဖြစ်သူအမှတ်(၃)အဖွဲ့၏ခေါင်းဆောင်ခွန်ဝါးစံသည် အကြီးအကျယ်ဒေါသဖြစ်ကာ ....

မုံ့လူနှင့်ကျင်းလျှံတို့အား တရကြမ်းရှာဖွေနေတော့၏။

သူတို့ရှာဖွေနေစဉ်မှာပင် ....



အဆောက်အအုံပျက်ကြီးထဲမှ လူသုံးယောက် မြင်းကိုယ်စီနှင့်ထွက်လာသည်ကိုတွေ့မြင်လိုက်ရသဖြင့် ခွန်ဝါးစံတို့အဖွဲ့မှာအံ့အားသင့်သွားကြလေသည်။

ခွန်ဝါးစံ၏စိတ်ထဲတွင် မုံ့လူနှင့်ကျင်းလျှံနှစ်ယောက်တည်းသာထင်မိသော်လည်း ယခု သူတို့တွေ့မြင်ရသည်မှာ သုံးယောက်ဖြစ်နေ၍အံ့အားသင့်သွားခြင်းဖြစ်လေသည်။

သို့သော် ခွန်ဝါးစံတို့အဖွဲ့သည် ချက်ချင်းပင် နေရာယူ၍ သူတို့သုံးဦးထွက်လာရာလမ်းမှုပုန်းကွယ်၍ ဝိတ်ဆိုင်းထားလိုက်လေသည်။

ထိုအချိန်မှာပင် ....

မုံ့လူတို့သည် အဆောက်အအုံပျက်ထဲမှ စကားတပြောပြောနှင့်ထွက်လာကြပေသည်။

မုံ့လူ၏နားသည် ပါးလှသည်။

သူသည် မသင်္ကာစရာများကို စောစပ်မှုကြားလိုက်ရသဖြင့် လှည့်ကြည့်ကာ နားစွင့်လိုက်ပေသည်။

သို့သော် ....

မုံ့လူမှာ နောက်ကျသွားပေသည်။

လေတိုးသံနှင့်အတူ ....

ဓားမြှောင်တစ်လက်သည် သူ၏လက်မောင်းသို့ ပြင်းထန်စွာဝင်ရောက်စိုက်ဝင်သွားလေတော့သည်။

မုံ့လူကော ဝမ်ပါ့ဆိုးပါ လျင်မြန်စွာ မြင်းပေါ်မှခုန်ဆင်းလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ....

ကျင်းလျှံကလည်း ....

မြင်းပေါ်မှ လျင်မြန်စွာ ခုန်ဆင်း၍ ဝမ်းပါးဆိုးနှင့် မုံ့လူတို့၏ ကြားလယ်တွင်ရပ်နေလိုက်ပေသည်။

✵



သူတို့၏ခေါးတစ်တစ်ချက်ချုံကြားတွင် လူဆယ့်ငါးယောက်ခန့်ထွက်လာ၍ဝိုင်းထားကြသည်။ မုံ့လူသည် သူ၏လက်မောင်း၌ သုံးလက်မခန့်စိုက်ဝင်နေသောဓားမြှောင်ကို မည်သူမတာပင် ဆွဲနုတ်လိုက်လေသည်။

လက်မောင်းမှသွေးများက အဆက်မပြတ်ယိုစီး၍ထွက်လာတော့သည်။ ကျင်းလျှံက မုံ့လူ၏လက်မောင်းအား သူမ၏အပြာရောင်ပဝါလေးဖြင့် ကမန်းကတန်းစည်းပေးလိုက်သည်။

ချုံကြားမှထွက်လာသော လူဆယ့်ငါးယောက်ခန့်မှ တစ်ယောက်သည် မုံ့လူ၏ရှေ့တွင် မားမားမတ်မတ်ရပ်၍ဒေါသခက်ထန်စွာဖြင့်ပြောလိုက်လေသည်။

"ငါ့အစ်ကိုခွန်ဝါးစုသေသလို မင်းလဲသေစေရမယ်"

ခွန်ဝါးစံသည် တစောက်ကန်းသမားဖြစ်ပုံရသည်။

စကားကို အကြာကြီးမပြောပါ။

စကားဆုံးသည်နှင့်ဓားရှည် တစ်လက်ကိုကျောပိုးထားရာမှ ဆွဲထုတ်၍မုံ့လူအား အစင်းတိုက်ခိုက်လေတော့သည်။

ထိုသို့တိုက်ခိုက်နေရင်းမှ တစ်ချက်တော့လှမ်းအော်လိုက်သေးသည်။

"ကျင်းလျှံ ခင်ဗျားအေးအေးဆေးဆေးနဲ့ဘေးမှာနေပါ၊ ကျုပ်မျက်စိနောက်အောင်လုပ်ရင် ခင်ဗျားကိုလဲ ချမ်းသာမပေးဘူး"

ကျင်းလျှံက ခွန်ဝါးစံအား မျက်စောင်းတစ်ချက်ထိုးပြီး သူမ၏လက်ကိုတစ်ချက်လှုပ်ရှားလိုက်ရာ ....

www.burmeseclassic.com

www.burmeseclassic.com



တေးပါးလေးတစ်စင်းသည် ခွန်ဝါးစံထံသို့ပြေးလွှားသွားလေသည်။ ခွန်ဝါးစံက ထိုတေးပါးလေးကို တိုက်ခိုက်နေရင်းမှရှောင်တိမ်းလိုက်လေသည်။

ပါးစပ်မှလည်း ကျယ်လောင်စွာလှမ်းအော်လိုက်သည်။

"ခင်ဗျားကပါ ကျုပ်တို့ကိုခုခံတယ်ဆိုတာ ကျုပ် ငေါ်စွတ်ရွှေကိုပြန်ပြောရမှာပဲ"

ကျင်းလျှံက ....

"နင့်ဟာနင် ပြောချင်တဲ့လူကိုသွားပြော"

ကျင်းလျှံသည် ငေါ်စွတ်ရွှေအဖွဲ့သားများအား မည်သည့်အခါမှဒဏ်ရာရအောင်မပြုလုပ်ခဲ့ပါ။

သူမကိုယ်တိုင်လည်း ဝင်ရောက်တိုက်ခိုက်ခြင်းမရှိခဲ့ပါ။

ယခုအခါ မုံလှူမှာ လက်မောင်းတွင် ဒဏ်ရာရနေပြီဖြစ်၍ သူမ၏စိတ်ထဲတွင် တမျိုးတမည်ဖြစ်သွားပြီး ဝင်ရောက်ကူညီချင်သောစိတ်များဖြစ်ပေါ်လာသည်။

"အား ...."

ရုတ်တရက် ကျယ်လောင်စွာအော်လိုက်သောအသံတစ်သံသည် ဝမ်းပေါ့ဆိုးတို့အုပ်စုမှထွက်ပေါ်လာ၏။

ဝမ်းပေါ့ဆိုး၏လုံများက လက်စွမ်းပြနေပြီဖြစ်ကြောင်း မုံလှူနားလည်လိုက်သည်။

ခွန်ဝါးစံအပါအဝင် လူဆယ့်ငါးယောက်မှာ လွန်စွာအဆင့်မြင့်သောသိုင်းပညာရှင်များဖြစ်မည်ဟု ခန့်မှန်းရပေသည်။



မုံလှူအား ခွန်ဝါးစံအပါအဝင်ငါးယောက်က ဝိုင်းဝန်းတိုက်ခိုက်နေကြသည်။

ဝမ်းပေါ့ဆိုးအား ဝိုင်းတိုက်နေသူများမှာ ရှစ်ယောက်ဖြစ်ပြီး ကျင်းလျှံကို သိုင်းသမားနှစ်ယောက်က သေကြေအောင် တိုက်ခြင်းမျိုးမဟုတ်ဘဲ ဖမ်းမိနိုင်အောင်သာတိုက်ခိုက်နေသည်။

ထိုအခိုက်မှာပင် ....

"အား"

ဟူသောအသံတစ်သံ ဝမ်းပေါ့ဆိုးတို့အုပ်စုမှ ကြားလိုက်ရပြန်သည်။ မုံလှူသည် ကျာပွတ်ကို တရစပ်ဝှေ့ယမ်းရိုက်ခတ်နေရာမှ ဝမ်းပေါ့ဆိုးအားလှမ်းပြောလိုက်သည်။

"သွက်လှချည်လားဗျ"

ပျော်ပျော်နေတတ်သော ဝမ်းပေါ့ဆိုးသည် မုံလှူ၏အသံကိုကြားလိုက်ရသည်နှင့် အားတက်သွားကာ ....

"မုံလှူ တတ်နိုင်ရင် မင်းငွေတွေ မင်းပြန်ယူသွားကွာ၊ ငါ အပိုတောင်ဆောင်းပေးလိုက်ဦးမယ်"

မုံလှူက သဘောကျစွာရယ်မောလိုက်သည်။

ခွန်ဝါးစံအပါအဝင် ရန်သူများမှာ တိုက်ခိုက်နေရင်းမှ ထိုသူနှစ်ယောက်ကို စိတ်ထဲမှကျိတ်၍ချီးမွမ်းနေမိသည်။

သူတို့က အသက်လု၍ အသေအလဲတိုက်ခိုက်နေရသည့်အချိန်တွင် ....

ဒဏ်ရာပြင်းထန်စွာရထားသောမုံလှူက ဘာမှမဖြစ်သကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်းနောက်ပြောင်ကျီစယ်၍တိုက်ခိုက်နေသည်ကိုမြင်ရသဖြင့် ခွန်ဝါးစံနှင့်အဖွဲ့သားများမှာ တစ်နည်းအားဖြင့် စိတ်ဓာတ်ကျသွားမိကြလေသည်။

ဝမ်းပါ့ဆိုးမှာ ရန်သူများစိတ်ဓာတ်ကျသွားစေရန်သာ ရယ်မောပြောဆိုတိုက်ခိုက်နေရသော်လည်း စိတ်ထဲတွင် မငြိမ်မသက်ဖြစ်နေသည်။

ခွန်ဝါးစံသည် လွန်စွာသွက်လက်ဖျတ်လတ်ပြီး အထိုးအခုတ်မှာလည်း လွန်စွာကျင်လည်လှသဖြင့် ဝမ်းပါ့ဆိုးကစိုးရိမ်နေမိသည်။

မုံ့လူမှာလည်း ထိုအတိုင်းပင်ဖြစ်သည်။

ခွန်ဝါးစံသည် ဓားရှည်ကိုကျွမ်းကျင်စွာအသုံးပြုနိုင်ပြီး အခုန်အပျံလည်း လွန်စွာလျင်မြန်လှသည်။

မုံ့လူ၏ကျာပွတ်မှာ ခါတိုင်းတိုက်ခိုက်နေသကဲ့သို့ မလျင်မြန်လှတော့ပါ။ အကြောင်းမှာ သူ၏လက်မောင်းမှဒဏ်ရာသည် လှုပ်ရှားမှုများသဖြင့် သွေးများဒလဟောစီးဆင်းကျလာသောကြောင့်ဖြစ်သည်။

သူသည် သူ၏ကျာပွတ်ရိုးမှ နဂါးလျှာလျှို့ဝှက်ဓားများကို လွှတ်ချင်သော်လည်း သူ၏စိတ်ထားက လူတစ်ယောက်အား လွယ်လွယ်ကူကူနှင့်မသတ်ချင်သောကြောင့် မလွှတ်ဖြစ်ဘဲ ရှိနေလေသည်။

ထိုအခါ ခွန်ဝါးစံသည် တိုက်ခိုက်နေရင်း မုံ့လူ အားပျော့လာမှန်းသိ၍ တအားပင်ဖိတိုက်လေတော့၏။

မုံ့လူမှာ ငါးယောက်နှင့်တစ်ယောက်ဖြစ်၍ အလူးအလဲခုခံနေရသည်။



တစ်ချိန်တွင် ....

မည်သို့မျှ မတတ်နိုင်တော့သဖြင့် ရန်သူတစ်ယောက်ထံ သူ၏ကျာပွတ်ရိုးမှ နဂါးလျှာဓားတစ်လက်ကိုပစ်လွှတ်လိုက်မိသည်။

ဝှစ် ....

"အား ...."

အသံနှင့်အတူ ရန်သူ့ရင်ဝတွင်ဓားပါးလေးတစ်လက် စူးဝင်သွားလေတော့၏။ တစ်ဆက်တည်းမှာပင် သူသည် ကျင်းလျှံအား လှမ်းကြည့်လိုက်သည်။

ကျင်းလျှံလည်း တတ်သမျှပညာနှင့် ရန်သူများအားခုခံတိုက်ခိုက်နေသည်ကိုတွေ့မြင်ရသည်။

ထိုအချိန်မှာပင် မမျှော်လင့်သောဖြစ်ရပ်တစ်ခုက ဝင်ရောက်လာလေတော့၏။

✵

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလျှံနှင့်တိုက်ခိုက်နေသူထံမှ ....

"အမလေးဗျ"

ဟူသောအသံနှင့်အတူ လူတစ်ယောက်လဲကျသွား၍ မှုံလု နှင့် ဝမ်းပါ့ဆိုးတို့ကလှည့်ကြည့်လိုက်ရာ မြင်လိုက်ရသောမြင်ကွင်း ကြောင့် မျက်လုံးများပင်ပြူးကျယ်သွားတော့သည်။

ခေါင်းမွေးနှင့်မုတ်ဆိတ်မွေးများဖြူဖွေးနေသော အဘိုးအို တစ်ယောက်သည် ဝါးလုံးရှည်တစ်ချောင်းကိုင်၍ လွန်စွာအဆင့်မြင့် သောသိုင်းကွက်များဖြင့် ကျင်းလျှံအား ကူညီ၍တိုက်ခိုက်ပေးနေ သည်ကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်သည်။

ကျင်းလျှံအားတိုက်ခိုက်နေသော လူနှစ်ယောက်စလုံးပင် အဘိုးအို၏ဝါးလုံးဒဏ်ကြောင့် လဲကျကုန်တော့သည်။

ထိုမုတ်ဆိတ်မွေးနှင့်အဘိုးအိုသည် မှုံလုထံသို့ပြေးလာကာ မှုံလုအား ဝိုင်း၍တိုက်နေကြသော လူများအား ဝင်ရောက်တိုက်ခိုက် ပြန်သည်။

ခွန်ဝါးစံမှာ ထိုအဘိုးအို၏အဆင့်မြင့်လှသောသိုင်းကွက် များကိုကြည့်ရင်း နောက်သို့တဖြည်းဖြည်းဆုတ်သွားမိသည်။

တစ်ခဏအတွင်းမှာပင် .... အဘိုးအို၏ဝါးလုံးများက သိုင်း သမားသုံးယောက်ကို ထပ်မံ၍လှဲချလိုက်ပြန်သည်။

ခွန်ဝါးစံမှာ မယုံကြည်နိုင်အောင်ဖြစ်သွားပြီး နီးရာမြင်းပေါ် သို့ခုန်တက်လိုက်လေသည်။

အဘိုးအိုသည် ဝမ်းပါ့ဆိုးထံသို့ပြေးသွားပြန်၏။



ဝမ်းပါ့ဆိုးနှင့်တိုက်ခိုက်နေသူများသည် သူတို့၏ခေါင်းဆောင် မြင်းပေါ်ခုန်တက်လိုက်သည်ကိုမြင်လိုက်ရသဖြင့် သူတို့ပါ အသီးသီး မြင်းပေါ်တက်ကာ ထွက်ပြေးပျောက်ကွယ်သွားကြလေသည်။

ရန်သူခြောက်ယောက်မှာ ထိုနေရာတွင်ပင် လဲကျန်ရစ်ခဲ့လေ သည်။ မှုံလုက ရုတ်တရက် သူတို့အား ဝင်ရောက်ကူညီတိုက်ခိုက်ပေး သော မုတ်ဆိတ်မွေးဖြူနှင့်အဘိုးအိုအား လှမ်းကြည့်လိုက်ရာ ....

အဘိုးအိုကပြုံးပြပြီး လက်ထဲမှအရာဝတ္ထုတစ်ခုကိုပစ်ပေး လိုက်လေသည်။ မှုံလုမှာ ယောင်ယမ်းဖမ်းလိုက်မိပြီး ထိုအရာအား သေချာစွာကြည့်လိုက်မိ၏။

ထိုအခါ မှုံလု၏ဦးခေါင်းသည် ချာချာလည်မတတ်ဖြစ်သွား လေတော့၏။

အကြောင်းမှာ မှုံလုဖမ်းယူလိုက်သော အရာဝတ္ထုသည် ပုလဲ လုံးလေးတစ်လုံးဖြစ်နေသောကြောင့်တည်း။

✲

www.burmeseclassic.com

www.burmeseclassic.com



မုံ့လှသည် ဒဏ်ရာနှင့်ဖြစ်၍ မြင်းကိုအမြန်ဆုံးနှင်နေရသည်။

သူတို့သည် သေဆုံးနေသောရန်သူ၊ ဒဏ်ရာရနေသောရန်သူ ဟူ၍ပင် ခွဲခြားပြီးစစ်ဆေးမနေတော့ပါ။

ဆောင်းလောင်၏နေရာသို့ အမြန်ဆုံးသွားရောက်ကြရန် လို အပ်နေသဖြင့် မြင်းကိုသာ အမြန်ဆုံးမောင်းနှင်လာခဲ့ကြလေသည်။

သူတို့သုံးဦးသည် မှန်ဝါးဝါးကြယ်ရောင်၏အောက်၌ မြင်းကို မောင်းနှင်နေကြရသဖြင့် ....

ခရီးက သိပ်မတွင်ကျယ်ပါ။

ဝန်းကျင်တစ်ခုလုံး သူတို့၏မြင်းခွါသံများကသာ စိုးမိုးနေလေ တော့သည်။

ထိုစဉ် ....

ဝမ်းပုံ့ဆိုးက သူထုံးစံအတိုင်းမုံ့လှကိုလှမ်းပြောလိုက်သည်။

“ငါပြောတာမှန်တယ်မဟုတ်လားဟေ့မုံ့လှ”

မုံ့လှက သူ၏ဒဏ်ရာကို လက်တစ်ဖက်ဖြင့်ဖိထားရင်း...

“ဘာလဲဗျ”

ဝမ်းပုံ့ဆိုးက ရယ်လိုက်သည်။

“မင်း ဒီအလုပ်နဲ့အကျိုးပေးတယ်ဆိုတာလေ”

ထိုအခါ ကျင်းလျှံကပါရယ်မောမိလေသည်။

သူမသည် တစ်စုံတစ်ခုကိုသတိရကာ ....

“ကျွန်မ အံ့ဩနေတာက ကျွန်မတို့ကိုလာကူညီတဲ့လူဟာ တိုက်ပွဲပြီးသွားတာနဲ့ အစ်ကိုမုံ့လှကို ဘာပစ္စည်းလဲမသိဘူး ပစ်ပေး



သွားတာတွေ့တယ်၊ အဲဒါကို ကျွန်မ အံ့ဩနေမိတယ်”

မုံ့လှက သူ့အတွေးနှင့်မို့ ....

ဘာမှပြန်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းပုံ့ဆိုးကရယ်မောရင်းမှ ....

“ဒါစပြီးဝင်ကူညီကတည်းက ဘာမှမပေးရသေးပါလား”

ကျင်းလျှံက ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်တယ် အဘထစ်ယောက်ပဲ မပေးသေးတာ”

ဝမ်းပုံ့ဆိုးက ....

“ဟုတ်သားကွမုံ့လှ၊ ခုနက ဝင်ကူညီတဲ့အဘိုးကြီးကကော မင်းကို ဘာပေးသွားသေးလဲ”

မုံ့လှက စကားပြတ်သွားစေလိုဟန်ဖြင့် ....

“အလကားပါဗျာ၊ ခဲလုံးလေးတွေနဲ့ပစ်သွားတာပဲ၊ ကျုပ်လဲ မသိပါဘူး”

ကျင်းလျှံမှာ သူ၏စကားကို ဘဝင်မကျသော်လည်း ဘာမှ ထပ်မပြောတော့ဘဲ နေလိုက်သည်။

ဝမ်းပုံ့ဆိုးက ....

“တို့သွားမဲ့နေရာရောက်ဖို့ နောက်ထပ်ဘယ်လောက်လိုသေး သလဲကွ”

ဝမ်းပုံ့ဆိုး ထိုသို့မေးလိုက်သောအချိန်တွင် ....

မုံ့လှက ....

ဝန်းကျင်သို့တစ်ချက်အကဲခတ်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလျှိုပဝါလေးပစ်ချခဲ့သောနေရာသို့ ပြန်ရောက်နေပြီဟု တွေ့ရသည်။

ထို့ကြောင့် မှုံလူကဝမ်းသာအားရနှင့်ပြောလိုက်သည်။

"ဟို ရှေးနှားလောက်မှာပါ။ သိပ်မလိုတော့ပါဘူး။ ဒီကနေ လှမ်းခေါ်ရင်တောင် ကြားလိမ့်မယ်"

✵

အဆောက်အအုံကြီးမှာ မီးထိန်ထိန်လင်းနေသည်။

ထိုအဆောက်အအုံကြီးနှင့် ခြံဝင်းကြီးကား ....

လီရှောင်လုံ၏ခြံဝင်းနှင့် အိမ်ကြီးပင်ဖြစ်တော့သည်။

ထိုအိမ်ကြီး၏ဧည့်ခန်းတွင် ဝေါ်စွတ်ကျန်က တစ်စုံတစ်ခုကို ဒေါသအကြီးအကျယ်ထွက်နေသည်။

ဝေါ်စွတ်စွေသည် ကုလားထိုင်တစ်လုံးတွင် ထိုင်၍တွေးတော ငေးမောနေသည်။

ဝေါ်စွတ်ကျန်၏ကျယ်လောင်သော အသံကြီးသည် ဧည့်ခန်းတစ်ခုလုံးအား ဟိန်း၍ထွက်ပေါ်လာတော့သည်။

"ဂိုဏ်းတစ်ဂိုဏ်းလုံး မင်းနဲ့ငါပဲရှိတော့တယ်ကွ"

ဝေါ်စွတ်စွေက မည်သို့မျှပြန်မပြောဘဲ သူ့အားမျက်လုံးလှန်၍ကြည့်လိုက်လေသည်။

ဝေါ်စွတ်စွေက သူ့စကားကိုဆက်ပြောလိုက်ပြန်သည်။



"မင်းစဉ်းစားကြည့်စမ်း၊ အခုဆို သေတဲ့လူကသေ၊ ဒဏ်ရာရတဲ့လူက ဒဏ်ရာရနဲ့ မှုံလူဟာ နှယ်နှယ်ရရလူမဟုတ်ဘူးကွ၊ မင်းသိပ်အထင်မသေးပါနဲ့၊ အခုကြည့်စမ်း၊ တို့လုံးဝစုံစမ်းလို့မရသေးတဲ့ ဝတ်စုံဖြူနဲ့ မျက်နှာဖုံးတပ်ထားတဲ့လူ၊ ပေဘာ အခု ခွန်ဝါးစံကပြောပြန်ပြီ၊ ဝါးလုံးတစ်လုံးနဲ့ တို့ဆီက အဆင့်မြင့်တဲ့သိုင်းသမားလေးယောက်ကို လဲကျအောင် ရိုက်သွားနိုင်တဲ့အဘိုးအိုတဲ့၊ ဘယ်ကနေ ဘယ်လိုရောက်လာပြန်တာလဲမသိဘူး"

ထိုစကားကြောင့် ဝေါ်စွတ်စွေပင် ဦးနှောက်ချောက်သွားလေသည်။ မှန်သည်။

သူတို့စုံစမ်း၍မရသောလူနှစ်ယောက်သည် မည်သည့်သိုင်းသမားများဖြစ်နေပါသနည်း။

ဝေါ်စွတ်ကျန်က ဆက်၍ပြောပြန်သည်။

"မင်းဟာ သိုင်းပညာမှာအဆင့်မြင့်လို့ ဂိုဏ်းချုပ်ရာထူးကို ပေးထားတာ၊ ဒါပေမယ့် စဉ်းစားဉာဏ်တော့ နည်းနည်းမှမရှိဘူး၊ ဒီတော့ မင်းငါပြောတာနားထောင်ပါ"

ဝေါ်စွတ်စွေက မျက်မှောင်ကုပ်လိုက်ပြီး ....

"မင်းက ဘာပြောချင်လို့လဲ"

ဝေါ်စွတ်ကျန်က ....

"မင်း .... ကျင်းလျှိုကိုစွဲလမ်းမနေစမ်းပါနဲ့၊ မင်းက သူ့ကို ဒဏ်ရာရအောင် မတိုက်နိုက်ရဘူးလို့ အမိန့်ပေးထားတော့ ဒီကသွားတိုက်ရတဲ့လူတွေဟာ သူ့ကိုညှာနေတာနဲ့ အားလုံးဒုက္ခရောက်ကုန်

www.burmeseclassic.com



ရတာပဲလို့ ငါထင်မိတယ်"

ထိုအခါ ဝေါစွတ်စွေက ဒေါသဖြင့် ....

"ကျုပ်တို့လူတွေ ညံ့ရင် ညံ့တယ်ပြောစမ်းပါ၊ ကျင်းလျှံနဲ့ ဘာမှမဆိုင်ဘူး၊ ကျင်းလျှံဟာ ကျုပ်ရဲ့ကျေးဇူးရှင်၊ သူ့အခုပြေးနေတာဟာလဲ ကျုပ်သတ်မှာကြောက်လို့ပြေးနေတာ၊ ကျုပ်သူ့ကို သနားတယ်၊ ကြင်နာတယ်"

ဝေါစွတ်ကျန်ကမဲ့၍သူ့အားကြည့်လိုက်ပြန်သည်။

"မင်း သူ့ကိုသိပ်ပြီးစွဲလမ်းရင် စွဲလမ်းတယ်ပြောစမ်းပါကွာ"

ဝေါစွတ်စွေက ဒေါသတကြီးဖြင့် ....

"ဟုတ်တယ်ဗျာ၊ ကျုပ်စွဲလမ်းတယ်၊ သူ့ဘာလုပ်လုပ် ကျုပ်သူ့ကို အကုန်ခွင့်လွှတ်တယ်"

ဝေါစွတ်ကျန်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ညီဖြစ်သူအား ခပ်ပြတ်ပြတ်ပင်ပြောလိုက်လေသည်။

"အေး ....ငါကတော့ ဒီအချိန်ကစပြီး ဘယ်သူ့မှမညှာနိုင်တော့ဘူးပေါ့၊ အလုပ်ကို အလုပ်နဲ့တူအောင်လုပ်ရမှာပဲ"

ဝေါစွတ်ကျန်သည် ထိုသို့ပြောပြီး အခန်းထဲသို့ဝင်သွားလေတော့သည်။

✱



## အကြင်နာပိုသူ

ညဥ့်နက်သန်းခေါင်ရောက်လာကြသော မှဲ့လူတို့သုံးဦးအားဆောင်းလောင်က ပျာပျာသလဲပင် ဆီး၍ကြိုဆိုလိုက်လေသည်။

လီရှောင်လုံတို့လင်မယားကလည်း အိပ်ရာမှ ကမန်းကတန်းထလာကာ မှဲ့လူ၏ဒဏ်ရာအား ဆေးဝါးထည့်၍ကုသပေးနေသည်။

သူတို့အားလုံးဝိုင်းဖွဲ့၍ စကားပြောနေကြသည်။

ဆောင်းယုံကလည်း ရေနွေးများကို ကြိုချက်၍စားစရာများကို ပြင်ဆင်ပေးနေ၏။

ကျင်းလျှံသည် မှဲ့လူ၏ဒဏ်ရာအား အထူးဂရုစိုက်၍ပြုစုပေးနေသည်ကို ဆောင်းယုံက ခပ်လှမ်းလှမ်းမှနေ၍ မသိမသာအကဲခတ်ကြည့်ရှုနေပေသည်။

ကျင်းဘွားဘွားသည် လဲလျောင်းနေရာမှထလာပြီး မှဲ့လူအား အားအင်ပြည့်လာစေသောဆေးတစ်ခွက်ကို လာရောက်တိုက်သွားလေသည်။

ကျင်းလျှံနှင့် ဝမ်းပါဆိုးက ထိုနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့

www.burmeseclassic.com

www.burmeseclassic.com



တွင် ကြုံတွေ့ခဲ့သောအဖြစ်အပျက်များကို တစ်လှည့်စီပြောပြနေသည်။ လီရှောင်လုံတို့လင်မယားနှင့် ယင်းဆိုင်၊ ဆောင်းလောင် အပါအဝင် ကျင်းဘွားဘွားနှင့်ဆောင်းယုံတို့ကပါ စိတ်ဝင်စားစွာနားထောင်နေကြသည်။

ကျင်းလျှံပြောပြနေသည့်စကားထဲတွင် ဝတ်စုံဖြူဝတ်ပြီး မျက်နှာဖုံးတပ်ထားသည့်လူအကြောင်းနှင့် ဝါးလုံးရှည်ကိုင်ထားသူအကြောင်းများပါဝင်လာလေသည်။

ထိုအခါ ဆောင်းလောင်က မှဲ့လူအား ....

"ဒါဆို မင်းမှာ မိတ်ကောင်းဆွေကောင်းနှစ်ယောက်ရှိနေမှာ အမှန်ပဲ၊ အဲဒီလူဟာ ဘယ်သူလဲဆိုတာ မင်းစဉ်းစားလို့မရဘူးလား"

ထိုစကားပြောနေသည့်အချိန်တွင် ကျင်းဘွားဘွားက မသိမသာလေး ဆောင်းယုံအား လှမ်းကြည့်လိုက်လေသည်။ ဆောင်းယုံက ကျင်းဘွားဘွားသူကို လှမ်းကြည့်လိုက်သည်နှင့် ခေါင်းငုံ့ထားလိုက်လေသည်။ ထိုအဖြစ်ကိုတော့ ဘယ်သူကမှ မရိပ်မိကြပါ။

မှဲ့လူက ဆောင်းယုံကိုတစ်ချက်ကြည့်လိုက်၏။ ထို့နောက် စိတ်ထဲမှာရှိသည့်အတိုင်းပြန်ပြောလိုက်လေသည်။

"အဲဒီနှစ်ယောက်ထဲမှာ တစ်ယောက်ကလူငယ်ဖြစ်ပြီး ညနေက တစ်ယောက်ကတော့ အဘိုးအိုပဲဗျ၊ ကျွန်တော်အမျိုးမျိုးစဉ်းစားကြည့်တယ်၊ ဒါပေမယ့် ဘယ်လိုမှစဉ်းစားလို့မရဘူး"

အားလုံးသည် အတန်ကြာတိတ်ဆိတ်သွားပြီးနောက် ....

ဝမ်းပုံါဆိုးက စကားကို စတင်ပြောလာသည်။



"မင်းရဲ့အကျိုးပေးက မဆိုးပါဘူး"

မှဲ့လူက ဝမ်းပုံါဆိုးအား မဲ့ပြလိုက်သည်။ ဘာမှတော့ ပြန်မပြောပါ။ ယင်းဆိုင်က တစ်ချက်စဉ်းစားပြီး ....

"အဲဒီအတိုင်းမှန်ရင်တော့ တို့ရဲ့အင်အားဟာ မနည်းဘူးလို့ ဆိုရမှာပဲကွ"

ဆောင်းလောင်ကရယ်မောလျက် ....

"မထင်ပါနဲ့ တကယ့်အရေးကျကာမှ မပေါ်လာရင်တော့ ဒုက္ခရောက်ကုန်မယ်"

ကျင်းဘွားဘွားက စဉ်းစဉ်းစားစားဖြင့်ဝင်ပြောသည်။

"အင်း ... မှဲ့လူကိုကူညီထိုက်တဲ့သူမို့ လိုက်ကူညီနေတာ ဖြစ်မှာပေါ့ကွယ်"

ကျင်းဘွားဘွားသည် ပြောပြီးသည်နှင့် အိမ်နောက်ဘက်ဆီသို့ထသွားလေသည်။ ထိုသို့ထသွားကာနီးတွင် ဆောင်းယုံအား မျက်ရိပ်တစ်ချက်ပြလိုက်သည်ကိုတော့ မည်သူမျှ မမြင်မိလိုက်ကြချေ။ ဆောင်းယုံသည် ထိုလူစုအနားမှ မသိမသာထသွားလေတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com



အိမ်နောက်ဘက် ကျောက်တုံးတစ်တုံးပေါ်တွင် အဘွားအို ထိုင်နေသည်။ ကျင်းဘွားဘွားဖြစ်သည်။ ခဏအကြာတွင် ဆောင်းယံသည် ထိုကျောက်တုံးအနီးသို့ရောက်လာပြီး ကျင်းဘွားဘွားရှေ့ ခပ်ယိုယိုလေးထိုင်လိုက်သည်။ ကျင်းဘွားဘွားက လှည့်မကြည့်ဘဲ ....

"သမီး ...."

ဆောင်းယံကခေါင်းမော့၍ ....

"ပြောပါအမေ"

"သမီးအခုတလော သိပ်အတင့်ရဲနေတယ်ဟုတ်လား"

ဆောင်းယံ ဘာမှပြန်မပြောပါ။ ကျင်းဘွားဘွားသည် အတန်ကြာတိတ်ဆိတ်နေပြီးမှ သက်ပြင်းတစ်ချက်ချလိုက်သည်။

"သမီးပြောပြထားလို့ မှုလှအကြောင်းကို အမေသိထားပြီးပါပြီ၊ ဒါပေမယ့် သမီးရယ်၊ မေတ္တာဆိုတာ ကိုယ်ကချည်း ထားနေလို့ရတာမှမဟုတ်ဘဲကွယ်"

ဆောင်းယံသည် ကျင်းဘွားဘွားအား ဘာမှပြန်မပြောဘဲ ခေါင်းငုံ့၍သာနားထောင်နေလေသည်။

"သမီးအခုလုပ်နေတာတွေဟာ ဘယ်လောက်အန္တရာယ်များတယ်အောက်မေ့သလဲ"

ဆောင်းယံသည် ငြိမ်သက်၍သာနားထောင်နေ၏။

"သမီးကို အမေက ရုပ်ဖျက်ပညာနဲ့ အဆင့်မြင့်သိုင်းပညာတွေသင်ထားပေးတာဟာ တိုင်းပြည်နဲ့လူမျိုးအတွက် တကယ့် အရေးကြုံမှအသုံးပြုဖို့ပဲကွဲ့"



ဆောင်းယံထံမှ ရှိုက်သံတစ်ချက်ထွက်လာသဖြင့် ကျင်းဘွားဘွားက ဆောင်းယံ၏ဦးခေါင်းအား အသာအယာပွတ်သပ်ရင်း နှစ်သိမ့်လိုက်သည်။

"အမေပြောလို့ ဝမ်းနည်းသွားသလား၊ သူဟာ ကိုယ့်အပေါ် တကယ်အကျိုးပြုမဲ့သူဆိုရင် သမီးကို အမေမတားပါဘူး၊ ဒါပေမယ့် တစ်ချိန်တုန်းက သမီးရဲ့အသက်နဲ့အရှက်ကိုကာကွယ်ခဲ့ဖူးတယ် ဆိုတော့ သမီးလုပ်တာလဲ မမှားပါဘူး။ အမေက သမီးအန္တရာယ်နဲ့ တွေ့ပြီး ဒုက္ခရောက်မှာစိုးရိမ်မိလို့ပါ"

ကျင်းဘွားဘွားသည် ဆောင်းယံမျက်ရည်ကျသည်ကိုမြင်လိုက်ရသဖြင့် စိတ်မကောင်းဖြစ်သွားပုံရလေသည်။

"သမီး သူ့အပေါ် အသက်နဲ့လဲပြီး ကျေးဇူးပြန်ဆပ်ချင်လို့ပါ အမေရယ်"

ကျင်းဘွားဘွားစိတ်ထဲမှ ပြုံးလိုက်သည်။

"ကဲပါသမီးရယ်၊ ဝမ်းနည်းမနေပါနဲ့၊ အမေခွင့်ပြုပါတယ်၊ အန္တရာယ်သာကြည့်ရှောင် ကြားလား"

မျက်ရည်များကြားမှပြုံး၍ ဆောင်းယံ ခေါင်းညိတ်ပြလိုက်လေသည်။ ထိုစဉ်မှာပင် ကျင်းဘွားဘွားသည် လက်ထဲမှတောင်ဝှေးကို ရုတ်တရက်ပစ်လွှင့်လိုက်ရာ ....

"အောင်မလေးဗျာ"

ဟူသောအသံတစ်သံ ထိုးညင်းစွာထွက်ပေါ်လာသည်။

ကျင်းဘွားဘွားက ထိုနေရာမှမထဘဲ ....

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင် လာခဲ့စမ်း"

ဆောင်းယံ့မှာ ကျင်းဘွားဘွား၏နားပါးမှုနှင့်လူပ်ရှားပုံကို အံ့ဩချီးကျူးမိပြီး နားမလည်နိုင်အောင်ဖြစ်သွားရလေသည်

ကျင်းဘွားဘွားက ထိုသို့ခေါ်လိုက်ရာ လူတစ်ယောက်သည် နဖူးအားပွတ်ရင်း မှောင်ထဲမှတစ်လှမ်းချင်းထွက်ကာ ကျင်းဘွားဘွား ရှေ့တွင်ရပ်လိုက်သည်။ ကျင်းဘွားဘွားက ထိုလူအားကြည့်ကာ ....

"မင်းနာမည်ဘယ်သူလဲ"

ထိုလူက သူ၏နဖူးကိုပွတ်သပ်ရင်း ....

"တောင်းအီ"

"ဒီကို ဘာလာလုပ်တာလဲ"

တောင်းအီကတုန်တုန်ယင်ယင်ဖြင့် ....

"မုံ့လူ့ကိုလာရှာတာပါ"

"ဘာကိစ္စရှိလို့လဲ၊ ဘယ်သူကလွှတ်လိုက်တာလဲ"

တောင်းအီက ....

"ကျွန်တော် သူနဲ့တွေ့မှပြောပါရစေ"

ကျင်းဘွားဘွားက တောင်းအီအား စေ့စေ့ကြည့်လိုက်ပြီး ....

"သမီး သူ့ကို မုံ့လူ့ဆီခေါ်သွားလိုက်"

ဆောင်းယံ့က တောင်းအီဆိုသူအား မုံ့လူ့တို့စကားပြောဆိုနေရာသို့ ခေါ်ဆောင်သွားလေသည်။ တောင်းအီမှာ နိုင်ဖုန်းမြို့တွင် မုံ့လူ့ရှိစဉ်က အမြဲတန်းမုံ့လူ့ထံ အရက်လာသောက်တတ် သော မုံ့လူ့၏တပည့်တစ်ဦးဖြစ်သည်။



မုံ့လူ့သည် ဆောင်းယံ့နှင့်အတူပါလာသော တောင်းအီအား မြင်လိုက်သောအခါ အလွန်ပင် အံ့ဩသွားတော့သည်။ အားလုံးသော သူများသည် တောင်းအီပျာပျာသလဲဖြစ်လာပုံကိုကြည့်၍ အံ့အားသင့်နေကြသည်။ တောင်းအီသည် ဆောင်းလောင်နှင့်လည်း ရင်းနှီးဖူး သိကျွမ်းနေသည်။ ဆောင်းလောင်က တောင်းအီကိုကြည့်ကာ ....

"မင်း ဘယ်ကဘယ်လို ဒီကိုရောက်လာရတာလဲ"

တောင်းအီက ....

"ကျုပ် မုံ့လူ့ဆီကို စုံစမ်းပြီးလိုက်လာတာပါ"

မုံ့လူ့က သူ့အား မျက်လုံးပြူး၍ကြည့်လိုက်ပြီး ....

"မင်းနှယ်ကွာ ဒီအထိရောက်အောင် ငါ့ဆီမှာ အရက်လာ တောင်းရသလား"

တောင်းအီက မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး ....

"မင်းက ဒါပဲပြောတတ်တယ်၊ ငါမှာ ဒီရောက်အောင် ဘယ် လိုလာခဲ့ရတယ်ဆိုတာ မင်းမသိဘူးမဟုတ်လား"

မုံ့လူ့က မျက်မှောင်ကုပ်သွားသည်။

"ပြောစမ်းပါဦး"

တောင်းအီက မျက်လုံးကိုပြူးကာ ....

"မနေ့က ဒါဒီဘက်ကိုလာရင်း ငါ့ကို ဝေါ်စွတ်စွေကတွေ့ချင် တယ်ဆိုလို့ သွားတွေ့ရတယ်၊ ဟိုရောက်တော့ မင်းကို မတွေ့တွေ့ အောင်ရှာရမယ်၊ မင်းကိုမတွေ့ရင် ဆောင်းလောင်ကိုတွေ့အောင် ရှာ ပေးရမယ်လို့ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



မုံလူ မျက်မှောင်ကုပ်လိုက်သည်။

"ကိစ္စက ...."

တောင်းအီသည် အိတ်ထဲမှစာရွက်ကိုထုတ်ပေးရင်း...

"ဟောဒါကို မင်းတို့ဆီအမြန်ဆုံးပေးရမယ်ဆိုလို့ ငါလိုက်ရှာနေတာ၊ ဘယ်လိုမှရှာမရလို့ နောက်ဆုံး ဆောင်းလောင်ကိုပဲ ရှာပေးမယ်ဆိုပြီး သူ့ဆရာမကြီးဆီလိုက်လာရတာပဲ"

ဆောင်းလောင်က စဉ်းစဉ်းစားစားဖြင့် ....

"မင်း ဒီကိုလာတာကော သူတို့နောက်ယောင်ခံပြီး လိုက်လာသေးလား"

တောင်းအီ ခေါင်းခါယမ်းလိုက်သည်။

"ဒါလောက်တော့ ငါလဲ ပါးပါသေးတယ်ကွ"

သူတို့အားလုံးသည် မီးရောင်အောက်တွင် တောင်းအီယူလာသောစာရွက်ကို ဖြန့်ဖတ်လိုက်၏။

ငါတို့စခန်းချရာ လီရောင်လုံအိမ်တွင် ,....

လီရှောင်လုံ၏အဖေနှင့်အမေ။

ထိုင်ခန်းလျောင်၏အဖေနှင့်အမေအပြင်

ကလေးသုံးယောက်။ ယင်းဆိုင်၏မိခင် ....

ထိုသူများကိုဖမ်းဆီး၍ ကောင်းမွန်စွာပင် ထားပါသည်။

အကယ်၍မုံလူနှင့်ကျင်းလျှံအား ဆက်လက်အကူအညီပေးနေဦးမည်ဆိုလျှင် လဆန်း(၄)ရက်နေ့တွင် ထိုသူများအားလုံးကို သတ်ပစ်မည်။



သို့မဟုတ် ကျင်းလျှံအား ကောင်းမွန်စွာပြန်လည်ပေးပို့လျှင် ထိုမိသားစုများအား ချမ်းသာခွင့်ပေးမည့်အပြင် မက်မောလောက်ဖွယ် ဆုကြေးငွေဖြင့် ကျေးဇူးတုံ့ပြန်မည်။

ငေါ်စွတ်ရွှေ

ထိုစာကို ဆောင်းလောင်ကပင် ကျယ်လောင်စွာဖတ်ပြလိုက်ခြင်းဖြစ်သည်။ ထိုစာကိုဖတ်ပြီးနောက် အားလုံးသောလူများသည် ငိုင်တွေသွားကြတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခန်းလျှောင်သည့် ဝမ်းနည်းပက်လက်ငိုကြွေးနေသည်။ လီရှောင်လုံက တစ်ဘက်သို့လှည့်၍ငေးငိုင်နေသည်။

ယင်းဆိုင်မှာ အုံ့သြပြီးဝေါသလွှန်စွာထွက်နေသည်။

ဤမျှ ဝေးလံသောနေရာတွင်နေထိုင်ကြသောမိခင်ကြီးအား မရရအောင် ရှာကြံဖမ်းဆီးခဲ့ခြင်းကြောင့် ယင်းဆိုင်မှာ မခံမရပ်နိုင်အောင် ဖြစ်နေလေသည်။

မုံ့လူသည် တစ်နေရာသို့သာ စူးစိုက်ကြည့်နေပြီး ငေးမောနေလေသည်။

ဆောင်းလောင်က သူ့၏လက်ဝါးတစ်ဖက်ပေါ်သို့ လက်သီးကိုဆုပ်ပြီးထုနေလေသည်။

ကျင်းလုံ့မှာ လီရောင်လုံ၏ဇနီးထိုင်ခန်းလျှောင်နားသို့သွားကာ သူမနှင့်အတူ ဝမ်းနည်းစွာငိုယိုနေတော့သည်။

ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသဖြင့် ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဆောင်းယုံသည် သူတို့တတွေ၏အဖြစ်ကိုကြည့်ပြီး တစ်စုံတစ်ခုကို စဉ်းစားငေးမောနေ၏။

တိတ်ဆိတ်ငြိမ်သက်မှုသည် အတန်ကြာသည့်တိုင်အောင် စိုးမိုးနေ၏။

တစ်ဦးတစ်ယောက်၏အသံကိုမျှပင် မကြားရချေ။

ထိုစဉ် ခြေသံတစ်သံကိုကြားမိ၍ ဆောင်းလောင်က လှည့်ကြည့်လိုက်ရာ ကျင်းဘွားဘွားဖြစ်နေသည်ကို တွေ့လိုက်ရသည်။



ကျင်းဘွားဘွားက အေးဆေးတိုးညင်းသောလေသံဖြင့်

"မင်းတို့အားလုံး အခုနေ ဘာမှမစဉ်းစားမဆုံးဖြတ်ကြနဲ့ဦး။ မင်းတို့ဖတ်တဲ့စာ ငါလဲကြားရတယ်၊ မနက်ဖြန်မနက်ကျမှ အားလုံးတိုင်ပင်ဆွေးနွေးကြတာပေါ့"

ယနေ့ (၂)ရက်နေ့ဖြစ်သဖြင့် မနက်ဖြန်တစ်နေ့တော့ အချိန်ရဦးမည်ဖြစ်သည်။

သူတို့သည် အိပ်မပျော်နိုင်မှန်းသိလျက်နှင့် ကိုယ့်အိပ်ရာကိုယ်အသီးသီးဝင်ခဲ့ကြတော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com



လဆန်း(၃)ရက် ....

နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် မုံလှတို့တစ်စုသည် မည်သို့လုပ်ရမည်ကို စုဝေးတိုင်ပင်နေကြသည်။ အမြဲတမ်းပျော်ပျော် ရွှင်ရွှင်နေတတ်သော ဝမ်းပဆိုးသည်ပင် ညက ထိုစာကိုဖတ်ပြီးက တည်းက နှုတ်ဆိတ်၍နေလေသည်။

သို့သော် ယခု သူကပင် စတင်၍ပြောနေသည်။

"အေး .... ငါကတော့ အဖေအမေဆွေမျိုးတွေမရှိတော့လို့ ဒီကောင်တွေ ဒုက္ခမပေးနိုင်တာ၊ နို့မို့ရင် ငါက နံပါတ်(၁)ကွ"

ထိုစဉ် ကျင်းဘွားဘွား၏အသံက ထွက်ပေါ်လာသည်။

"မနက်ဖြန်(၄) ရက်နေ့နော်"

မုံလှက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

ကျင်းဘွားဘွားက သူတို့လူစုအားကြည့်ကာ ....

"မင်းတို့ ဘယ်လိုစီစဉ်ထားကြသလဲ"

မည်သူ့ထံကမှ အသံထွက်မလာပါ။ အားလုံးသည် ကိုယ့် အတွေးနှင့်ကိုယ်ဖြစ်နေကြသည်။ မုံလှက စာကိုတစ်ခေါက်ပြန်ကြည့် နေမိသည်။ အတန်ကြာမှ သူက တွေးတွေးဆဆဖြင့် လီရှောင်လုံတို့ ဘက်လှည့်လိုက်သည်။

"အဓိကကျတာကတော့ ဆရာကြီးလီရှောင်လုံတို့ဖနီး မောင်နံနဲ့ ယင်းဆိုင်တို့ပါပဲ၊ အဲဒီတော့ ခင်ဗျားတို့ ဘယ်လိုဖြစ်ချင် တယ်ဆိုတာကို အရင်ဆုံးပြောပါ"



ထိုင်ခန်းလျှောင်က ဘာမှမပြောပါ။ မျက်ဝန်းအစုံမှ မျက်ရည် များသာကျဆင်းနေသည်။

လီရှောင်လုံက ခေါင်းယမ်းလိုက်ပြီး ....

"ကျုပ်တော့ ဘာမှမပြောတတ်တော့ဘူး၊ ခင်ဗျားတို့ပြောပါ၊ ဘယ်လိုလုပ်ရင်သင့်တော်မယ်ဆိုတာ"

မုံလှက ယင်းဆိုင်ဘက်သို့လှည့်ကြည့်လိုက်ပြန်သည်။

ယင်းဆိုင်က ....

"ဒီကောင်တွေက သစ္စာရှိတာမဟုတ်ဘူးဗျ၊ အခုလောလော ဆယ်တော့ အကျပ်ကိုင်ပြီး လူစုခွဲလိုက်တာပဲ၊ တော်ကြာ ကျုပ်တို့ကို ပြန်ပြီးဒုက္ခပေးမှာသေချာတယ်"

"အဲဒီတော့ ခင်ဗျားကဘာလုပ်ချင်လဲ"

ယင်းဆိုင်က အတန်ကြာစဉ်းစားနေပြီးမှ ....

"ကျုပ်ကတော့ သူတို့ကိုသွားတွေ့ပြီး ခင်ဗျားတို့ တိုက်ချင် ရင် ကျုပ်တို့ကိုတိုက် မဆိုင်တဲ့မိဘတွေကိုဆွဲမထည့်ပါနဲ့လို့ပြောချင် တာပဲ"

ထိုအခါ ကျင်းဘွားဘွားက ဝင်ပြောသည်။

"သူတို့အခုလုပ်လိုက်တဲ့ပုံစံက သူတို့လိုချင်နေတဲ့ ကျင်းလျှံ လဲ ပြန်ရအောင် မင်းတို့တတွေကိုလဲ ထွက်ပေါ်လာအောင် ခေါ်ထုတ် လိုက်တဲ့သဘောပဲ၊ အေး .... မင်းတို့အပေါ် ဘယ်လိုသဘောထား မယ်ဆိုတာတော့ ခန့်မှန်းလို့မရဘူးပေါ့"

အားလုံးတိတ်ဆိတ်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းယုံသည် ကျင်းလျှံအနားတွင် မျက်လုံးအဝိုင်းသားနှင့်ထိုင်၍နားထောင်နေ၏။ မှုံလှသည် မတ်တတ်ရပ်၍သုံးလေးလှမ်းမျှလျှောက်ရင်း စဉ်းစားလိုက်သည်။ အတန်ကြာသော် သူသည် လျှောက်နေသောခြေလှမ်းကို တုံ့ခနဲရပ်လိုက်ကာ ....

"ဒီကိစ္စဟာ ကျွန်တော်နဲ့အများဆုံးပတ်သက်ဆက်နွယ်လာတဲ့ကိစ္စမို့ ကျွန်တော်တစ်ယောက်ထဲသွားဖြေရှင်းချင်တယ်"

ပျော်ရွှင်စွာနေတတ်သည့် ဝမ်းပါဆိုးက ....

"ဟော့ကောင် မင်းတစ်ယောက်ထဲမဟုတ်ဘူး၊ မင်းဆီကဝေစုယူမိတဲ့ငါလဲ ပါတယ်ကွ"

ထိုစဉ် ဆောင်းလောင်က ....

"ဟော့ကောင် မင်းဘာပဲလုပ်ချင်လုပ်ချင် ဒီရက်ထဲမှာတော့ မင်းလက်ကဒဏ်ရာကြောင့် ငါတို့ခွင့်မပြုနိုင်ဘူး"

မှုံလှက ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးကွာ၊ ငါ့ဒဏ်ရာက ဆေးထည့်ထားလို့ပျောက်လုနေပါပြီ"

ထိုအခိုက် ကျင်းလျှံသည် မျက်ရည်များရစ်ဝဲလျက် ငိုသံပါနှင့်ဝင်ပြောလေသည်။

"ဒီကိစ္စအားလုံးဟာ ကျွန်မနဲ့ပတ်သက်နေတာမို့ ကျွန်မပဲသွားဖြေရှင်းပါရစေ၊ သူတို့ ကျွန်မကိုသတ်ချင်ရင် သတ်ပါစေ၊ ကျွန်တဲ့လူတွေကို ဒုက္ခမပေးဘူးဆိုရင် ကျွန်မသေရဲတယ်"

ဆောင်းလောင်က ....



"ဒီကောင်တွေ ဒီလောက်သစ္စာရှိရင် ဒီလိုဘယ်ဖြစ်ပါ့မလဲ ခင်ဗျားကိုသတ်ချင်သတ်မယ်၊ မသတ်ချင်နေမယ်၊ ဒါပေမယ့် ကျွန်တို့တစ်တွေကိုတော့ ဒီအတိုင်းထားမှာမဟုတ်ဘူး"

ကျင်းဘွားဘွားက စဉ်းစဉ်းစားစားဖြင့် ဝင်ပြောပြန်သည်။

"ငါ့အမြင်နဲ့ပြောရရင်တော့ ဓေါ်စွတ်စွေဟာ သူတို့ဂိုဏ်းကိုယှဉ်လာရင် ဘယ်သူမှချမ်းသာပေးမှာမဟုတ်ဘူး၊ ဒါကြောင့် သူ့ကိုအလျှော့ပေးလို့ မဖြစ်ဘူး"

လီရှောင်လုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဘာပဲဖြစ်ဖြစ် မဆိုင်တဲ့မိဘတွေကိုလွှတ်ပေး ပြီးတို့နဲ့ သူသေကိုယ်သေတိုက်ဖို့ပြောရမယ်၊ ဒါပဲရှိတယ်"

ယင်းဆိုင်ကလည်း ထိုစကားကိုထောက်ခံလိုက်သည်။

"ဟုတ်တယ် ကျုပ်လဲ ဒီသဘောပဲ"

အားလုံး တိတ်ဆိတ်သွားကြပြန်သည်။ လူများသည် တိုင်ပင်ပြောဆိုနေရာမှ တစ်ချို့က သက်ပြင်းချပြီး တစ်နေရာသို့ ထသွားကြသည်။ ကျင်းလျှံက အိမ်ခန်းထဲဝင်၍လဲလျောင်းနေလိုက်သည်။

မှုံလှကလည်း တစ်နေရာဆီသို့လျှောက်သွားနေသည်။ သူတို့အုပ်စုမှလူများသည် ကိုယ့်အတွေးနှင့်ကိုယ် တစ်ယောက်တစ်နေရာဆီသို့ ထသွားကြလေသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



မုံ့လှသည် သစ်တုံးတစ်တုံးပေါ်တွင် တစ်ယောက်တည်း ထိုင်၍စဉ်းစားနေသည်။ မနက်ဖြန်ဆိုသောအချိန်သည် မဝေးတော့ပါ။ သွားရမည့်ခရီးက မြင်းနှင့်သွားလျှင်(၈)နာရီကြာမည်။ အချိန်သည် နီးကပ်လျက်ရှိနေပြီဖြစ်သည်။ မည်သို့လုပ်ရမည်ကို မည်သူကမှ ယခုအချိန်အထိ တိတိကျကျမဆုံးဖြတ်ရသေးပါ။

နေဝန်းကြီးသည် မကြာမီအချိန်မှာပင် ကွယ်ပျောက်တော့မည်ဖြစ်သည်။ မုံ့လှသည် သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်သည်။ ထိုအခိုက် သူ့နောက်မှ ခြေသံကြား၍ လှည့်ကြည့်မိရာ ဆေးဗူးကိုင်၍ သူ့ထံလျှောက်လာနေသောဆောင်းယုံအား တွေ့လိုက်ရလေသည်။

"အစ်ကို ဆေးထည့်ရအောင်"

မုံ့လှက ....

"ဒုက္ခရှာလိုက်ကွာ၊ အနာလဲကျက်လောက်ပါပြီ"

"မဟုတ်တာပဲ၊ အနာက ကျက်ဖို့လိုဦးမယ်"

သူမသည် ပြောပြောဆိုဆိုဖြင့် မုံ့လှအား ဆေးထည့်ပေးရာ မကြာမီအချိန်မှာပင် ပတ်တီးများပြန်လည်၍စည်းပြီးသွားသည်။

မုံ့လှသည် ဆောင်းယုံဆေးထည့်ပေးနေစဉ် သူမ၏အပြုအမူများကိုအကဲခတ်ကြည့်နေမိသော်လည်း မည်သို့မျှခန့်မှန်း၍မရနိုင်သဖြင့် သက်ပြင်းတစ်ချက်မသိမသာချလိုက်မိသည်။

"အစ်ကို ဘာတွေတွေးနေတာလဲ"

မုံ့လှ ခေါင်းခါယမ်းလိုက်သည်။

"ဘာမှမဟုတ်ပါဘူး၊ ဗြော် ဒါနဲ့ နင်ကစားနေတဲ့ပုလဲလုံးလေးတွေ ဒါ ခဏလောက်ပြစမ်း"



ဆောင်းယုံသည် ကမန်းကတန်း အိတ်ထဲနှိုက်ပြီး ပြန်ထုတ်ယူကာ မုံ့လှရှေ့ လက်ဖြန့်ပြလိုက်သည်။ မုံ့လှ၏မျက်လုံးအစုံသည် အမှန်ပင် ပြူးကျယ်သွားလေသည်။ အကြောင်းမှာ ....

ဆောင်းယုံ၏လက်ထဲတွင် ပုလဲလုံးလေးတစ်လုံးတည်းသာ တွေ့ရှိလိုက်ရသောကြောင့်ဖြစ်သည်။

"ဟိုတစ်နေ့ကပဲ နင့်လက်ထဲမှာသုံးလုံးရှိသေးတယ်၊ အခု နှစ်လုံးက ဘယ်ရောက်သွားပြန်ပြီလဲ"

ဆောင်းယုံက ကလေးတစ်ယောက်ပမာ နှုတ်ခမ်းစူ၍ ....

"အို .... အစ်ကိုကလဲ ဒါပဲမေးနေတာပဲ၊ ကျွန်မ ချစ်တဲ့ခင်တဲ့လူတွေကို ပေးလိုက်တာပေါ့"

မုံ့လှက ဘာမှပြန်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

ဆောင်းယုံက မထိတရီပြုံးကာ ....

"ဘာလဲ အစ်ကိုက ဒီတစ်လုံးထပ်လိုချင်လို့လား"

မုံ့လှက မျက်လုံးပြူး၍လက်ဝှေ့ကာပြလိုက်သည်။

"မလိုချင်ပါဘူး၊ ဒါနဲ့ ကျင်းလျှံတစ်ယောက်ကော"

ဆောင်းယုံ၏မျက်နှာ ညှိုးငယ်သွားလေသည်။ သို့သော် ဟန်မပျက်ပင် ပြန်ဖြေလိုက်သည်။

"နေ့လည်ကတည်းက အခန်းတံခါးပိတ်ပြီးအိပ်နေတာပဲ"

"အေး .... နင်သွားရင် သူ့ကိုနှိုးလိုက်ပါ၊ ငါစကားပြောစရာရှိလို့"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းယုံကမျက်စောင်းတစ်ချက်ထိုးပြီး ဆူဆူအောင့်
အောင့်ဖြင့် ထိုနေရာမှထွက်သွားလေသည်။ သူမ ထွက်သွားပြီး မကြာ
မီအချိန်မှာပင် ဆောင်းလောင်က အရေးအကြီးလှမ်းခေါ်သဖြင့် မှုံလူ
လည်း ဆောင်းလောင်ထံ ကမန်းကတန်းပြေးသွားလေသည်။

ဆောင်းလောင်၏လက်ထဲတွင် စာရွက်တစ်ရွက်ကိုင်ထား
သည်ကိုတွေ့ရသည်။

"ကျင်းလျှံအိပ်နေတဲ့အခန်းထဲက ဆောင်းယုံတွေ့ခဲ့တာ၊ မင်း
ဖတ်ကြည့်ပါဦး"

မှုံလူသည် စာရွက်လေးအား ယူဖတ်ကြည့်လိုက်၏။ စာမှာ
ခပ်တိုတိုပင်ဖြစ်သည်။

"အစ်ကိုမှုံလူ ....
ညီမကိစ္စ ညီမပဲ သွားဖြေရှင်းပါမယ်၊ ကံမကုန်
သေးရင်တော့ ပြန်ဆုံကြရမှာပါ....
ကျင်းလျှံ"

မှုံလူသည် တစ်ချက်စဉ်းစားလိုက်ပြီး ....

"သူ အဲဒီကိုသွားပြီးအမှားလုပ်မိရင်တော့ ပိုဆိုးတော့မှာပဲ"

"ဒါဖြင့် မင်းဘယ်လိုလုပ်မလဲ"

ဆောင်လောင်ကမေးလိုက်သည်။ မှုံလူသည် အတန်ကြာ
အောင် စဉ်းစားလိုက်၏။ ပြီးမှ ....

"ဘာပဲဖြစ်ဖြစ် တို့နဲ့လဲ တွေ့ရမယ့်အတူတူ ငါတော့ လိုက်
သွားချင်တာပဲ၊ ဟိုကျမှ အခြေအနေကြည့်ပြီးလုပ်ရမှာပဲ"



ဆောင်းလောင်က ....

"ဒါဆို ငါပါ လိုက်မှာပေါ့ကွ၊ ကျင်းလျှံထွက်သွားတာလဲ သိပ်
ကြာဦးမှာ မဟုတ်သေးဘူး"

လီရှောင်လုံတို့လင်မယားကလည်း ပြုံးတုံးပျာတာဖြင့် ....

"ဟော့ ဘာပဲဖြစ်ဖြစ် တို့လင်မယားနှစ်ယောက်လဲလိုက်မယ်"

မှုံလူက သူတို့အား ကြည့်ကာစိတ်ပျက်စွာဖြင့် ....

"ကဲ နောက်ကော ဘယ်သူလိုက်ဦးမှာလဲ"

ယင်းဆိုင်က ....

"မေးနေစရာလိုသေးလားကွာ"

ထိုစဉ် မှုံလူက တစ်စုံတစ်ယောက်ကိုမတွေ့မိသဖြင့် လှမ်း
မေးရန် ဟန်ပြင်လိုက်ရာ မြင်းနှစ်ကောင်ပေါ်သို့ရောက်နေကြပြီဖြစ်
သော ဝမ်းပေါ်ဆိုးနှင့်တောင်းအီတို့ကို တွေ့လိုက်ရလေသည်။

ဝမ်းပေါ်ဆိုးက မှုံလူအားကြည့်ကာလှမ်းပြောလိုက်သည်။

"ဒီတစ်ပွဲပြီးရင်တော့ မင်းငွေတွေ ကြေလောက်ပါပြီကွာ"

✵

www.burmeseclassic.com

www.burmeseclassic.com



## လွှမ်းဆွဲပွဲ

လဆန်း(၄)ရက်နေ့၏ နံနက် ....

အရှေ့ဆီမှနေလုံးကြီးသည် ပေါ်လုဆဲဆဲဖြစ်သည်။

လင်းရောင်ခြည်သမ်းလာပြီဖြစ်သော်လည်း ဝန်းကျင်တစ်ခုလုံးမှာ ဝိုးတဝါးသာရှိသေး၏။

ဤကျယ်ဝန်းသော ခြံကြီးနှင့်အိမ်ကြီးသည် လီရောင်လုံ၏နေအိမ်ပင်ဖြစ်ပါသည်။

ရောင်ခြည်သမ်းလာသည်နှင့်တစ်ပြိုင်နက် ထိုခြံကြီး၏တံခါးဝသို့ မြင်းစီးလာသောလူတစ်ယောက် ရောက်ရှိလာတော့သည်။

မြင်းပေါ်မှလူအား မြင်တွေ့လိုက်ရသည်နှင့် တံခါးမှူးသည် အံ့ဩတုန်လှုပ်သွားပြီး အိမ်ကြီးဆီသို့ အပြေးအလွှားဝင်ရောက်သွားလေသည်။

မကြာမီမှာပင် ခြံဝင်းကြီးရှိလူအားလုံး လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြတော့သည်။ တံခါးမှူးသည် တံခါးကို ကမန်းကတန်း သွားရောက်ဖွင့်ပေးလိုက်၏။



မရှေးမနှောင်းမှာပင် ....

အိမ်အပြင်ဘက်သို့ လူနှစ်ယောက်ထွက်လာသည်။

ထိုလူနှစ်ယောက်မှာ ဝေါ်စွတ်စွေနှင့် ဝေါ်စွတ်ကျန်တို့ပင်ဖြစ်လေသည်။ ဝေါ်စွတ်ကျန်က မြင်းပေါ်မှလူအား မျက်မှောင်ကုပ်၍ကြည့်နေသည်။

ဝေါ်စွတ်စွေမှာမူ အံ့ဩပြီး ပြုံးရွှင်သောမျက်နှာထားနှင့် ထိုလူအား မျက်တောင်မခတ် စူးစိုက်ကြည့်နေမိသည်။

မြင်းနှင့်ရောက်လာသူသည် သူတို့အနီးသို့ရောက်သည်နှင့် မြင်းပေါ်မှလွှားခနဲဆင်းလိုက်လေသည်။ ယင်းနောက် ၎င်းသူတို့အား လက်နှစ်ဖက်ဆုပ်ကိုင်ကာ အရိုအသေပေးလိုက်သည်။

မြင်းပေါ်မှဆင်းလာသူကား ကျင်းလျှံပင်ဖြစ်ပေသည်။

ဝေါ်စွတ်စွေသည် ကျင်းလျှံအား စူးစိုက်ကြည့်ရင်း ....

"ကျင်းလျှံ မင်း မင်းပြန်လာတယ်နော်"

ဝေါ်စွတ်စွေ၏အသံသည် စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေ၏။ ကျင်းလျှံက ဘာမှပြန်မပြောပါ။

စိတ်ထဲကမူ အလွန်ပင် အံ့ဩနေမိလေသည်။

အကြောင်းမှာ .... ဝေါ်စွတ်စွေသည် မိမိအားမြင်သည်နှင့် ဒေါသပုန်ထကာ စိတ်လိုက်မာန်ပါတိုက်ခိုက်လိမ့်မည်ဟုထင်မှတ်ထားသောကြောင့်ဖြစ်သည်။

သို့သော် လက်တွေ့တွင်မူ ထိုသို့မဟုတ်ချေ။ ဝေါ်စွတ်စွေ၏အကြည့်၌ ရက်စက်ကြမ်းကြုတ်မှုကို အလျဉ်းပင် မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆွေးမြည့်ကြေကွဲမှုနှင့် ရိုဝေနေသည်ကိုသာ
တွေ့ရလေသည်။

သူမသည် အံ့အားသင့်ကာ မယုံကြည်နိုင်အောင်ပင် ဖြစ်သွားရလေသည်။

သို့သော် အံ့ဩနေရုံနှင့်မပြီးပါ။

ထို့ကြောင့် သူမသည် ငေါ်စွတ်စွေ နှုတ်ဆက်သည်ကို အသိအမှတ်ပြုခေါင်းညိတ်ပြပြီး လာရင်းကိစ္စကို တဲ့တိုးပင်ပြောလိုက်လေသည်။

"ငေါ်စွတ်စွေ ကျွန်မမှာ အပြစ်ရှိတယ်ထင်ရင် ရှင်ကျွန်မကို သတ်လိုက်ပါ။ ကျွန်မကို ကူညီတဲ့လူတွေနဲ့ ဘာမှအပြစ်မရှိတဲ့သူတို့ရဲ့ မိသားစုတွေကိုတော့ ခွင့်လွှတ်စေချင်ပါတယ်"

ငေါ်စွတ်စွေသည် အံ့ဩဟန်နှင့်ကျင်းလျှံကိုလှမ်းကြည့်ကာ

"ကျင်းလျှံ မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ငါက မင်းကို ဘာလို့သတ်ရမှာလဲ၊ မင်းကိုလက်လွှတ်အဆုံးရှုံးမခံနိုင်လို့ ငါ့ဆီက သိုင်းသမားတွေအသေခံပြီး မင်းကိုပြန်ခေါ်ခိုင်းနေတာ မင်းအသိပဲ၊ မင်းကိုသတ်ဖို့နေနေသာ မင်းထိခိုက်ဒဏ်ရာရမှာကိုတောင် ငါ လိုလားတာမဟုတ်ဘူး"

ကျင်းလျှံ၏ရင်ထဲတွင် နင့်ခနဲဖြစ်သွားသည်။

မိမိ၏တွေးထင်ချက်များ တက်တက်စင်မှားနေပြီဖြစ်ကြောင်း ချက်ချင်းပင် နားလည်သိရှိလိုက်လေသည်။

ငေါ်စွတ်စွေက ဆက်ပြောပြန်သည်။



"မင်းကြောင့် ငါ့အဝကြီးတစ်ခုလုံးပျက်သွားပါစေ၊ ငါဂရုမစိုက်ဘူး၊ အခု မင်းပြန်ရောက်လာတဲ့အတွက် ငါဘယ်လောက်ဝမ်းသာသွားသလဲဆိုတာ မင်းသိရဲ့လား"

ထိုစကားကြောင့် အနားတွင်ရပ်နေသော ငေါ်စွတ်ကျန်မှာ နှာခေါင်းရှုံ့လိုက်လေသည်။

ကျင်းလျှံက ....

"ဒါဆို ဘာမှအပြစ်မရှိတဲ့မိသားစုအဘိုးအို၊ အဘွားအိုတွေကို ဘေးမသီ ရန်မခ ပြန်လွှတ်ပေးလိုက်ပါ"

ငေါ်စွတ်စွေရယ်မောလိုက်လေသည်။

"စိတ်ချပါကျင်းလျှံရယ်၊ မဆိုင်တဲ့လူတွေကို ငါဘယ်တော့မှဒုက္ခမပေးပါဘူး၊ မင်းကို ပြန်လာစေချင်လွန်းလို့ ကြံမိကြံရာ ကြံခဲ့တာပါ။ မင်းကိုငါ ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြပါမယ်"

ထိုစကားလုံးသည် ကျင်းလျှံ၏နှလုံးသားအား ထိခိုက်သွားစေတော့သည်။

ထိုစဉ်မှာပင် ....

တံခါးမှူးကပြေးလာ၍သတင်းပို့သဖြင့် တံခါးဝသို့ လှမ်းကြည့်လိုက်ရာ မြင်းဂုံယိစီနှင့် လူခြောက်ယောက်ကိုမြင်လိုက်ရသည်။

ငေါ်စွတ်စွေက ထိုလူများအားလှမ်းကြည့်ကာ ....

"ဪ သူတို့ပါရောက်လာကြပြီကိုး၊ အတော်ပဲ ကျင်းလျှံ မင်းဒီဘက်မှာ ခဏလေးလာနေပါ၊ ငါသူတို့နဲ့ သွားဆွေးနွေးလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝေါစွတ်ရွှေသည် ထိုသို့ပြောပြီး လူငယ်တစ်ယောက်အား တံခါး[illegible]နှင့်နိုင်းလိုက်သည်။

မြင်းပေါ်မှ လူခြောက်ယောက်သည် မြင်းပေါ်မှဆင်းပြီး သူတို့[illegible]သို့ခပ်သွက်သွက်လျှောက်လာကြပြီး ဝေါစွတ်ရွှေနှင့်ဝေါစွတ်ကျန်[illegible]ရှေ့တွင်ရပ်လိုက်ကြ၏။

သူတို့ကား မုံ့လူနှင့်ဆောင်းလောင်တို့လူစု ဖြစ်ကြသည်။

မုံ့လူသည် ကျင်းလျှံအား အံ့ဩရာယ်ကင်းစွာတွေ့လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

ကျင်းလျှံကလည်း မုံ့လူအား ပြုံးရွှင်စွာလှမ်းကြည့်ပြီး မျက်ရိပ်တစ်ချက်ပြလိုက်သည်။

ထိုသို့မျက်ရိပ်ပြလိုက်ခြင်းမှာ ....

အခြေအနေမဆိုးကြောင်း၊ ပြဿနာကို အေးအေးချမ်းချမ်း ဖြေရှင်းနိုင်ကြောင်းဆိုလိုသည့် သဘောဖြစ်သည်။

သို့သော် .... မုံ့လူတို့လူစုမှာ မသက်ဆိုင်သူများကို ဓားစာခံအလုပ်ခံရသဖြင့် ဒေါသတကြီးရောက်ရှိလာကြသူများဖြစ်သည့်အား လျော်စွာ ရန်သူများနှင့် မလွှဲမသွေတိုက်ခိုက်ရလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ ထို့ကြောင့် ....

အခြားမည်သည့်အရာကိုမျှစိတ်မဝင်စားဘဲ ရန်သူအင်အားနှင့်အခြေအနေကိုသာ သုံးသပ်လိုက်လေသည်။ ရန်သူသိုင်းသမားစုစုပေါင်းမှာ မျက်မြင်အားဖြင့် သုံးဆယ် ခန့်သာရှိလိမ့်မည်ဟု ခန့်မှန်းရသည်။



ယမန်နေ့က သူနှင့်တိုက်ခဲ့သော ခွန်ဝါးစံသည် ခပ်လှမ်းလှမ်း၌ အသင့်အနေအထားနှင့်ရပ်နေသည်ကို တွေ့ရသည်။

မုံ့လူသည် ရှေ့သို့ခြေသုံးလှမ်းမျှတိုးလိုက်ပြီး ....

"ကဲ ဝေါစွတ်ရွှေ ရှည်ရှည်ဝေးဝေးတွေပြောမနေနဲ့၊ ခင်ဗျား မတရားဖမ်းခေါ်ထားတဲ့လူတွေကို အရင်ဆုံးလွှတ်ပေးပါ၊ ပြီးမှ ကျုပ်တို့နဲ့စာရင်းရှင်းကြတာပေါ့"

ဝေါစွတ်ကျန်မှာ ထောင်းခနဲဒေါသထွက်သွားသော်လည်း မျိုသိပ်ထားလိုက်ပုံရသည်။

ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက် သည်။

ဝေါစွတ်ရွှေကမူ ပြုံးရယ်လိုက်ပြီး ....

"ရပါတယ်ဗျာ၊ ရပါတယ်၊ ကျုပ်ကလဲ သူတို့ကို အခုလို ခေါ်ထားချင်တာမဟုတ်ပါဘူး"

ဝေါစွတ်ရွှေသည် ထိုသို့ပြောရင်း လူငယ်တစ်ယောက်အား လက်ဝှေ့ယမ်းပြလိုက်သည်။

ထိုလူငယ်သည် အိမ်ထဲဝင်သွား၏။

မကြာမီမှာပင် အဘိုးအို အဘွားအိုများနှင့် ကလေးသုံးယောက်ကို ခေါ်ထုတ်လာလေသည်။

ဝေါစွတ်ရွှေက ထိုအဘိုးအိုအဘွားအိုများအားကြည့်၍ ....

"ကဲ .... ခင်ဗျားတို့အားလုံး ပြန်နိုင်ကြပါပြီ၊ ဟောဟိုမှာ တံခါးလဲ အဆင်သင့်ဖွင့်ပေးထားပါတယ်၊ ခင်ဗျားတို့ရဲ့သားသမီးတွေနဲ့တော့ နည်းနည်းစကားပြောစရာကျန်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဃင်းဆိုင်သည် သူ့မိခင်အား ပြေး၍နှုတ်ဆက်ပြီး တံခါးဝ ရောက်အောင်ပို့ပေးလိုက်လေသည်။ ထို့အတူပင် လီရှောင်လုံနှင့် ထိုင်ခန်းလျှောင်ကလည်း သူတို့မိဘများကိုနှုတ်ဆက်၍ တံခါးဝသို့ လိုက်ပို့ပေးသည်။ သူတို့အား ပြုံးရွှင်စွာကြည့်နေသော ဝေါ့စွတ်ချွေက ထိုင်ခန်းလျှောင်အား လှမ်းအော်ပြောလိုက်သည်။

"ထိုင်ခန်းလျှောင် ဒီမှာ အားလုံးစာရင်းရှင်းပြီးတဲ့အခါ ပြန်လာခဲ့ပါ"

ထိုင်ခန်းလျှောင်သည် ဝေါ့စွတ်ချွေ၏စကားကြောင့် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ သို့သော် မုံ့လူက မျက်ရိပ်ပြလိုက်သဖြင့် သူမှသည် ဘာမှမပြောတော့ဘဲ သူမ၏မိဘများနှင့်အတူ လိုက်ပါသွားလေသည်။

ဝေါ့စွတ်ချွေသည် ကျန်နေခဲ့သူများအားကြည့်၍....

"နှစ်ယောက်လိုပါသေးလားကွ မုံ့လူ"

ဟုမေးလိုက်သည်။ မုံ့လူကြောင်အမ်းအမ်းဖြစ်ကာ ....

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

ဝေါ့စွတ်ချွေက ရယ်လိုက်ပြီး ....

"မျက်နှာဖုံးစွပ်ထားတဲ့လူရယ်၊ ဝါးလုံးရှည်နဲ့အဘိုးအိုရယ်၊ အဲဒီနှစ်ယောက်ကိုပြောတာ၊ တစ်ယောက်မှမတွေ့ပါလား"

ထိုအခါမှ မုံ့လူ သဘောပေါက်သွားပြီး ....

"မပူပါနဲ့လေ၊ အချိန်တန်ရင် ခင်ဗျားခေါင်းပေါ်ကို ရောက်လာမှာပေါ့ဗျာ"



မုံ့လူ၏စကားကြောင့် ဝေါ့စွတ်ချွေမှာမျက်နှာကွက်ခနဲပျက်သွားသည်။ ဝေါ့စွတ်ကျုန်က ဝေါ့စွတ်ချွေကို ဒေါသဖြင့်လှမ်းပြော၏။

"ဟေ့ ကြားတယ်ကွာ၊ သူတို့ကို မင်းဘာလုပ်ချင်သလဲ"

ထိုအခါမှ ဝေါ့စွတ်ချွေက လီရှောင်လုံဘက်လှည့်ကာ ....

"လီရှောင်လုံ အစက မင်းဟာ တို့ရဲ့ဘက်သားပဲ၊ အခုကော တို့လက်အောက်မှာပဲ ဆက်နေမယ်မဟုတ်လား"

သိုင်းဆရာကြီးလီရှောင်လုံသည် အားလုံးတညီတညွတ်တည်းဆုံးဖြတ်ထားသည့်အတိုင်း ခပ်ပြတ်ပြတ်ပြန်ပြောလိုက်သည်။

"အခု မင်းရှေ့မှာရှိနေတဲ့ငါးယောက်ဟာ တစ်ယောက်မှ မင်းလက်အောက်မှာနေမယ့်လူတွေမဟုတ်တော့ဘူး၊ မေးမနေနဲ့ အပိုပဲ"

ဝေါ့စွတ်ချွေ မျက်နှာကွက်ခနဲပျက်သွားလေသည်။

ဝေါ့စွတ်ကျုန်သည် နဂိုကတည်းက ဒေါသဖြစ်နေသူဖြစ်ရာ မည်သူ့မှုမစခင်မှာပင် သူသည် ဓားဆွဲထုတ်၍စတင်တိုက်ခိုက်လေတော့သည်။ ပါးစပ်မှလည်း ကျယ်လောင်စွာအော်လိုက်၏။

"ဟေ့ အားလုံးဝိုင်းတိုက်၊ တစ်ယောက်မှမလွတ်စေနဲ့"

ချက်ချင်းပင် ....

"ယား ...."

"တိုက်ကြဟေ့"

"တစ်ယောက်မှမလွတ်စေနဲ့"

မာန်သွင်းအော်ဟစ်သံများနှင့်အတူ ဝန်းကျင်တစ်ခုလုံး ပွက်လောရိုက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သောတိုက်ပွဲကြီးကား တောမီးပမာ လျှင်မြန်စွာကူးစက်ပျံ့နှံ့သွားလေတော့၏။

တိုက်ပွဲသည် မမျှော်လင့်ဘဲ ရုတ်တရက်ဖြစ်ပေါ်သွားသဖြင့် ကျောင်းလုံ့မှာ မည်သို့မှဝင်ရောက်ပြောဆိုဖျန်ဖြေရန် အချိန်မရလိုက်တော့ပေ။ ဝေါ်ဇွတ်စွေ၏သိုင်းသမားသုံးဆယ်ခန့်သည် မုံ့လူတို့ငါးယောက်အား သဲသဲမဲမဲပင်ဝင်ရောက်တိုက်ခိုက်နေကြပြီဖြစ်သည်။

ဆောင်းလောင်က ဝေါ်ဇွတ်ကျန်နှင့်ရင်ဆိုင်တိုက်ခိုက်နေ၏။ လီရှောင်လုံကမူ ခွန်ဝါးစံနှင့်တိုက်ခိုက်နေရသည်။ ထို့အတူ မုံ့လူနှင့် ဝေါ်ဇွတ်စွေတို့လည်း တစ်ဦးနှင့်တစ်ဦး သဲသဲမဲမဲတိုက်ခိုက်လျက်ရှိနေကြတော့၏။

ဝမ်းပေါ်ဆိုးသည် တဟားဟားအော်ဟစ်ရယ်မောရင်း သူ၏လှံအစွမ်းကိုပြနေ၏။ ဓားဓားချင်းထိသံများသည် ခြံဝင်းတစ်ခုလုံး တခြိမ်ခြိမ်မြည်နေတော့သည်။

မုံ့လူ၏ကျာပွတ်သည် ဝေါ်ဇွတ်စွေကို လုံးဝမတိုးနိုင်အောင် ဖြစ်နေပေသည်။ ဝေါ်ဇွတ်စွေ၏သိုင်းကွက်များက အလွန်ပင်အဆင့်မြင့်လွန်းလှသည်။ သူ၏တိုက်ခိုက်မှုကို မုံ့လူမှာ မနည်းခုခံရှောင်တိမ်းနေရပေသည်။

အခြေအနေကား တဖြည်းဖြည်းရှုပ်ထွေးလာ၏။

တစ်ဦးချင်း တစ်ယောက်ချင်းမဟုတ်တော့ဘဲ ကြုံသလိုဝင်တိုက်နေရသည့်အခြေအနေသို့ရောက်ရှိလာသည်။ ဝေါ်ဇွတ်စွေ၏သိုင်းသမားများသည် သိုင်းပညာအဆင့်နိမ့်သူများမဟုတ်ကြသဖြင့်



မုံ့လူတို့လူစုမှာ ခက်ခက်ခဲခဲ ပင် ရင်ဆိုင်တိုက်ခိုက်နေကြရလေသည်။

အချိန်အနည်းငယ်အကြာတွင် ....

မိမိတို့ဘက်မှလူတစ်ယောက်၏အော်သံကို ကြားလိုက်ရ၍ မုံ့လူတစ်ချက်လှမ်းကြည့်မိရာ ယင်းဆိုင်မှာသွေးအိုင်ထဲလဲကျနေသည်ကို တွေ့လိုက်ရသည်။

ဝမ်းပေါ်ဆိုးသည် ထိုအခြင်းအရာကိုမြင်လိုက်ရသည့်အခါ ဒေါသကိုမထိန်းနိုင်တော့ဘဲ လှံတံကိုတရကြမ်းဝှေ့ယမ်း၍ အားကုန်တိုက်ခိုက်လေတော့သည်။ ခြံဝင်းတစ်ခုလုံး ဆူညံပွက်လောရိုက်သွားတော့သည်။

"ယား...."

"ရွှမ်း ...."

"ခွမ်း .... ခွမ်း"

"အား .... အား"

ထိုစဉ်မှာပင် စူးစူးဝါးဝါးအော်လိုက်သော ဝေါ်ဇွတ်ကျန်၏အသံနက်ကြီးကိုကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ဝေါ်ဇွတ်ကျန်မှာ သွေးအိုင်ထဲလဲကျနေသည်ကိုတွေ့လိုက်ရလေသည်။

ထိုအချိန်တွင် ခွန်ဝါးစံနှင့်တိုက်ခိုက်နေသောလီရှောင်လုံမှာ အခြေအနေဆိုးနေ၏။

ထို့ကြောင့် .... ဆောင်းလောင်သည် လီရှောင်လုံအား သွားရောက်ကူညီသည်။ ဆောင်းလောင်၏လက်ချက်ဖြင့် ခွန်ဝါးစံ လဲကျသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲအခြေအနေမှာ ရှုပ်ထွေးပြင်းထန်နေဆဲဖြစ်သည်။ မှံလူသည် ဝဲဘက်လက်မောင်းဒဏ်ရာမှ သွေးများစီးကျလာသည့်အပြင် ယခု ညာဘက်တံတောင်ဆစ်ကိုပါ ငေါ်စွတ်စွေ၏ဓားဖျားက ခတ်မိသွားသဖြင့် အခြေအနေဆိုးရွားသွားသည်။

ထို့ကြောင့် .... သူသည် အမြင့်ဆုံးသိုင်းကွက်ကိုသုံးပြီး ငေါ်စွတ်စွေအား ကျာပွတ်နှင့်ရိုက်ချလိုက်ရတော့၏။ ငေါ်စွတ်စွေမှာ မဟန်နိုင်ဘဲ လဲကျသွားတော့သည်။

မှံလူသည် ရလာသည့်အခွင့်အရေးကိုလက်လွှတ်မခံချေ။ သူ၏ကျာပွတ်အား ဓားကဲ့သို့ဆန့်ထုတ်ကာ ငေါ်စွတ်စွေအား ထိုးစိုက်ရန် ချိန်ရွယ်လိုက်၏။

ထိုစဉ်မှာပင် မမျှော်လင့်သောအဖြစ်အပျက်တစ်ခုသည် မယုံကြည်နိုင်ဖွယ်ရာကောင်းလောက်အောင် ရုတ်တရက် ပေါ်ပေါက်လာလေတော့၏။

ကျင်းလျှံသည် ငေါ်စွတ်စွေ၏ရှေ့တည့်တည့်မှဝင်ရပ်ပြီး သူမ၏လက်ကို လျှပ်တစ်ပြက်လှုပ်ယမ်းလိုက်ခြင်းပင်ဖြစ်ပေသည်။ ဓားပါးလေးတစ်လက်သည် မှံလူ၏ရင်အုံဆီသို့ အရှိန်ပြင်းစွာပစ်လွှင့်ဝင်ရောက်သွားတော့သည်။

"ဂွစ် ....."

"ဒုတ် ...."

ဓားပါးလေးတစ်လက်သည် မှံလူ၏ရင်ဝသို့ စိုက်ဝင်သွား၏။ သွေးများသည် ရင်ဝတစ်ခုလုံး ချမ်းချင်းနီရဲသွားတော့၏။



မှံလူသည် ကျင်းလျှံအား မယုံကြည်နိုင်စွာစိုက်ကြည့်နေစဉ် မျက်လုံးများ တဖြည်းဖြည်းပြာဝေလာတော့သည်။

သူ နောက်ဆုံးသိလိုက်ရသည် မှာ ....

မြင်းတစ်ကောင်သည် အရှိန်ပြင်းစွာဝင်ရောက်လာသည်။ ထိုမြင်းပေါ်တွင် ဝတ်စုံဖြူဝတ်ပြီးမျက်နှာဖုံးတပ်ထားသူတစ်ယောက် လိုက်ပါလာ၏။

မှံလူ သတိမေ့လုဆဲဆဲအချိန်တွင် ငေါ်စွတ်စွေက လက်ကိုမြှောက်ပြီး မှံလူအား ဓားဖြင့်ပိုင်းချရန်ရွယ်လိုက်၏။

ထိုစဉ်မှာပင် .... မျက်နှာဖုံးနှင့်လူက သူတို့အနားသို့ ရောက်ရှိလာပြီး လက်တိုတစ်ချက်လှုပ်ယမ်းလိုက်ရာ ကျင်းလျှံနှင့်ငေါ်စွတ်စွေ၏နဖူးတည့်တည့်တွင် ချွန်ထက်သောအပ်ကြီးတစ်ချောင်းစီ စိုက်ဝင်သွားသည်ကို မှံလူနောက်ဆုံးမြင်လိုက်ရသည်။

ထို့နောက်တွင်ကား မှံလူဘာမျှမသိရှိတော့ပါ။

သူ့အာရုံတစ်ခုလုံး အမှောင်ထုကြီးဖုံးလွှမ်းသွားလေသည်။

— ✵

www.burmeseclassic.com

www.burmeseclassic.com



မုံလှ ....

သူသည် မျက်လုံးကိုတဖြည်းဖြည်းဖွင့်ကြည့်လိုက်မိသည်။ သို့သော် ဘာကိုမျှ သဲသဲကွဲကွဲမမြင်ရသေးမီမှာပင် မျက်လုံးများသည် လေးလံလာပြီး ပြန်လည်မှိတ်သွားပြန်လေသည်။

သူသည် သတိမရတစ်ချက်ရတစ်ချက်ဖြစ်နေသည်။

သူ၏ဘယ်ဘက်လက်ကော ညာဘက်လက်ပါ နာကျင်နေသည်ကိုသိ၏။ အသက်ရှူလိုက်သောအခါတွင်လည်း ရင်ဘတ်အောင့်သောဝေဒနာကိုခံစားနေရမှန်းလည်း သိရှိသည်။

ဤသို့ဘာ့ကြောင့်ဖြစ်ရသည်ကို သူသည် မျက်လုံးစုံမှိတ်၍ ပြန်လည်စဉ်းစားနေမိသည်။ ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များက မျက်လုံးထဲ ထရေးရေးပြန်ပေါ်လာသည်။

သူသည် ကျာပွတ်ကို ခါးသဏ္ဍာန်မာကျောအောင်ပြုလုပ်ပြီး ဝေါ်စွတ်စွေ၏ရင်ဝကိုထိုးမည်အပြုတွင် သူလွန်စွာချစ်ခင်မြတ်နိုးလှသည့်ကျင်းလျှံက ဝေါ်စွတ်စွေရှေ့မှကာကွယ်လျက် သူ့အား လျှို့ဖွက်ဓားနှင့်ရက်ရက်စက်စက်ပစ်ပေါက်လိုက်သည်။

လုံးဝမျှော်လင့်မထားသည့်ဖြစ်ရပ်မို့ သူသည် အံ့အားသင့်ကာ ပါးစပ်အဟောင်းသားဖြစ်သွားရတော့သည်။

ကျင်းလျှံ အမှန်တကယ်ချစ်သူမှာ မည်သူနည်း။

ယခုမှပင် ကျင်းလျှံ၏သဘောထားကို ကွဲကွဲပြားပြား သိရှိသွားရတော့သည်။

သို့သော် ကျင်းလျှံကို သူအပြစ်မတင်ရက်ပါ။



သူမအနေဖြင့် သူမ ချစ်ခင်မြတ်နိုးသူဘက်မှသာ ကာကွယ်ရပ်တည်မည်မဟုတ်ပါလော။

ယင်းအတွက် သူမတွင် အပြစ်မရှိပါ။

မုံလှသည် ထိုသို့တွေးနေရာမှ တိတ်လန့်တုန်လှုပ်သွားပြီး မျက်လုံးဖွင့်ကြည့်လိုက်မိသည်။ သို့သော် မျက်ခွံက လေးနေသဖြင့် မျက်လုံးကို အသာပြန်မှိတ်ထားလိုက်ရသည်။ စိတ်ထဲကမူ တွေးမြဲတွေးနေဆဲပင်ဖြစ်လေသည်။

ကျင်းလျှံသည် သူမချစ်ခင်မြတ်နိုးသူဘက်မှသာ ရပ်တည်ပေလိမ့်မည်။ လိုအပ်ပါက အသက်စွန့်ရန်ပင် ဝန်လေးလိမ့်မည်မဟုတ်ချေ။ သို့ဆိုလျှင် ....

မိမိအား အသက်စွန့်၍ကာကွယ်ပေးနေသူမှာ မည်သူဖြစ်နိုင်ပါသနည်း။ မုံလှသည် သတိမရတစ်ချက် ရတစ်ချက်ကြားမှပင် အိတ်ထဲသို့ လက်နှိုက်စမ်းသပ်လိုက်သည်။ ပုလဲလေးလုံးကို စမ်းမိလိုက်သည်။

"အင်း. ငါ့ကိုအသက်ပေးပြီးကူညီနေတဲ့သူဟာ ဆောင်းယုံပဲဖြစ်မယ်၊ ငါ့မျက်စိက အင်္ဂတော့ကိုမွဲလှချည်လား၊ မေတ္တာစစ် မေတ္တာမှန်ကိုတောင် မရှာတတ်ဘူးဆိုတော့ ငါ့လောက်ညံ့တဲ့လူရှိနိုင်ပါတော့မလား"

မုံလှသည် ထိုသို့တွေးမိရာမှ မျက်လုံးကိုဖွင့်ကြည့်မိလိုက်ပြန်သည်။ မြင်မြင်သမျှအရာအားလုံး သူ့အတွက် စိမ်းမနေပါ။

မှန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခန်း ဤခုတင်ပေါ်တွင် သူအိပ်ဖူးသည်။

ဤအိမ်သည် ကျင်းဘွားဘွား၏အိမ်ဖြစ်လိမ့်မည်။ သူသည် သတိကောင်းစွာရရှိလာပြီဖြစ်၍ ဝမ်းသာအားရဖြင့်ခုတင်ပေါ်ထထိုင်လိုက်သည်။ ထို့နောက် ရွှင်လန်းတက်ကြွစွာဖြင့် အိမ်ရှေ့သို့ထွက်ခဲ့လေသည်။ အိမ်ရှေ့တွင် ဆောင်းလောင်နှင့်ဝမ်းပဲ့ဆိုးတို့ထိုင်နေသည်ကိုတွေ့ရသည်။ ဝမ်းပဲ့ဆိုးက မုံ့လှထွက်လာသည်ကိုမြင်သည့်အခါ ....

"အော် .... မင်းသတိရလာပြီကိုး"

ဟုပြောလိုက်သည်။ မုံ့လှ ခေါင်းညိတ်ပြသည်။

"အင်း .... သတိရပါပြီဗျာ၊ ဒါနဲ့အခြေအနေကကော"

"အားလုံးကောင်းတယ်မုံ့လှ၊ တာ့စန်းအိုကိုဏ်းရဲ့ဆိုင်းဘုတ်ဆိုတာ ဒီနေ့ကစပြီး မရှိတော့ဘူး၊ လီရှောင်လုံတို့တွေလည်း အေးအေးဆေးဆေး ကိုယ့်အိမ်ကိုယ် ပြန်နေကြပြီလေ"

ဆောင်းလောင်က ထိုသို့ဝင်ပြောပြီး ခပ်တည်တည်နှင့်တစ်ဖက်သို့လှည့်နေလိုက်သည်။ မုံ့လှမှာ နေမထိထိုင်မသာဖြစ်ကာ ....

"ဆောင်းလောင် .... မင်းတို့မျက်နှာလဲမကောင်းပါလား၊ ဘာဖြစ်နေကြတာလဲ၊ ဆောင်းယုံတစ်ယောက်ကော"

ဆောင်းလောင်က သူ့အားမျက်လုံးပြူး၍ကြည့်လိုက်ပြီး

"မင်း ဘာ့ကြောင့်မေးတာလဲ"

မုံ့လှမှာ ဆောင်းလောင်၏ဒေါသထွက်နေသောမျက်နှာကိုကြည့်ရင်း ဘာဖြေရမှန်းမသိအောင်ဖြစ်သွားလေသည်။ ထို့ကြောင့် လေသံပျော့ကလေးနှင့် ....



"သူက ငါ့အသက်သခင်ပါကွာ၊ သူ့ကျေးဇူးကို ငါဘယ်လို မေ့နိုင်ပါ့မလဲ"

ဆောင်းလောင်က သူ့အားမော့ကြည့်ပြီးခေါင်းခါလိုက်သည်။

"ဒါပေမယ့် မင်းနောက်ကျသွားပါပြီကွာ"

"ဗျာ"

မုံ့လှ မျက်လုံးပြူးသွားသည်။

"မင်း .... မင်း .... ဘာဆိုလိုတာလဲ"

ဆောင်းလောင်က မျက်နှာမသာမယာဖြင့် ....

"ဟောဟိုရှေ့ကို ဆက်လျှောက်သွား၊ ဘာ့ကြောင့်လဲဆိုတာ သိလိမ့်မယ်"

မုံ့လှသည် ဘာမှထပ်မမေးတော့ဘဲ ဆောင်းလောင်ညွှန်ပြရာဘက်သို့ ကမန်းကတမ်းထွက်လာခဲ့၏။ တစ်နေရာအရောက်တွင် သူ၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားရတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com



မြေပုံ ....

မကြာခင်ကမှ မြှုပ်နှံထားသောမြေပုံတစ်ခုပင်ဖြစ်သည်။

ထိုမြေပုံကြောင့် ....

ဆောင်းလောင်နှင့်ဝမ်းပဲ့ဆိုးတို့ မျက်နှာမသာမယာဖြစ်နေခြင်းဖြစ်ကြောင်း မှုံလှရိပ်စားမိလာသည်။

မှုံလှသည် ဟန်ပင်မဆောင်နိုင်တော့ဘဲ ထိုမြေပုံပေါ် မျက်နှာအပ်လိုက်၏။

မျက်ဝန်းအိမ်မှ မျက်ရည်များစီးကျလာသည်။

နှုတ်မှလည်း ဝမ်းနည်းကြေကွဲစွာပြောမိလေသည်။

"ငါ့ကိုခွင့်လွှတ်ပါဆောင်းယုံရယ်၊ ငါဟာ စစ်မှန်တဲ့မေတ္တာနဲ့ မထိုက်တန်တဲ့လူပါ၊ တကယ်တော့ မင်းရဲ့လေးနက်ခိုင်မြဲတဲ့မေတ္တာကို စောစောကတည်းက ငါသိခဲ့ဖို့ကောင်းပါတယ်ကွယ်"

မှုံလှသည် ဝမ်းနည်းပက်လက်ငိုကြွေးရင်း အိတ်ထဲမှပုလဲလုံးလေးကိုထုတ်ယူလိုက်သည်။

ထို့နောက် ....

ပုလဲလုံးလေးကိုမြေပုံပေါ် ၌စီတန်းထားလိုက်ပြီး ....

"မင်းရဲ့စကားကို ငါအခုမှပဲသိရတော့တယ်၊ ဒီပုလဲလုံးလေးတွေကို ချစ်တဲ့သူကိုမှပေးမယ်ဆိုတာလေ၊ အခု မင်းငါ့ကိုလေးလုံးပဲ ပေးသွားနိုင်ခဲ့တယ်၊ နောက်တစ်လုံးကို ဘာဖြစ်လို့ဆက်မပေးရတာလဲ ဆောင်းယုံရယ်"

သူသည် ထိုသို့ပြောဆိုငိုကြွေးရင်း ....



ပုလဲလုံးလေးများကို စိုက်ကြည့်နေမိလေသည်။

ထိုစဉ်မှာပင် ....

သူစီတန်းထားသော ပုလဲလေးလုံးဘေးတွင် ရုတ်တရက် နောက်ထပ်ပုလဲတစ်လုံးကျလာလေသည်။

တစ်ဆက်တည်းမှာပင် နောက်ဘက်ဆီမှအသံတစ်သံကိုပါ ကြားလိုက်ရလေသည်။

"ငါးလုံးပြည့်အောင်ပေးမှာပါအစ်ကိုရယ်"

ထိုစကားသံကြောင့် မှုံလှ၏မျက်လုံးအစုံသည် ဗိုင်းစက်ပြူး ကျယ်သွား၏။

ကမန်းကတန်းပင် လှည့်ကြည့်လိုက်မိသည်။

ဝတ်စုံပြုဝတ်ဆင်ထားပြီး ....

မျက်နှာဖုံးတပ်ထားသော ဆောင်းယုံအား တွေ့လိုက်ရသည့်အခါ သူသည် မယုံကြည်နိုင်ဟန်ဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

သို့သော် .... ချက်ချင်းဆိုသလိုပင် ဆောင်းယုံထံသို့ ဝမ်းသာအားရပြေးသွားပြီး ....

"ဒါ .... ဒါက ...."

မြေပုံကိုလက်ညှိုးထိုးပြ၍ မေးလိုက်သည်။

ဆောင်းယုံက ရယ်မောလိုက်ပြီး ....

"အဲဒါက အစ်ကိုယင်းဆိုင်ရဲ့မြေပုံပါ"

မှုံလှမှာ ရှက်လည်းရှက် ဒေါသလည်းထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မလှိုမ့်တစ်မတ်ပြောဆိုခဲ့ကြသည့် ....

ဆောင်းလောင်နှင့်ဝမ်းပါဆိုးတို့ရှိရာသို့ လှမ်းကြည့်လိုက်မိသည်။ ထိုစဉ်မှာပင် ချုံပုတ်အကွယ်မှ ဝမ်းပါဆိုးနှင့်ဆောင်းလောင်တို့၏ရယ်မောသံများ ကျယ်လောင်စွာထွက်ပေါ်လာလေတော့၏။

ရယ်မောသံနှင့်အတူ နှစ်ယောက်သား ချုံပုတ်အကွယ်မှ ထွက်လာကြသည်ကိုတွေ့ရသည်။

မှုလှမှာ ....

စိတ်ဆိုးရအခက် စိတ်မဆိုးရအခက် မျက်လုံးအကြောင်သားနှင့်သာ ငေးကြည့်နေမိလေတော့သတည်း။

ပြီး၏။

www.burmeseclassic.com